# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၄ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၃၀၆)


# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် နိုင်ငံတစ်ဝန်း၌ ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ပြီး ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်

နေပြည်တော် ဩဂုတ် ၃

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ဂေါတမဘုရားလောင်း ပဋိသန္ဓေတည်သောနေ့၊ တောထွက်တော်မူသောနေ့၊ ဓမ္မစကြာတရား စတင်ဟောကြားသောနေ့၊ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ပေါက်သောနေ့၊ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့၊ “ဧဟိဘိက္ခု” ဟူသော စကားကို စတင်ကြားရသောနေ့တို့ဖြင့် ထူးခြားသည့် နေ့တစ်နေ့ဖြစ်သည်။

**ဓမ္မစကြာတရားတော် ဟောကြား**

ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် သတ်မှတ်ရခြင်းမှာ ထိုနေ့တွင် မြတ်စွာဘုရားရှင်က ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသည်ကို အကြောင်းပြု၍ သတ်မှတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ဖူးမြော်ကြည်ညိုလျက်ရှိ**

ယနေ့သည် ဗုဒ္ဓဘာသာ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ဗုဒ္ဓဘုရားရှင်၏ တရားဦးဓမ္မစကြာ ဟောကြားသည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း၌ အများပြည်သူတို့သည် ရပ်ကွက်၊ လမ်းများ၌ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ကြခြင်း၊ အလှူဒါနပြုခြင်း၊ မိမိတို့၏ ရပ်ရွာဘုန်းတော်ကြီးကျောင်းများ၌ တရားဘာဝနာပွဲများ ကျင့်ကြံအားထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဖွင့်လှစ်ခွင့်ပြုထားသည့် ဘုရား၊ စေတီ၊ ပုထိုးအချို့တွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑



နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ သတင်းစဉ်

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၀၂၀ ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၃

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သား ၁၀၂၀ သည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ် (၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက် အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊

စာမျက်နှာ ၁၇ ကော်လံ ၁ ✻


**အခြားနည်းသုံးခွင့်နှင့် ဆိုင်ခွင့်၊ ပိုင်ခွင့်ဆိုသည်မှာ** စာ ၆

**COVID - 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၃–၈–၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီ စာ ၁၈





**မြန်မာ့အလင်း**

# သတိပြုကြဖို့ ကပ်ရောဂါတစ်ကျော့ပြန်

ဩဂုတ်လ ၂ ရက်နေ့ သတင်းများအရ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ လူအများတွင် ဖြစ်ပွားလျက်ရှိသည်ဟု သိရ၏။ တစ်နေ့တခြား ရောဂါဖြစ်ပွားသူဦးရေက မြင့်တက်လာနေပြီး မည်သို့ကူးစက်ပြန့်ပွားနေသည်ကို ခြေရာခံ၍ မရသေး။ ပြီးခဲ့သော ရက်သတ္တပတ်အတွင်းတွင် ရောဂါဖြစ်ပွားသူ ၂၀၀ ခန့် ရုတ်တရက် ထွက်ပေါ်လာ၏။ ဒါနန်းမြို့က ကမ္ဘာလှည့်ခရီးသွားတို့ အလည်သွားရောက်မှုများသည့် ပင်လယ်ကမ်းခြေမြို့ဖြစ်၏။ ဩဂုတ်လ ၃ ရက်ဆိုလျှင် ဓာတ်ခွဲအတည်ပြုလူနာ ၆၂၀ ထိရှိလာသည်။ ဒါနန်းတွင် ကိုဗစ်ရောဂါကြောင့် သေဆုံးမှု ဇူလိုင်လကုန်အထိ လုံးဝမရှိရာမှ ယခုရက်ပိုင်းတွင် ဩဂုတ်လ ၂ ရက်အထိ သုံးဦးရှိကာ ဩဂုတ်လ ၃ ရက်တွင် ခြောက်ဦးသို့ တိုးလာခဲ့သည်။

မူလက ထိန်းချုပ်နိုင်သော အနေအထားရှိသည့် ဒေသတွင် ယခုလို ဒုတိယလှိုင်းတစ်ကျော့ပြန်လာပြီး ရောဂါပြန့်ပွားကူးစက်လာမှု ရှိနေခြင်းက မြန်မာနိုင်ငံအတွက်လည်း အချက်ပေးခေါင်းလောင်းထိုးလိုက်ခြင်းဟု ယူဆပါသည်။ မြန်မာနိုင်ငံသားတို့ ကိုဗစ်ကပ်ရောဂါကို ပေါ့ပေါ့ဆဆ သဘောမထားရန် သတိပေးနေခြင်းပင်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါ၏ အန္တရာယ်ကို ယနေ့အချိန်ထိ မည်သူမျှ တိတိကျကျ မှန်းဆတွက်ချက်နိုင်ခြင်း မရှိသေးချေ။ ကုသဆေး၊ ကာကွယ်ဆေးတို့ မပေါ်သေး။ နိုင်ငံတကာက နိုင်ငံကြီးများ၊ ဆေးပညာဆိုင်ရာ သုတေသနဌာနကြီးများအသီးသီး အနီးဗိုင်းရပ်စ်ပိုးကာကွယ်ဆေးကို ရှာဖွေစမ်းသပ်နေကြဆဲဖြစ်၏။ စိတ်ချရသည့်ဆေးဟူ၍ ယနေ့အထိ မဖော်စပ် မထုတ်လုပ်နိုင်သေး။

ဗိုင်းရပ်စ်ပိုး ပြန့်ပွားကူးစက်မှုကို တားဆီးထိန်းချုပ်နိုင်ရေးကိုသာ မိမိတို့နိုင်ငံ၏ အခြေအနေပေါ်မူတည်၍ သင့်သလို ကြိုးစားကာကွယ်နေရဆဲဖြစ်၏။

ထို့ပြင် လူတစ်ဦးတစ်ယောက်ထံတွင် ပိုးရှိနေလား၊ မရှိဘူးလား ဆိုသည်ကလည်း သာမန်အပေါ်ယံအမြင်ဖြင့် မသိနိုင်။ လူတိုင်းတွင် ရောဂါပိုးရှိနေနိုင်သည်ဟူ၍ မှတ်ယူကာ သတိဖြင့်နေကြခြင်းသည်သာ ဗိုင်းရပ်စ်ပိုး ကာကွယ်ထိန်းချုပ်ရေးဗျူဟာ ဖြစ်နေသည်။

မြန်မာနိုင်ငံအတွက်မူ ကုသရေးထက် ကာကွယ်ရေးက ပိုမိုအရေးကြီးမည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ အထွေထွေအခြေအနေက၊ ရောဂါဖြစ်ပွားပြီဆိုလျှင် ကုသနိုင်သည့် စရိတ်စကမှအစ ကျန် ဆရာဝန်၊ ဝန်ထမ်း၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ၊ အကူကိရိယာ စသည့်အထွေထွေသော အထောက်အပံ့အင်အားတို့က အားနည်းချို့တဲ့လှ၏။

ထို့ကြောင့်ပင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ လူထု၏ စည်းကမ်းလိုက်နာမှုတို့က ကာကွယ်ရေးအတွက် အရေးပါ၏။ စည်းကမ်းမရှိခြင်းသည် ဗိုင်းရပ်စ်ရောဂါပိုးကဲ့သို့ပင် စိုးရိမ်စရာ၊ ပူပန်စရာ ဖြစ်၏။

ထိန်းသိမ်းရခက်ခဲနေသည့် နိုင်ငံကြီးများရှိ အချို့သောသူတို့သည် ကိုယ့်အသက်နှင့်ကိုယ် ဘယ်သူမှဂရုမစိုက်၊ ကိုဗစ်မဖြစ်လည်း လူဆိုသည်မှာ သေမျိုးသာဟူသည့် အယူအဆကို လှုံ့ဆော်ခြင်းဖြင့် ရောဂါပြန့်ပွားမှု ဆိုးရွားသွားခဲ့လေ၏။ ထိန်းချုပ်ရန်လွန်စွာခက်ခဲကာ ကိန်းဂဏန်းများ အလွန်မြင့်မားလာလေသည်။ ထိုသတင်းများကြောင့် တစ်ကမ္ဘာလုံး အထိတ်တလန့် ဖြစ်ကြရလေသည်။

လူတစ်ဦး၏အသက်သည် တန်ဖိုးရှိ၏။ လူတစ်ဦး သက်တမ်းစေ့ အသက်ရှင်နေထိုင်နိုင်ရေးကို လူမှုအဖွဲ့အစည်းက အလေးထား၏။ ယခု ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုသည် လူတစ်ဦးချင်း၏ အသက်ရှင်သန်နိုင်ရေးသာမက မိမိတို့လူမှုအဖွဲ့အစည်းတစ်ခုလုံး၏ အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်လာသည့် ပြဿနာကြီးဖြစ်နေပေသည်။

အခြားတစ်ဖက်တွင် လူတို့ တစ်ချိန်လုံး အိမ်တွင်းပုန်းနေရန်ဆိုသည်ကလည်း ခက်ခဲသည်မှာ အမှန်။ စီးပွားရေးအရ၊ စားဝတ်နေရေးအရ၊ လူမှုရေးအရ၊ လှုပ်ရှားသွားလာမှုအရ ဆိုသည်တို့က ရှိနေမည်သာ။ ပညာရေး၊ အရေးပေါ်ကျန်းမာရေးကိစ္စ၊ အရေးပေါ်လူမှုရေးကိစ္စ စသည့် လောကီလူမှု ဝတ္တရား စသည့်ရှောင်လွှဲ၍မရနိုင်သည်တို့ကလည်း ရှိမည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလ၊ မဲပေးရေးကာလတို့ကိုလည်း ဖြတ်သန်းရမည်ဖြစ်ရာ နိုင်ငံသားတို့အတွက် ပိုမိုသတိပြုရမည်တို့က ရှိနေမည်။

လက်ငင်းအားဖြင့် အထိရောက်ဆုံးကာကွယ်နည်းမှာ လူတစ်ဦးချင်းက ရောဂါကာကွယ်ရေးစည်းကမ်းတို့ကို လိုက်နာကျင့်ကြံခြင်းပင် ဖြစ်ပေသည်။

အတတ်နိုင်ဆုံး လူစုလူဝေးမပြုလုပ်ခြင်း၊ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့မှု အနည်းဆုံးဖြစ်အောင်နေခြင်း၊ အနည်းဆုံး ခြောက်ပေအကွာမှ ပြောဆို ဆက်ဆံနေထိုင်ကြခြင်း၊ အပြင်ထွက်ရသည်ဆိုလျှင် မျက်နှာဖုံး နှာခေါင်းစည်းကို မမေ့မလျော့ ဝတ်ဆင်ကြခြင်း၊ ရေနှင့်ဆပ်ပြာသုံး၍ စက္ကန့် နှစ်ဆယ်ကြာ စနစ်တကျဖြင့် လက်ကို မကြာခဏဆေးခြင်း စသည်တို့ကို အလေးအနက်ထား လိုက်နာကျင့်ဆောင်ကြခြင်းဖြင့် မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိတို့ လူမှုဝန်းကျင်နှင့် နိုင်ငံအတွက် ကပ်ရောဂါ၏ အန္တရာယ်မှ ကင်းဝေးရာရောက်မည် ဖြစ်ပါသတည်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်

| | | |
|---|---|---|
| Bank Name | – | Myanmar Economic Bank(H.O),Forex Operation |
| Account No. | – | CF 004880(MMK) |
| | – | EDN 600010(US$) |
| Swift Code | – | MYEBMMMY |
| Account Name | – | National Level Central Committee for Prevention Containment and Treatment of Covid 19 |
| Bank Address | – | Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar |

(ခ) ကမ္ဘောဇဘဏ်

| | | |
|---|---|---|
| Bank Name | – | KBZ Bank Ltd. |
| Account No. | – | 034 103 034 0232 8301 (MMK) |
| | – | 034 109 034 0232 8301 (US$) |
| Swift Code | – | KBZBMMMY |
| Account Name | – | Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus) |
| Bank Address | – | No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar |
| Branch Address | – | No.1, Bank Ward, Oakataya Thiri Township, Naypyitaw |

(ဂ) ရန္တာဝတီဘဏ်

| | | |
|---|---|---|
| Account No. | – | 000 110 501 002 5635 (MMK) |
| | – | 000 110 503 000 0425 (US$) |
| Swift Code | – | AYABMMMY |
| Account Name | – | CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE |
| Bank Address | – | No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar |
| Branch Address | – | No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw |

(ဃ) CB ဘဏ်

| | | |
|---|---|---|
| Account No. | – | 0093 1005 0000 1333 (MMK) |
| | – | 0093 1012 0000 2957 (US$) |
| Swift Code | – | CPOBMMMY |
| Account Name | – | CORONAVIRUS DISEASE 2019 (COVID-19) DONATION |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "ရာပြည့်တက္ကသိုလ်မြကျွန်းညို" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက်ပြုပြင်ပြောင်းလဲခဲ့မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန်ထင်ရှားသည့် လူပုဂ္ဂိုလ်များ၊ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အဦများ၊ ရန်ကုန်တက္ကသိုလ် နှစ်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များ စသည့်ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ) အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။

(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်စေရ။

(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ x ၁၅ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငါးသိန်းကျပ်၊ ဒုတိယဆု သုံးသိန်းငါးသောင်းကျပ်၊ တတိယဆု နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၊ ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ ရှေ့ဖုံးမှ

### တရားဘာဝနာပွားများ

ယနေ့နံနက်ပိုင်းမှစတင်ပြီး နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ လက်လုပ်တောင် ရွှေနန်းသွင်း စေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်၊ ပျဉ်းမနား ဘုရား ကိုးဆူစေတီတော်၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် ဘုရားဖူးများ လာရောက်ပြီး ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

### ခရီးသွားကားများဖြင့် စည်ကား

ဝါဆိုလပြည့်နေ့နှင့် အများပြည်သူရုံးပိတ်ရက်များ တစ်ဆက်တစ်စပ်တည်း လေးရက်တာ နားရက်ရရှိသည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများသို့ လှည့်လည်ဖူးမြော် ကြည်ညိုလျက်ရှိရာ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင်လည်း ခရီးသွားကားများဖြင့် စည်ကားများပြားလျက်ရှိသည်။

### သွားရောက်အပန်းဖြေအနားယူ

အလားတူ ယနေ့တွင် ရန်ကုန်၊ မန္တလေးမြို့တို့အပါအဝင် နိုင်ငံတစ်ဝန်းရှိ အများပြည်သူတို့သည် ရပ်ကွက်၊ လမ်းများ၌ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ မိမိတို့၏ ရပ်ရွာဘုန်းတော်ကြီးကျောင်းများ၌ တရားဘာဝနာပွားများ ကျင့်ကြံအားထုတ်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြပြီး ပန်းခြံများ၊ ဥယျာဉ်များသို့လည်း သွားရောက်အပန်းဖြေအနားယူကြကြောင်း သိရှိရသည်။

**သတင်းစဉ်**



ကော့သောင်းခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃ ရက်က ကော့သောင်းမြို့ ပြည်တော်အေးသာသနာ့ဗိမ္မာန်တော်၌ ကျင်းပရာ ဆရာတော် သံဃာတော်များထံမှ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် ဌာနဆိုင်ရာများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ ကျော်စိုး (ကော့သောင်း)



ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ခရီးသွားကားများကို တွေ့ရစဉ်။ သတင်းစဉ်

# အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်းအဆင့်မြင့် ကင်းထောက်ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကိုယ်စားလှယ်များ Video Conferencing ဖြင့် ပါဝင်ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၃**

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်း အဆင့်မြင့် ကင်းထောက်ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲ (ASEAN Scout Association For Regional Cooperation – ASARC) ကို ဩဂုတ် ၂ ရက်က စင်ကာပူနိုင်ငံစံတော်ချိန် နံနက် ၁၀ နာရီက ကျင်းပရာ (၁၃) ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်းအဆင့်မြင့် ကင်းထောက်ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲ အလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံ ကင်းထောက်ချုပ် Mr . Antong Rahmat က အမှာစကားပြောကြားပြီး တက်ရောက်ကြသည့် ကိုယ်စားလှယ်များက ကိုဗစ်-၁၉ ကာလအတွင်း အာဆီယံနိုင်ငံများမှ ကင်းထောက်အဖွဲ့ချုပ်များ၏ ဖြစ်ပေါ်တိုးတက်နေသော အခြေအနေများ၊ ကင်းထောက်လှုပ်ရှားမှု အခြေအနေများကို ဆွေးနွေးကြသည်။

ထို့ပြင် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် မဝင်ရောက်နိုင်သေးသည့် အာဆီယံဒေသအတွင်း ပါဝင်သော လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် ကင်းထောက်လှုပ်ရှားမှုများ စတင်လာနိုင်စေရန် အာဆီယံဒေသအတွင်း ကင်းထောက်အဖွဲ့ချုပ်များက ဝိုင်းဝန်းတိုက်တွန်းကူညီရေး၊ ASARC အဖွဲ့ဝင်နိုင်ငံများနှင့်ဆိုင်သော ငွေစာရင်းတစ်ခုကို ဒေသအတွင်းဖွင့်လှစ်ထားရှိနိုင်ရေး၊ ASARC ဥက္ကဋ္ဌ၏ ဆုချီးမြှင့်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများမှ ကင်းထောက်များ ရွေးချယ်တင်ပြနိုင်ရေး၊ ထိုင်းနိုင်ငံတွင် ယခုနှစ်အတွင်း ပြုလုပ်ရန် လျာထားသည့် ASEAN Jamboree နှင့် Youth Forum ကျင်းပနိုင်ခြင်း ရှိ၊ မရှိ အခြေအနေ သုံးသပ်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်ကိုယ်စားလှယ်များ ကိုဗစ်-၁၉ ကာလအတွင်း ကင်းထောက်လှုပ်ရှားမှုများ စဉ်ဆက်မပြတ် လှုပ်ရှားဆောင်ရွက်မှု၊ နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များနှင့်အညီ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ၊ ထောက်ပံ့လှူဒါန်းခြင်းများကို ဒေသခံအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းကူညီဆောင်ရွက်ခဲ့မှုများကို တင်ပြဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ နိုင်ငံတကာဆိုင်ရာ၊ အစီအစဉ်ဆိုင်ရာ၊ သင်တန်းဆိုင်ရာ ကင်းထောက်မှူးချုပ်များ၊ ညှိနှိုင်းရေးမှူးများက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ ဝိုင်အမ်စီအေရုံးချုပ် အစည်းအဝေးခန်းမတွင် Video Conferencing ဖြင့် ပါဝင်ဆွေးနွေးကြသည်။




အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒေသအတွင်းအဆင့်မြင့်ကင်းထောက်ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကိုယ်စားလှယ်များက Video Conferencing ဖြင့် ပါဝင်ဆွေးနွေးကြစဉ်။

**မြန်မာ့အလင်း**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အမှတ်(၅)အထည်စက်ရုံနှင့် အမှတ်(၂)စက်မှုသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ အမှတ်(၅) အထည်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်စွက်ရှင်းလင်း**

ကြည့်ရှုစစ်ဆေးစဉ် အမှတ်(၅)အထည်စက်ရုံ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ကုန်ထုတ်လုပ်မှုအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများနှင့် ဝန်ထမ်းအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သမားရိုးကျချည်များထုတ်လုပ်နေရာမှ ဆန်းသစ်တီထွင်၍ ဈေးကွက်ဝင် ချည်အမျိုးမျိုးကို ဖန်တီးထုတ်လုပ်ပြီး သွင်းကုန်အစားထိုးစနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်ရန်၊ ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် ကုန်ထုတ်လုပ်မှု နည်းစဉ်တစ်လျှောက်အား တာဝန်ရှိသူအဆင့်ဆင့်က တိတိကျကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်၊ ဈေးကွက်သုတေသန လုပ်ငန်းများကို ဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးအတွက် အလေအလွင့်မရှိအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စက်အားလုံးပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို အစဉ်အမြဲ ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို စိတ်ဝင်တစားဖြင့် မှန်မှန်နှင့် မြန်မြန် ဆောင်ရွက်ရန်၊ စက်ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်း၍ (PPP)ဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် စီမံချက်များရေးဆွဲ၍ ဇာတ်တိုက်လေ့ကျင့်ရန်နှင့် မီးငြိမ်းသတ်ရေး အထောက်အကူပစ္စည်းများအား အဆင်သင့်ပြင်ဆင်ထားရှိရန်၊ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာပြုမူနေထိုင်ကြရန် မှာကြားပြီး စက်ရုံအတွင်းချည်မျှင်များထုတ်လုပ်နေမှု အဆင့်ဆင့်၊ ကျောင်းစိမ်းလုံချည်နှင့် ခြင်ထောင်ဇာများ ရက်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ အမှတ်(၅)အထည်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ကြည့်ရှုစစ်ဆေးစဉ် အမှတ်(၂)စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာ ကိစ္စရပ်များ၊ ကာလတိုသင်တန်းများ၊ စက်မှုနှင့် အသက်မွေးပညာရှေ့လျားသင်တန်းများဖွင့်လှစ်ခဲ့မှုအခြေအနေနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သင်တန်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊ သင်တန်းသားများအား အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် ယခုထက် ပိုမိုလက်ခံသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ သင်ထောက်ကူပစ္စည်းများကိုလည်း ပိုမိုပြည့်စုံအောင် ဖြည့်ဆည်းပေးရန်၊ သင်တန်းသားများ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးရန်၊ လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အသုံးပြုနိုင်သော ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးရန်၊ သင်တန်းသားများအား Certificate ပေးနေရာမှ Diploma လက်မှတ်ပေးနိုင်သည်အထိ စီမံဆောင်ရွက်ရန်၊ ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းနေသော နည်းပညာသစ်များကို လေ့ကျင့်သင်ကြားပေးနိုင်ရန်အတွက် Training of Trainer (TOT) သင်တန်းများဖွင့်လှစ်ရန် လမ်းညွှန်မှာကြားပြီး သင်တန်းသားများ ပြုလုပ်ထားရှိသော ပုံစံငယ်များ ခင်းကျင်းပြသထားသည့်ပြခန်းနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများအား ချေးငွေများ ကွင်းဆင်းထုတ်ချေး

**နေပြည်တော် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အခြေခံသမဝါယမအသင်းသား တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေးအတွက် သွင်းအားစုချေးငွေ၊ လယ်ယာအဆင့်မြှင့်တင်ရေးချေးငွေ၊ ကန်ထရိုက်လယ်ယာစနစ်အတွက်ချေးငွေ၊ Model ချေးငွေများအား ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိရာ ခြောက်လတစ်ကြိမ် နှစ်နှစ်ဆပ်စနစ်ဖြင့် သွင်းအားစုချေးငွေကို အသင်းသား ၂၇၇ ဦး၏ စိုက် ဧက ၅၅၄ ဧကအတွက် ငွေကျပ် ၁၁၀၈ သိန်းအား လည်းကောင်း၊ လယ်ယာအဆင့်မြှင့်တင်ရေး ချေးငွေကို EXIM Bank ချေးငွေဖြင့် အသင်းသား ၃၂၆ ဦး၏ စိုက်ဧက ၆၅၂ ဧကအတွက် လယ်ယာမြေပြုပြင်ဆောင်ရွက်ရန် ငွေကျပ် ၁၃၀၄ သိန်းအား လည်းကောင်း၊ ကန်ထရိုက်လယ်ယာစနစ်အတွက် ချေးငွေကို အသင်းသား ၁၀၆၆ ဦး၏ စိုက်ဧက ၂၁၃၂ ဧကအတွက် ထုတ်ချေးငွေကျပ် ၄၂၆၄ သိန်းကို အသင်းသားများ၏ ယာမြေသီးနှံထွက်ရှိချိန်တွင် သွားရောက်သိမ်းဆည်းသည့်စနစ်ဖြင့် လည်းကောင်း၊ Model ချေးငွေကို အခြေခံသမဝါယမအသင်း သုံးသင်း၏ ရွှေချည်ထိုးလုပ်ငန်း၊ ယွန်းထည်လုပ်ငန်းများအတွက် အဆိုပါအသင်းများမှ အသင်းသား ၂၀၂ ဦးအား ထုတ်ချေး ငွေကျပ် ၁၂၅၇ သိန်းအား လည်းကောင်း ထုတ်ချေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယနေ့ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်


**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

**အမုန်းစကားမပြောရ။**

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံတေးသံရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဂီတပညာရှင်များနှင့် တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံ တေးသံရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဂီတပညာရှင်များနှင့် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်ဆွေးနွေး**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တေးသံရှင်များအသင်းမှ မြန်မာပြည်သိန်းတန်၊ ဟေမာနေဝင်းနှင့် ဂီတပညာရှင်များဖြစ်ကြသော ဦးကြည်မင်းသိန်း၊ စန္ဒရား သိန်းမြင့်သန်း၊ မုံရွာ ညိုလေး၊ ဦးဝင်းမော်(ရွှေသံစဉ်)၊ အကော်ဒီယံ အောင်မင်းနိုင်၊ ဦးသစ်လွင် (သရဖီထုတ်လုပ်ရေး) တို့ တက်ရောက်ဆွေးနွေးကြသည်။

**မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များဆွေးနွေး**

တွေ့ဆုံစဉ် ဂီတအဖွဲ့အစည်းဆိုင်ရာများနှင့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ တေးသံရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဂီတပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့ရှိ ရေဝတီမြစ်ရေတက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ပြည်သူများအား အားပေး၊ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၃**

မိုးသည်းထန်စွာရွာသွန်းပြီး ဧရာဝတီမြစ်ရေတက်မှုများကြောင့် ပြည်ခရိုင် ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်အချို့၏ အနိမ့်ပိုင်းတွင်ရှိသော ရပ်ကွက်၊ ကျေးရွာများတွင် ရေဘေးဒဏ်ခံစားရသော ပြည်သူများအား သွားရောက်အားပေးခြင်း၊ စားနပ်ရိက္ခာနှင့် ဆန်ရိက္ခာဖိုးငွေများ၊ ကိုဗစ်-၁၉ ဆိုင်ရာ ပညာပေးခြင်းနှင့် အကာအကွယ်ပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက သွားရောက်၍ အားပေးထောက်ပံ့ကြသည်။

**အားပေးထောက်ပံ့**

ထိုသို့ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်နှင့် ရွှေတောင်မြို့နယ်၊ ပန်းတောင်းမြို့နယ်တို့ရှိ ရပ်ကွက်များတွင် ရေဘေးဒဏ်ခံစားရသော ပြည်သူများကို အားပေးထောက်ပံ့ခြင်းများ ဆောင်ရွက်ကြသည်။

**ဘေးသင့်ပြည်သူများထံ ပေးအပ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်မြို့ရှိ ကိုးနဂင်းဖောင်တော်ဦးဘုရားကြီးတွင် ရေဘေးသင့်သော နဂင်းရပ်ကွက်၊ ဇလုံကျေးရွာအုပ်စုရှိ ပြည်သူများအား တွေ့ဆုံ၍ လူဦးရေ ၂၃၇ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၄၉၇၇၀၀ ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းဖြစ်သော နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ သမိုင်းဝင် ရွှေပြောင်ပြောင်စေတီတော်သို့ သွားရောက်ပြီး ရေဘေးသင့်သော ကြာနီကန်ရပ်ကွက် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ လူဦးရေ ၇၄ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၁၅၅၄၀၀ ထောက်ပံ့ခြင်း၊ ရွှေမျက်မှန်ဘုရားသို့ သွားရောက်ပြီး ရေဘေးသင့်သော ယွန်းတန်းရပ်ကွက်နှင့် သရက်တောရပ်ကွက် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံပြီး လူဦးရေ ၆၈ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၁၄၂၈၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းဖြစ်သော နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပန်းတောင်းမြို့နယ်သို့ ဆက်လက်ထွက်ခွာပြီး ရေဘေးသင့်သော ထုံးဘိုကျေးရွာ ပြည်သူများအား တွေ့ဆုံပြီး လူဦးရေ ၁၈၄ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၃၈၆၄၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းဖြစ်သော နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့ကြသည်။

**ပံ့ပိုးကူညီမှုများ ပေးအပ်**

ထို့အပြင် ရွှေတောင်မြို့နယ် သာစည်ကျွန်းကျေးရွာရှိ ကမ်းပြိုဘေးဒဏ်ခံရသော အိမ်ထောင်စုများကို ဘေးလွတ်ရာသို့ ပြန်လည်နေရာချထားရေးအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ပေးအပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ဖိုက်ဘာစက်လှေတစ်စင်းနှင့် အသက်ကယ်အင်္ကျီ ၁၀ ထည်ကို ထောက်ပံ့ခဲ့သည်။

**တိတိကျကျ လိုက်နာ**

ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဘေးဒဏ်များကို တစ်ကမ္ဘာလုံးက ရင်ဆိုင်နေရပါကြောင်း၊ မိုးခေါင်ရေရှားခြင်းနှင့်အတူ နေရာကွက်၍ မိုးကြီးခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်းစသည့် သဘာဝဘေးဒဏ်များကို ခံစားနေကြရကြောင်း၊ သဘာဝဘေးဒဏ်များအတွက် ကြိုတင်ပြင်ဆင် ကာကွယ်ရေးလုပ်ငန်းများကို အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထိရောက်စွာ အသုံးပြုနိုင်ရန် စနစ်တကျစိစစ်ဆောင်ရွက်နေပါကြောင်း၊ ယခုကြုံတွေ့ရသည့် ရေဘေးသည် အခိုက်အတန့်သာဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေခြင်းကြောင့် ပြည်သူများ အခက်အခဲများ ရင်ဆိုင်နေရသည်ကို နားလည်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ဘေးဒုက္ခအခက်အခဲများကို လတ်တလော ပြေလည်စေရန် လာရောက်ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးအနေဖြင့် စိုးရိမ်ရသည့် အခြေအနေ၌ပင် ရှိသေးကြောင်း၊ မြန်မာနိုင်ငံတွင်လည်း တစ်ဦးချင်းက ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များကို တိတိကျကျ လိုက်နာရန်လိုပါကြောင်း၊ အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ခြင်း၊ လူစုလူဝေးရှောင်ရှားခြင်း၊ လက်ကိုဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ စနစ်တကျဆေးကြောခြင်းတို့ကို တစ်ဦးချင်းက တာဝန်ယူ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မပေါ့ဆကြစေလိုကြောင်း၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ သမိုင်းဝင် ရွှေပြောင်ပြောင်စေတီတော်၌ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ သတင်းစဉ်

# အခြားနည်းသုံးခွင့်နှင့် ဆိုင်ခွင့်၊ ပိုင်ခွင့်ဆိုသည်မှာ

ကိုကိုဦး

**၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ မြေယာလောက၌ ရေပန်းစားလာသောစကားရပ် တစ်ခုမှာ "အခြားနည်းသုံးစွဲခွင့်" ဆိုသည့် စကားရပ်ဖြစ်ပါသည်။ အများပြည်သူအနေဖြင့် အဆိုပါ စကားရပ်အပေါ် နားလည်မှုလွဲမှားစွာဖြင့် ကောက်ချက်ချဆောင်ရွက်မှုများ တွေ့ရှိနေရပြီး ယခုတိုင် ဖြေရှင်း၍ ပြီးဆုံးနိုင်ခြင်းမရှိသေးသော လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ကိစ္စရပ်များ၌လည်း ထဲထဲဝင်ဝင်ပါဝင်နေကြောင်း တွေ့ရှိရသဖြင့် 'အခြားနည်းသုံးစွဲခွင့်'ဆိုသည့် ဝေါဟာရ အနက်အဓိပ္ပာယ်သဘောနှင့် အဆိုပါ အခြားနည်းသုံးစွဲခွင့်ပြုချက် ရရှိထားသည့် မြေအား ဆိုင်ခွင့်၊ ပိုင်ခွင့်ဆိုသည့် အကြောင်းအရာများကို လေ့လာရေးသား တင်ပြရခြင်း ဖြစ်ပါသည်။**

**"ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်းမပြုရဟု လည်းကောင်း ကန့်သတ်ထားပါသည်။ တစ်နည်းအားဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို "အသုံးပြုခွင့် Tiller Right" သာပေးထားခြင်းဖြစ်သည်ကို အထူးသိနားလည်ထားရန် လိုအပ်"**

၂၀၁၂ ခုနှစ်မတိုင်မီက ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ (လန-၃၉)အရ အခြားနည်းအသုံးပြုခွင့် ပေးအပ်ခဲ့ကြပါသည်။ အခြားနည်းအသုံးပြုခွင့် သမိုင်းကြောင်းကို လေ့လာမည်ဆိုပါက ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ တွင် **"ဤအက်ဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ၊ နိုင်ငံတော်သမ္မတသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတကခန့်အပ်သော အာဏာပိုင်သည် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်လယ်ယာမြေကိုမဆို မိမိသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင်သည်။"** ဟု ပြဋ္ဌာန်းထားချက်အရ နိုင်ငံတော်က အမိန့်ကြော်ငြာစာနှင့် ပြန်တမ်းများ ထုတ်ပြန်ပြီး ဗဟိုမြေယာကော်မတီ၊ တိုင်းမြေယာကော်မတီ၊ ခရိုင်မြေယာကော်မတီ အဆင့်ဆင့်တို့ကို အခွင့် အာဏာ အပ်နှင်းခဲ့သည်ကိုလည်းကောင်း၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ တက်လာပြီးနောက်ပိုင်း အဆိုပါ အာဏာအပ်နှင်းမှုအတိုင်း ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ဗဟိုအဆင့်မှသာ ဆောင်ရွက်ခဲ့သည့် သဘောကိုသာ တွေ့ရှိရပြီး ၁၉၇၄ ခုနှစ်နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ကာလ ၁၉၇၇ ခုနှစ်တွင် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေပေါ်ပေါက်လာခဲ့ပြီးနောက် ဗဟိုမြေယာကော်မတီ၏ လုပ်ပိုင်ခွင့် အာဏာသည် တိုင်းနှင့်ပြည်နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ထံသို့ ရောက်ရှိသွားသည်ကို လည်းကောင်း။

ထိုသို့ ဆောင်ရွက်ခဲ့စဉ် လယ်ယာမြေများ လျော့ပါးမှု မရှိစေရေးနှင့် နိုင်ငံတော်၏ ဆန်၊ စပါးဖူလုံရေးအတွက် လယ်ယာမြေများနှင့် စားကျက်မြေများတွင် အခြားနည်းအသုံးပြုခွင့်ကိစ္စများ ကန့်သတ်ခြင်းကို ထိုစဉ်က ဝန်ကြီးအဖွဲ့ရုံး၏ ၁၉၈၅ ခုနှစ်၊ ဇူလိုင်လ(၁၅)ရက် နေ့စွဲပါ စာအမှတ်၊ ၁၀/၆၀၁-ဆ/၀ခရ ဖြင့် ထုတ်ပြန်ခဲ့ခြင်းကြောင့် အခြားနည်း အသုံးပြုခွင့်ပေးခြင်းကိစ္စများ ရပ်ဆိုင်းသွားခဲ့သည်ကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်၊ မတ်လ ၃၁ ရက်တွင်မှ ဝန်ကြီးအဖွဲ့ရုံးမှ စာအမှတ်၊ ၁၀/၆၀၁-ဆ/၀ဖရ ဖြင့် အခြားနည်း အသုံးပြုလိုသူများနှင့် လက်ငုတ်များအား အတတ်နိုင်ဆုံး ပြေလည်အောင်ညှိနှိုင်းပြီး အထူးသဖြင့် လက်ငုတ်များက တစ်သက်လုံး မြေလက်လွှတ်သွားမည့်ကိစ္စများတွင် မြေအစား သို့မဟုတ် သင့်လျော်သော နစ်နာကြေး သို့မဟုတ် အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးခြင်း အစရှိသည်တို့ကို ဘက်စုံ စဉ်းစားဝေဖန်သုံးသပ်ပြီးမှ လျှောက်ထားသောလယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းအသုံးပြုရန် ဆင့်ဆိုသတ်မှတ်ပေးရန် ပြန်လည်ညွှန်ကြားခဲ့သည်ကိုလည်းကောင်း လေ့လာတွေ့ရှိရသည်။

## အခြားနည်းသုံးစွဲခွင့် လျှောက်ထားမည်ဆိုလျှင်

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလ အစိုးရအဖွဲ့ရုံး၏ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ(၅)ရက်၊ စာအမှတ်၊ ၂/၀၀၁-က/အဖရ ဖြင့် လန-၃၉ ခွင့်ပြုမိန့်အား ပြည်နယ် / တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အားလုံးသို့ ဆောင်ရွက် ခွင့်ပြုကြောင်း ညွှန်ကြားခဲ့သည်ကို လေ့လာတွေ့ရှိရပါ သည်။ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ အာဏာတည်စဉ်ကာလက အက်ဥပဒေပုဒ်မ ၃၉ အရ ဆင့်ဆိုသော အမိန့်ကို ပုံစံ(၃၃)ဖြင့် လည်းကောင်း၊ ပုံစံ(၅၈)ဖြင့် လည်းကောင်း ချမှတ် ထုတ်ပြန်ပေးခဲ့သည်ကို တွေ့ရှိရသည်။ ပုံစံ(၃၃)ကို လယ်ယာမြေများအတွက် ထုတ်ပေးပြီး ပုံစံ(၅၈)ကိုမူ ထိုစဉ်က လယ်ယာမြေဟူသောစကားရပ်တွင် ပါရှိခဲ့သည့် မြေရိုင်းအတွက် နည်းဥပဒေအပိုဒ် ၁၆၁ အရ ထုတ်ပေးခြင်းဖြစ်ပါသည်။ လူအများအနေဖြင့် အဆိုပါ ပုံစံနှစ်မျိုးကို ခွဲခြားခြင်းသိရှိမှုမရှိ၊ လန-၃၉ ခွင့်ပြုမိန့်အမျိုးအစားတစ်ခုတည်းအဖြစ် သိမှတ်ခဲ့သည်။

ဖော်ပြပါ အနေအထားအရ လန-၃၉ အတွက် အမျိုးအစား နှစ်မျိုးရှိသည်ဟု ခေါ်ဆိုနိုင်သည်။ ပုံစံ(၃၃)ဖြင့် ခွင့်ပြုမှု ရရှိသူအတွက် အခြားသူသို့ ထပ်ဆင့် လွှဲပြောင်းခြင်းဆိုင်ရာ အခွင့်အရေးကိုမူ သီးခြားဖော်ပြထားခြင်း မတွေ့ရှိရပါ။ အဆိုပါပုံစံ(၃၃) ဖြင့် ခွင့်ပြုမည့် လန-၃၉ ခွင့်ပြုမိန့်ရရှိရန်အတွက် နည်းဥပဒေ ၈၄ ၌ **"လယ်ယာမြေကို ဆင့်ဆိုသည့်နည်းလမ်းအတိုင်းအသုံးပြုရန်၊ ရောင်းဝယ်ပြီးမှသော်လည်းကောင်း၊ အခြားနည်းဖြင့် လွှဲပြောင်းပြီးမှသော်လည်းကောင်း၊ ဆောင်ရွက်နိုင်မည်ဖြစ်လျှင် တည်ဆဲအခြား တရားဥပဒေများနှင့်အညီ ထိုလယ်ယာမြေကို ရောင်းဝယ်ခြင်းသော်လည်းကောင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းသော်လည်းကောင်း ပြုလုပ်နိုင်သည်။"** ဟု ပြဋ္ဌာန်းထားရှိပါ၍ အခြားနည်းသုံးစွဲခွင့် လန-၃၉ ခွင့်ပြုမိန့်မလျှောက်ထားမီ အဆိုပါပြဋ္ဌာန်းချက်အား မလွဲမသွေလိုက်နာရန် အဓိကလိုအပ်မည် ဖြစ်ပါသည်။

ပုံစံ(၅၈)ဖြင့် ရရှိထားသော လန-၃၉ ဖြစ်ပါက ယင်းပုံစံ၏ အောက်ခြေတွင်ဖော်ပြထားသော စည်းကမ်းချက်များ၌ နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက ခန့်ထားသည့် အာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း သို့တည်းမဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ခွဲစိတ်ခြင်းမပြုရဟု ဖော်ပြထားပါသည်။ အဆိုပါဖော်ပြချက်မှာ ပုံစံ(၃၃)နှင့် ပုံစံ(၅၈)တို့၏ အဓိက ကွာခြားချက်ဖြစ်ပါသည်။ ပုံစံနှစ်မျိုးလုံး၏ တူညီသော လိုက်နာရမည့် စည်းကမ်းချက်မှာ **"ဖော်ပြသည့် နည်းလမ်းအတိုင်း သို့မဟုတ် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အသုံးပြုရန်"** ဖြစ်ပါသည်။ သို့သော် ထိုစဉ်က ကျင့်သုံးနေသော ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ၃၅ တွင် ဖော်ပြထားသော **"နိုင်ငံတော်သမ္မတသည် မည်သည့်အချိန်အခါတွင်မဆို လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေပါ ပြဋ္ဌာန်းများအရ ချမှတ်ထားသောအမိန့်ကို သို့တည်းမဟုတ် စီရင်ချက်ကို အတည်ပြုနိုင်သည်။ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်။ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။"** ဟူသည့် ပြဋ္ဌာန်းချက်အရ အခြားနည်းသုံးစွဲ ခွင့်ပြုထားသည့် ခွင့်ပြုချက်နည်းလမ်းအား ပြင်ဆင်နိုင်သည့် အနေအထားရှိနေကြောင်း လေ့လာတွေ့ရှိရသည်။

## မြေမျိုးကြီးပြောင်းလဲပေးလိုက်ခြင်းသာဖြစ်

ယခုခေတ်ကာလ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း အခြားနည်းသုံးစွဲခွင့်ကိစ္စကို သာမန်အားဖြင့် စိုက်ပျိုးမြေများနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းများအပြင် အခြားစီးပွားရေးဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ စားသောက်ဆိုင်၊ ဟိုတယ် စသည့် လုပ်ငန်းမျိုးများ ဆောင်ရွက်ရန်အတွက် ခွင့်ပြုချက်ချမှတ်ပေးလျက်ရှိပါသည်။ အဆိုပါခွင့်ပြုမိန့်၏ အဓိပ္ပာယ်မှာ အမိန့်စာတွင် ပါရှိသတ်မှတ်ပေးထားသော လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် မြေအသုံးပြုခွင့်ဟုဆိုရပါမည်။ တစ်နည်းအားဖြင့် အခြားနည်းသုံးစွဲခွင့်ဆိုသည်မှာ မြေမျိုးပြောင်းလဲပေးလိုက်ခြင်းသာ ဖြစ်ပါသည်။

ဤကိစ္စတွင် ယခင် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ အရ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ရရှိသည့် မြေများအတွက် ဘဏ္ဍာတော်မင်းကြီးများရုံး၏ (၂၅-၁၀-၁၉၅၇)ရက်စွဲပါ စာအမှတ်၊ ၁၀၇၀-၁၁၁၁/ ၂ထက-၃၈ ဖြင့် ထုတ်ပြန်ခဲ့သည့်အမှာစာတွင် အောက်ပါအတိုင်း ဖော်ပြပါရှိခဲ့ပါသည်-

> **"လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ အရ နိုင်ငံတော်သမ္မတက လယ်ယာမြေကို မည်သည့်အတွက် အသုံးချရမည်ဟု သတ်မှတ်သောအခါ နိုင်ငံတော်ပိုင်မြေ ဖြစ်စေ၊ နိုင်ငံတော်ပိုင်မဟုတ်သော မြေဖြစ်စေ၊ မည်သည့် လယ်ယာမြေကိုမဆို မူလက မြေမျိုးကြီးကို ပယ်ဖျက်၍ ပုဒ်မ ၃၉ အရ နိုင်ငံတော်သမ္မတ၏ ဆင့်ဆိုချက်တွင် ဖော်ပြသောကိစ္စကိုပင် မြေမျိုး ကြီးအသစ်ဟု မြေစာရင်းဌာနက မှတ်သားရပါမည်။"**

-ဟု ညွှန်ကြားထားမှုအရ လန-၃၉ ဆင့်ဆိုချက် အမိန့်စာသည် မြေမျိုးကြီးပြောင်းလဲမှုသာဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုပေးခြင်းမဟုတ်ကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၌ အခြားနည်းသုံးပြုခွင့်နှင့်ပတ်သက်၍ ပုဒ်မ ၂၉ ၌ နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် ပြဋ္ဌာန်းထားပြီး ပုဒ်မ ၃၀ ၌ အများပြည်သူအကျိုးငှာနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားမှုရှိပါသည်။ ထို့အပြင် နည်းဥပဒေပြဋ္ဌာန်းချက်များအရ လယ်ယာကဏ္ဍနှင့် သက်ဆိုင်ခြင်း၊ မသက်ဆိုင်ခြင်းဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်ရန် နည်းလမ်းများ ပြဋ္ဌာန်းထားရှိပါသည်။ စိစစ်ဆောင်ရွက်ရန်အချက်များနှင့် ကိုက်ညီပါက လယ်မြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့် ပုံစံ(၁၅)ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လည်းကောင်း၊ လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့် ပုံစံ၁၅ (က)ကို နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လည်းကောင်း ထုတ်ပေးနိုင်ခွင့် ပြဋ္ဌာန်းထားပါသည်။

## အသုံးပြုခွင့်တစ်မျိုးသာရရှိမည်

၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲ ရေးဥပဒေ အရ အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများသုံးစွဲရန်၊ ဧက(၅၀)အထက် မွေးမြူရေးလုပ်ငန်းသုံးစွဲရန်နှင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတို့၏ ခွင့်ပြုမိန့်အား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ လည်းကောင်း၊ ဧက(၅၀)နှင့်အောက် မွေးမြူရေးလုပ်ငန်းသုံးစွဲရန်အတွက် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီမှ လည်းကောင်း ထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့်ကို ပုံစံ(၁၅)ဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ထုတ်ပေးပါသည်။ အဆိုပါမြေအား ပုဒ်မ ၁၆(က)ပါ စည်းကမ်းချက်အရ ခွင့်ပြုထားသည့် လုပ်ငန်းအမျိုးအစားနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းကို သာ လုပ်ကိုင်ရမည်ဟုလည်းကောင်း၊ ဥပဒေပုဒ်မ၁၆(ဂ)အရလည်းကောင်း ခွင့်ပြုထားသည့်မြေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်း မပြုရဟု လည်းကောင်း ကန့်သတ်ထားပါသည်။ တစ်နည်းအားဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို **"အသုံးပြုခွင့် Tiller Right"** သာပေးထားခြင်း ဖြစ်သည်ကို အထူးသိနားလည်ထားရန် လိုအပ်ပါသည်။

အထက်ဖော်ပြပါအတိုင်း အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ကိစ္စများအား အကျဉ်းချုံး၍ တင်ပြခြင်းဖြစ်ပါသည်။ ဤဆောင်းပါး၏ ခေါင်းစဉ်ပါအချက်နှင့် ပတ်သက်၍ ဆက်လက် အသိပေး တင်ပြလိုသည့် အချက်နှစ်ချက်ရှိပါသည်။ အဆိုပါကိစ္စမှာ အသုံးပြုခွင့်ရရှိရန် စတင်လျှောက်ထားစဉ် လုပ်ဆောင်မည့်လုပ်ငန်း အကြောင်းအရာဖော်ပြချက်၊ အသုံးပြုခွင့်အမိန့်စာရရှိပြီးနောက် ကာယကံရှင်များ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတူညီရန်နှင့် အဆိုပါခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရမည့်မြေမှာ လုပ်ငန်းဆောင်ရွက်သူကိုယ်တိုင် အမည်ပေါက်ပိုင်ဆိုင်ခွင့် ရပြီး/ မပြီး ဆန်းစစ်ရမည့်ကိစ္စ ဖြစ်ပါသည်။

## ပိုင်ဆိုင်ခွင့်ပေးလိုက်ခြင်းမဟုတ်ကြောင်း သတိပြု


ပထမအချက်ဖြစ်သော စတင်လျှောက်ထားစဉ်က လုပ်ငန်းနှင့် ခွင့်ပြုအမိန့်စာရပြီးနောက် ဆောင်ရွက်သည့်လုပ်ငန်းတူညီရပါမည်။ အဆိုပါကိစ္စမှာ အလွန်အင်မတန်မှ အရေးကြီးပါသည်။ တည်ဆဲ လယ်ယာမြေဥပဒေအရ အခြားနည်းခွင့်ပြုမိန့် အမိန့်စာပါ ခွင့်ပြုအကြောင်းအရာအား ပြုပြင်ပြောင်းလဲရန် ဥပဒေ၊ နည်းဥပဒေများ၌ ပြဋ္ဌာန်းထားမှုမရှိပါ။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေတွင်လည်း အခြားနည်းအသုံးပြုခွင့်အမိန့်စာပါလုပ်ငန်း ပြောင်းလဲခွင့်အတွက် ခွင့်ပြုအမိန့်စာပါ စည်းကမ်းချက်နှင့် အထက်ဖော်ပြပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ၁၆ (က) နှင့် (ဂ)ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိရန်လိုအပ်ပြီး မြေယာအား လုပ်ကိုင်သူသို့ ပေးအပ်ထားသည့် အခွင့်အရေးမှာ Tiller Right အသုံးပြုခွင့်သာဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်မဟုတ်ပါကြောင်း သတိပြုရပါမည်။ ယခင် ပုံစံ ၅၈ ဖြင့် ပေးအပ်ထားသော လန-၃၉ ခွင့်ပြုမိန့်နှင့် သဘောတရားတူညီပါသည်။

ထို့အတွက် လုပ်ငန်းမဆောင်ရွက်မီ အသုံးပြုခွင့်ရရှိရန် စတင်လျှောက်ထားမှု မဆောင်ရွက်မီ မိမိဆောင်ရွက်မည့် အလုပ်အကိုင်/ လုပ်ငန်းအား အဆိုပါ မိမိရွေးချယ်မည့်နေရာ၌ အမှန်တကယ် ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိ၊ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံနိုင်မှု ရှိ/ မရှိ ကို အသေအချာ ဆန်းစစ်ရန် လိုအပ်ပါသည်။ ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း အထက်မှညွှန်ကြားလာသည့်တိုင် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ကို သေချာစွာဆန်းစစ်၍ ဖြစ်နိုင်ခြေ ရှိ/ မရှိ ကို စိစစ်နိုင်ရန် အလွန်အရေးကြီးပါသည်။ ပထမအချက်ကို တင်ပြလိုသည်မှာ မိမိဆောင်ရွက်မည့်လုပ်ငန်းအတွက် မိမိ၏ ရွေးချယ်မှု၊ ဆုံးဖြတ်ချက်ခိုင်မာ မှန်ကန်ရေးဆိုင်ရာကိစ္စပင် ဖြစ်ပါသည်။ သို့မှသာ ရှေ့လာမည့် ကာလတစ်လျှောက်လုံးအတွက် မြေပိုင်ဆိုင်ခွင့်အပါအဝင် လုပ်ငန်းအားလုံး အဆင်ပြေချောမွေ့နေမည်သာ ဖြစ်ပါသည်။

အခြားနည်းလုပ်ငန်းမစတင်မီ ကာလ၌ လယ်ယာမြေများမှာ တောင်သူလယ်သမားများ၏ လက်ဝယ်၌သာ တည်ရှိတတ်ပြီး အကောင်အထည်ဖော်မည့် ပုဂ္ဂိုလ်/ အဖွဲ့အစည်း/ ဌာနဆိုင်ရာများ၏ လက်ဝယ်တွင် မရှိသည်က များပြားပါသည်။ ထိုအဖြစ်အပျက်မှာ ရှေးယခင်ကတည်းက ဥပဒေရေးဆွဲခဲ့သူများအပါအဝင် တာဝန်ရှိသူများအားလုံး သုံးသပ်သတိပြုမိသည့်အတွက် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၏ နည်းဥပဒေ ၈၄ ၌လည်းကောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၌လည်းကောင်း၊ လယ်ယာမြေများအား တရားဝင်လွှဲပြောင်းခွင့်ကို နောင်တစ်ချိန် ပိုင်ဆိုင်မှု မရှုပ်ထွေးနိုင်စေရေးအတွက် ထည့်သွင်းပြဋ္ဌာန်းပေးခြင်းသာဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

*စာမျက်နှာ ၈ သို့*

# ဟိန္ဒူဘာသာ ယဉ်ကျေးမှုဆိုင်ရာ ရက္ခာန်ဗန်ဓန်(ခ) မေတ္တာနှောင်ကြိုး ချည်နှောင်ပွဲတော် ၂၀၂၀ အခမ်းအနားသို့ Zoom Cloud Meeting မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မေတ္တာစကားမြွက်ကြား





**နေပြည်တော် ဩဂုတ် ၃**

သနန္တနဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်က ကြီးမှူး၍ ပြုလုပ်သည့် ဟိန္ဒူဘာသာ ယဉ်ကျေးမှုဆိုင်ရာ ရက္ခာန်ဗန်ဓန်(ခ)မေတ္တာနှောင်ကြိုး ချည်နှောင်ပွဲတော် ၂၀၂၀ အခမ်းအနားသို့ ယနေ့ ညနေပိုင်းက Online Zoom Cloud Meeting နှင့် SDSS Myanmar Facebook Page လူမှုကွန်ရက်မှတစ်ဆင့် တိုက်ရိုက်ကျင်းပသည်။

### မေတ္တာစကားမြွက်ကြား

အခမ်းအနားကို ဘဂဝါအလံတော်လွှင့်ထူခြင်း၊ ငါးပါးသီလရွတ်ဆိုခြင်းနှင့် အလံတော်အား မေတ္တာနှောင်ကြိုးချည်နှောင်ခြင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားခြင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံမှ ပေးပို့ထားသော မေတ္တာသဝဏ်လွှာ ဗီဒီယိုတင်ပြခြင်း၊ Shri Brahma Pada (ခ) ဦးကံကောင်းက ဓမ္မတေးသီချင်းသီဆိုခြင်း၊ အထူးဧည့်သည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မေတ္တာစကားမြွက်ကြားခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Shri Saurabh Kumar က အမှာစကားပြောကြားခြင်း**(အပေါ်ယာပုံ)**၊ Shri Gagan Kumar က အမြိုက်ဝစန ဖတ်ကြားခြင်း၊ အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးအောင်ဝင်းက အဖွဲ့ချုပ်ကိုယ်စား မေတ္တာစကားပြောကြားခြင်း၊ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းက ကျေးဇူးတင်စကားပြောကြားခြင်း၊ ပတ္ထနာရွတ်ဆိုခြင်း၊ အလံတော်ရုပ်သိမ်းခြင်း ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက Zoom Cloud Meeting မှတစ်ဆင့် မေတ္တာစကားမြွက်ကြားရာတွင် မေတ္တာနှောင်ကြိုး ချည်နှောင်ခြင်းပွဲတော်ကို ဟိန္ဒူဘာသာဖြင့် ရက္ခာန်ဗန်ဓန် (ရာခီး)ဟု ခေါ်ဆိုကြပြီး ရက္ခာန်ဗန်ဓန်ပွဲတော်ကို ဝေဒခေတ်မှ စတင်ကျင်းပခဲ့ကာ နှစ်စဉ်ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)တွင် ကျင်းပကြကြောင်း၊ ဝါထပ်သည့်နှစ်များတွင် ဒုတိယဝါဆိုလပြည့်နေ့၌ ကျင်းပလေ့ရှိကြောင်း၊ ရက္ခာန်ဗန်ဓန်ပွဲနှင့်စပ်လျဉ်း၍ ထင်ရှားသော အကြောင်းအရာမှာ နတ်ဒေဝတာများနှင့် အသူရာတို့ စစ်ပွဲဖြစ်ပွားချိန်တွင် သိကြားမင်း၏ ကြင်ရာတော်က ခင်ပွန်းဖြစ်သူအား ညာဘက်လက်ကောက်ဝတ်တွင် ရက္ခာန်(မေတ္တာ)ကြိုးချည်နှောင်ခဲ့ရာမှ အစပြုခဲ့သည်ဟု မှတ်သားရပါကြောင်း၊ ရက္ခာန်ဗန်ဓန်ဟူသော သက္ကတဘာသာစကားတွင် ရက္ခာန်သည် ပါဠိဘာသာအားဖြင့် ရက္ခ သို့မဟုတ် ရက္ခဏ အပြန်အလှန်စောင့်ရှောက်ခြင်း၊ ဗန်ဓန်သည် ပါဠိဘာသာအားဖြင့် ဗန္ဓနမေတ္တာကြိုးဖြင့် ချည်နှောင်ခြင်း၊ နှောင်ဖွဲ့ခြင်းဟု အသီးသီးအဓိပ္ပာယ်ရရှိသည့်အတွက် ရက္ခာန်ဗန်ဓန်ဟူသည် မိသားစုအတွင်း၌လည်း ညီအစ်ကို မောင်နှမအချင်းချင်း မေတ္တာကြိုးဖြင့်ဖွဲ့ချည်၍ အပြန်အလှန်စောင့်ရှောက်ကြကာ ငြိမ်းချမ်းမှုကိုဖြစ်စေခြင်း၊ မိတ်ဆွေသင်္ဂဟအတွင်း၌လည်း လုပ်ဖော်ကိုင်ဖက်အချင်းချင်း၊ ရပ်ကွက်သူ ရပ်ကွက်သား အချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် ချစ်ခြင်းမေတ္တာအရင်းခံသော သံယောဇဉ်နှောင်ကြိုးဖြင့် ရစ်ပတ်ချည်နှောင်ကြကာ အပြန်အလှန်စောင့်ရှောက်ခြင်းဖြင့် ငြိမ်းချမ်းသည့်အသိုက်အဝန်းမှသည် ငြိမ်းချမ်းသောကမ္ဘာကြီးသို့ တိုင်အောင် ဖန်တီးဖော်ဆောင်ခြင်းဟူ၍သာ မိမိအနေဖြင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချင်ပါကြောင်း၊ ၎င်းအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခြေခံပြီး ဟိန္ဒူမျိုးနွယ်စုအားလုံးကိုအစပြု၍ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး တစ်ဦးနှင့်တစ်ဦး မေတ္တာတရားများ ပိုမိုသက်ဝင်နွေးထွေးကြပြီး စည်းလုံးညီညွတ်သည့် မိသားစုအသိုက်အဝန်း၊ ချစ်ခင်နွေးထွေးသည့် လူမှုအဖွဲ့အစည်းတို့ကို ဖန်တီးနိုင်ကြပါစေ၊ စည်းလုံးညီညွတ်ခြင်း၊ ချစ်ခင်ကြင်နာခြင်းတို့မှသည် အပြန်အလှန်သည်းခံခွင့်လွှတ်ခြင်းများစွာသို့ တိုးပွားနိုင်ပါစေရန် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း၊ ယခုအခါ လူသားတိုင်း တစ်ဦးအပေါ်တစ်ဦး ချစ်ခင်ရင်းနှီးစွာ မေတ္တာတရားများ ဖြန့်ဝေကာ ငြိမ်းချမ်းသာယာလာစေရန် ရေးရှုသောပွဲတော်ကြီးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ယနေ့ခေတ်ကမ္ဘာမှာ ငြိမ်းချမ်းရေးသည် အလိုအပ်ဆုံးအရာဖြစ်၍ ငြိမ်းချမ်းစွာနေထိုင်နိုင်ရန်မှာလည်း ဗြဟ္မစိုရ်တရားလေးပါးဖြစ်သည့် မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရား၊ ဥပေက္ခာတရားများပါ ကိုယ်စီကိုယ်စီထားရှိမှသာ ငြိမ်းချမ်းရေးအသီးအပွင့်များကို ခံစားရရှိနိုင်မှာ ဖြစ်ပါကြောင်း။

### ကူညီစောင့်ရှောက်လျက်ရှိ

ယနေ့ကျင်းပသည့် ဟိန္ဒူဘာသာဝင်များ၏ ရိုးရာဓလေ့ပွဲတော်လည်း ဖြစ်သော မေတ္တာနှောင်ကြိုးချည်နှောင်ပွဲသည် တစ်ဦးနှင့်တစ်ဦး မေတ္တာဓာတ်များ လွှမ်းခြုံစေသည့်ပွဲတော်ဖြစ်ပြီး စုစည်းညီညာစွာ အတူတကွလက်တွဲလုပ်ဆောင်နေကြသည်ကို မြင်တွေ့ရခြင်းဖြင့် နိုင်ငံတော်ကြီး အမြဲထာဝရငြိမ်းချမ်းသာယာရေးအတွက် အထောက်အပံ့ကောင်းများ ဖြစ်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဓိကဘာသာကြီးလေးဘာသာရှိသည့်အနက် ဘာသာအသီးသီးတို့၏ ဘာသာရေးအခမ်းအနားများ ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များအနေဖြင့် လိုအပ်သည့် အကူအညီအထောက်အပံ့များ ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ယုံကြည်ကိုးကွယ်မှုဘာသာတရားနှင့် ပတ်သက်၍ လွတ်လပ်စွာယုံကြည် ကိုးကွယ်နိုင်ကြပါကြောင်း၊ ဟိန္ဒူဘာသာ သာသနာအပါအဝင် အခြားဘာသာကြီးများကို နိုင်ငံတော်က အသိအမှတ်ပြု၍ တတ်နိုင်သမျှ ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ချီဖွေငယ်ဓာတ်အားပေးစက်ရုံ ပြုပြင်နေစဉ်အတွင်း လျှပ်စစ်ဓာတ်အား အလှည့်ကျဖြန့်ဝေမည်

**မိုးကောင်း ဩဂုတ် ၃**

ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ပြည်သူများ လျှပ်စစ်မီးသုံးစွဲမှု ပြတ်တောက်မှု မရှိစေရန်အတွက် အလှည့်ကျစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း မိုးကောင်းမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန အင်ဂျင်နီယာ ဦးရဲရင့်ထွန်းထံမှ သိရသည်။

ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်အသုံးပြုထားသည့် Main Ball Value များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ ရက်မှ စက်တင်ဘာ ၄ ရက်အထိ တစ်လကြာ ဆောင်ရွက်မည်ဖြစ်သဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး နဘားဓာတ်အားခွဲရုံမှ ပို့လွှတ်သည့် လျှပ်စစ်ဓာတ်အားများကို ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ရပ်ကွက်နှင့်ကျေးရွာများသို့ သက်ဆိုင်ရာ ဓာတ်အားခွဲရုံများမှတစ်ဆင့် အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။



မိုးကောင်းမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့မိုးကောင်း ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ပို့လွှတ်မည့် ဖီဒါလေးခုခွဲကာ ဖီဒါ တစ်ခုလျှင် နှစ်နာရီပိတ်စနစ်ဖြင့် အလှည့်ကျ ဖြန့်ဖြူးပေးမည်ဖြစ်ပြီး ကျန်ရှိအချိန်များတွင် လျှပ်စစ်ဓာတ်အား အပြည့်ပေးထားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းဌာနမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကျွန်းစုမြို့နယ်အတွင်း၌ ရေယာဉ်များ ထွက်ခွာခြင်းမပြုကြရန် သတိပေးကြေညာချက် ထုတ်ပြန်ထား

**ကျွန်းစု ဩဂုတ် ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂ ရက်နေ့စွဲပါစာဖြင့် ကျွန်းစုမြို့နယ်တွင် ကုန်တင်စက်လှေများ၊ အပျော်စီး ရေယာဉ်များနှင့် ကျန်ကမ်းရိုးတန်းသွား ခရီးသည်တင် အမြန်ရေယာဉ်များအားလုံး မောင်းနှင်ထွက်ခွာ သွားရောက်ခြင်း မပြုကြရန် သတိပေးကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါထုတ်ပြန်စာ၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဩဂုတ် ၂ ရက် ထုတ်ပြန်ကြေညာချက်အရ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်ဖြစ်ကြောင်း၊ မိုးသက်လေပြင်း ကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သဖြင့် သစ်သားခွံကုန်တင်စက်လှေများ၊ အပျော်စီးရေယာဉ်များနှင့် ကျန်ကမ်းရိုးတန်းသွား ခရီးသည်တင် အမြန်ရေယာဉ်များအားလုံး ထွက်ခွာခွင့်လုံးဝ (လုံးဝ) မပြုကြောင်း အသိပေးကြေညာထားသည်။

**စည်သူရအောင်(ကျွန်းစု)**

❖ *ကျောဖုံးမှ*

အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်မှ ယနေ့အထိ ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၃၃၆ ဦးအား ကယ်ဆယ်ရေး/အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာ၊ ဟသ်ာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ပဲခူးတိုင်းဒေသကြီး ပိန်းဇလုပ်မြို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်



**ပိန်းဇလုပ် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့၌ ဩဂုတ် ၂ ရက် ည ၁၀ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

မိုးရွာသွန်းမှုကြောင့် ပိန်းဇလုပ်မြို့အဝင် မင်းလမ်းကားလမ်းမကြီး၏ နေရာအချို့တွင် ရေကျော်ခဲ့ပြီး ရန်ကုန်-မန္တလေးကားလမ်းမကြီး(လမ်းဟောင်း) ပိန်းဇလုပ်တာဆုံအနီး မိုင်တိုင်(၁၀၇)၌ ရေကျော်မှုများ ဖြစ်ပွားခဲ့သည်။

ထို့အပြင် ပိန်းဇလုပ်တိုက်နယ်ဆေးရုံမှ လူနာ ၁၁ ဦးအား သုဓမ္မာရာမပရိယတ္တိကျောင်းတော်ကြီး (ဘုန်းကြီးကျောင်း) သို့ ယာယီရွှေ့ပြောင်းထားသည်။ မြို့မ(၁) ရပ်ကွက်ရှိ အိမ်ထောင်စု ၈၄၉ စု လူဦးရေ ၄၂၅၀ တို့ ရေကြီးရေလျှံမှုဒဏ်ခံရကာ မြို့မ(၂)ရပ်ကွက် ဈေးပတ်လည်၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ **(ယာပုံ)**

ရေကြီးမှုဒဏ်ခံခဲ့ရသည့် အိမ်ထောင်စုများကို မြို့မ(၁)ရပ်ကွက် တောင်ကျောင်းဘုန်းကြီးကျောင်း၌ ယာယီရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားပြီး အိမ်ထောင်စု ၇၁ စု၊ လူဦးရေ ၃၁၀ တို့ ယာယီခိုလှုံလျက်ရှိကြောင်း၊ ထို့အတူ မြို့မ(၁)ရပ်ကွက်ရှိ ရေလည် ပရိယတ္တိစာသင်တိုက်၌ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထား၍ အိမ်ထောင်စု ၅၁ စု၊ လူဦးရေ ၂၀၂ ဦးတို့ ယာယီခိုလှုံလျက်ရှိပြီး ထပ်မံပြောင်းရွှေ့မှုများလည်းရှိနေကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် လူအသေအပျောက် မရှိကြောင်း၊ ဆန်စက်အချို့ ရေဝင်ရောက်မှုများရှိပြီး ပျက်စီးဆုံးရှုံးမှုများရှိကြောင်း သိရသည်။

**ရဲသိန်း**

# ကျွန်းစုမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီး

**ကျွန်းစု ဩဂုတ် ၃**

မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ဩဂုတ် ၂ ရက် ညပိုင်းက လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်များ လဲပြိုကာ အဆောက်အအုံအချို့နှင့် လူနေအိမ်များ အမိုးလန် ပြိုကျ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**



မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် မြို့ပေါ်အမှတ်(၁)ရပ်ကွက်ရှိ ဘာသာရေးအဆောက်အအုံ တစ်လုံးနှင့် အစိုးရဌာနဆိုင်ရာ အဆောက်အအုံတစ်လုံး၊ မြို့ပေါ်အမှတ်(၂) ရပ်ကွက်ရှိ အစိုးရဌာနဆိုင်ရာ အဆောက်အအုံ တစ်လုံး၊ မင်းဂုတ်ကျေးရွာအုပ်စုရှိ ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းဆောင် တစ်လုံး၊ ကပကျေးရွာအုပ်စုရှိ လူနေအိမ် နှစ်လုံး၊ တောပြားကျေးရွာအုပ်စုရှိ လူနေအိမ် နှစ်လုံး၊ ရေကန်တောင်ကျေးရွာအုပ်စုရှိ လူနေအိမ် တစ်လုံး၊ ကမ်းကြီးကျေးရွာအုပ်စုရှိ လူနေအိမ် ၁၃ လုံး၊ မအိုင်ကျေးရွာအုပ်စုရှိ လူနေအိမ် သုံးလုံး၊ စခန်းသစ်ကျေးရွာအုပ်စုရှိ လူနေအိမ် သုံးလုံး၊ ဘနန္ဒနဲကျေးရွာအုပ်စုရှိ ဘာသာရေး အဆောက်အအုံတစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများ၊ နေအိမ်များကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများက ရှင်းလင်းဖယ်ရှားခြင်း၊ နီးစပ်ရာ ဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**စည်သူရအောင် (ကျွန်းစု)**

## လေပြင်းတိုက်ခတ်ပြီး ပင်လယ်ရေလှိုင်း ပုတ်ခတ်မှုကြောင့် ငါးလှန်းဝါးကျပ်စင်များ ပြိုကျပျက်စီး

**လမိုင်း ဩဂုတ် ၃**

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ ကုလားကုတ်ကျေးရွာအုပ်စု ပသျှူးချောင်းကျေးရွာတွင် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်က လေပြင်းတိုက်ခတ်ပြီး ပင်လယ်ရေလှိုင်း ပုတ်ခတ်မှုကြောင့် မျောတိုင်၊ ဝါးတို့ဖြင့် ပြုလုပ်ထားသော ငါးလှန်းကျပ်စင်များ ပြိုကျပျက်စီးကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ပြီး ပင်လယ်ရေလှိုင်းပုတ်ခတ်မှုကြောင့် (၈၀x ၃၀x ၁၅)ပေ ပတ်လည် ရှိ ငါးလှန်းဝါးကျပ်စင် ၁၂ ခု ပြိုကျပျက်စီးခဲ့ရာ ဆုံးရှုံးမှုခန့်မှန်းတန်ဖိုးမှာ ငွေကျပ်သိန်း ၄၈၀ ရှိပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**လမိုင်း(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာများတွင် နွားစာရှားပါးမှုများ ဖြစ်ပေါ်နေ

**ကျောက်ပန်းတောင်း ဩဂုတ် ၃**

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးဦးကာလ မိုးရွာခဲ့သဖြင့် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းစွာနိုင်ခဲ့သော်လည်း မိုးလယ်ကာလ တစ်လကျော်ခန့် မိုးပြတ်သွားသဖြင့် သီးနှံရရှိမှု နည်းပါးခဲ့ကြောင်း သိရသည်။ သီးနှံအကြိုက်မဟုတ်သော်လည်း ပေါင်းမြက်များရှင်သန်အောင် မိုးရွာသွန်းမှုရှိခဲ့သဖြင့် အခြားမြို့နယ်များတွင် နှစ်လကျော် ခန့် မိုးရွာသွန်းမှုမရှိသောကြောင့် ကျေးရွာအချို့ နွားစာအတွက် လာရောက်ရိတ်ယူနေကြရသည်။

ကျောက်ပန်းတောင်းမြို့နယ်သို့ နွားစာမြက် လာရောက်ရိတ်ယူနေကြသည့် ကျေးရွာများမှာ ဇူလိုင်လနောက်ဆုံးပတ်မှစ၍ ချောက်၊ ရေနံချောင်း၊ ညောင်ဦးမြို့နယ်များမှ လာရောက်ကြလေ့ရှိကြောင်းသိရပြီး ၎င်းကျေးရွာများတွင် မိုးဦးကာလ တစ်မိုးခန့်သာ ရရှိခဲ့ကြသော်လည်း စိုက်ပျိုးရေးအတွက်ပင် အဆင်မပြေကြောင်း သိရသည်။

“ကျွန်တော်တို့ဘက်မှာက ကဆုန်လဆန်းက တစ်ကြိမ်ပဲ ရွာခဲ့တာ။ နှစ်တိုင်းလို သဲသဲမဲမဲ ရွာတာ မျိုးမဟုတ်ဘူး။ သုံးရက်လောက် မိုးစွေလိုက်လို့သာ ရေစည် ငါးစည်၊ ခြောက်စည်လောက်ရတာ။ ဒါပေမယ့် စိုက်ရမယ့်အချိန်ဆိုတော့လည်း စိုက်ခဲ့ကြတာပေါ့ဗျာ။ လပြည့်ရက်မှာ တစ်ခါရွာတယ်။ အဲဒီနောက်ပိုင်း အခုထိကို မရွာတော့ဘူး။ တချို့ဆို နှစ်ခါပြန်တောင်ကြဲကြတယ်။ ဒါပေမယ့် မိုးမှ မရွာတာ။ ဘာပဲဖြစ်ဖြစ် လူစာက ဈေးငှားပြီး စားလို့ရတယ်။ နွားစာက ဈေးလို့ငှားလို့မရဘူး။ အားလုံး က သူ့အခက်အခဲနဲ့သူဆိုတော့ ဒီလိုပဲ ရနိုင်တဲ့နေရာတွေ စုံစမ်းပြီး လိုက်ရိတ် ကြရတာပဲ။ ဒီကျောက်ပန်းတောင်းဘက်က မိုးလေးသာတော့ နွားစာပေါ တယ်” ဟု ရေနံချောင်းမြို့နယ် စိန်ပန်းပင်ကျေးရွာမှ တောင်သူ တစ်ဦးက ပြောသည်။ ရေနံချောင်းမြို့နယ်မှ စိန်ပန်းပင်၊ ဝက်ခေါင်း၊ ကန်ရော၊ ဇီးပင်ရိုး၊ လှည်းအိမ်၊ ဖုံသာ အစရှိသည့် ကျေးရွာများမှ နေ့စဉ်မြက်ရိတ် ထွက်ကြရပြီး လူ ၁၅ ဦး၊ ၂၀ စုပေါင်း ကားငှား၍ တစ်နေကုန်ရသလောက် ရိတ်ယူရပြီး ရရှိလာသည့် မြက်အစိုများကို မြက်ခြောက်နှင့် ရောနှောကျွေးရကြောင်း နှင့် အဆိုပါမြက်ခြောက်များကို ချောက်မြို့နယ်ရှိ ခြောက်တောများတွင် သွားရောက် ရိတ်ကြရကြောင်းလည်း အဆိုပါ တောင်သူက ပြောသည်။

**နေအောင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ဒုတိယအချက်မှာ အထက်ဖော်ပြပါ တင်ပြချက်အတိုင်း နည်းလမ်းတစ်ခုဖြင့် အခြားနည်းသုံးစွဲခွင့်၊ ခွင့်ပြုမိန့်ရရှိထားပြီးဆိုပါက နိုင်ငံတော်၏ ယခင်ပြဋ္ဌာန်းခဲ့သော ဥပဒေ၊ နည်းဥပဒေများအရသော် လည်းကောင်း၊ ယခုတည်ဆဲဥပဒေ၊ နည်းဥပဒေများအရသော် လည်းကောင်း အမည်ပေါက် မြေပိုင်ဆိုင်သူမြေပိုင်ရှင်အဖြစ် မှတ်သား၍ မရနိုင်သေးသည်ဆိုသည့်အချက်ကို လူအများ သတိမမူမိကြပါ။ ထိုအချိန်တွင် အဆိုပါမြေမှာ အမိန့်စာများအရ ဆိုင်ရာဆိုင်ခွင့်တစ်ရပ်သာတည်ရှိပြီး ပိုင်ရေး၊ ပိုင်ခွင့် မရရှိသေးဟု ဆိုရပါမည်။

**မြေယာတစ်ရပ်ပိုင်ခွင့် ရရှိဖို့အတွက်**

မြေယာတစ်ရပ်အတွက် ပိုင်ရေး၊ ပိုင်ခွင့်ရရှိရန်မှာ အဓိကအရေးကြီးသော အချက်ဖြစ်ပါသည်။ အခြားနည်းသုံးစွဲခွင့်ရရှိပြီးဖြစ်ပါက ရရှိထားသည့် သတ်မှတ်ချက်အတိုင်း လုပ်ငန်းများအပြီးတိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မိမိအသုံးပြုသည့် နည်းလမ်းအလိုက် သတ်မှတ်သည့် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းအတိုင်း မြေယာအမည်ပေါက် ပိုင်ဆိုင်ခွင့်ရရှိရေး (ဥပမာအားဖြင့် မြေလွှဲအမိန့်ရရှိရန်လျှောက်ထားခြင်း၊ မြေငှားဂရန်ရရှိရန် လျှောက်ထားခြင်း စသည်အားဖြင့်) ဆက်လက်ဆောင်ရွက်ကြရန် မလွဲမသွေလိုအပ်ပါသည်။ သို့မှသာ နောင်တစ်ချိန် အရှုပ်အရှင်းဖြစ်လာပါက လက်ဝယ်တရားဝင်ပိုင်ဆိုင်ထားသည့် မြေယာအတွက် ဥပဒေနှင့်အညီ ခိုင်မာစွာကာကွယ်နိုင်ခြင်း၊ ပိုင်ဆိုင်သူ၏ စိတ်ကြိုက်လွှဲပြောင်းနိုင်ခြင်း အစရှိသောကိစ္စရပ်များကို ချောမွေ့စွာဖြင့် အချိန်မရွေးအခါမရွေး လွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လက်ရှိ လူပုဂ္ဂိုလ်/ အဖွဲ့အစည်း/ ဌာနဆိုင်ရာများ အနေဖြင့် အထက်ဖော်ပြပါလုပ်ငန်းစဉ်များအား ကုန်စင်အောင် လုပ်ဆောင်ခဲ့ခြင်း မရှိခဲ့ကြဘဲ လန-၃၉ အဆင့်၌ပင် ပိုင်ဆိုင်ပြီဟုယူဆ၍ ဆက်လက်ဆောင်ရွက်ခြင်း မရှိကြပါသဖြင့် ယခုတိုင် ဖြေရှင်း၍မဆုံးဖြစ်နေသော လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုဆိုင်ရာ ပြဿနာများအတွက် အရင်းခံအချက်တစ်ချက်အဖြစ် ဖြစ်ပေါ်လျက်ရှိပါသည်။

ဖော်ပြပါ တင်ပြချက်များအပေါ် အကျဉ်းချုံးတင်ပြရပါလျှင် အခြားနည်းသုံးစွဲခွင့် လုပ်ငန်းမလျှောက်ထားမီ မိမိအမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်လုပ်ငန်းကို မှန်ကန်စွာရွေးချယ်ရပါမည်။ မိမိ၏ ဆုံးဖြတ်ရွေးချယ်မှုအပေါ် အခြားနည်းသုံးစွဲခွင့် ရရှိသည့်အခါ သတ်မှတ်ကာလအတွင်း (လယ်ယာမြေဆိုပါက တည်ဆဲလယ်ယာမြေဥပဒေအရ ၆ လအတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဆိုပါက ၄ နှစ်အတွင်း အပြီး) ဆောင်ရွက်ရပါမည်။ သတ်မှတ်ချက်အချိန်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်ရန် အရေးကြီးပါသည်။ ခွင့်ပြုလုပ်ငန်းမှ အခြားလုပ်ငန်းသို့ ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် တည်ဆဲဥပဒေများအရ ခွင့်ပြုထားမှုမရှိဟု ဆိုရပါမည်။ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဥပဒေ၏ အကာအကွယ်ကို အပြည့်အဝရမည်ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေပါ စည်းမျဉ်းစည်းကမ်းအတိုင်း လုပ်ကိုင်ခွင့်ကို ရုပ်သိမ်းခြင်း၊ အရေးယူခြင်းများ ခံစားရနိုင်ပါသည်။ ယခုကဲ့သို့ မြေလွှဲပြောင်းနိုင်မှုနှင့် လုပ်ငန်းပြောင်းလဲနိုင်မှု ပြဋ္ဌာန်းမထားခြင်းမှာ အခြားနည်းသုံးစွဲခွင့်ပြုမိန့်အား ရောင်းကုန်သဖွယ်မဖြစ်ရလေအောင် ဟန့်တားထားခြင်းသာဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါသည်။

**အခြားနည်းသုံးစွဲခွင့်ပြုမိန့်သည် ရောင်းကုန်မဖြစ်သင့်ပါ**

အခြားနည်းသုံးစွဲခွင့်၏ သဘောသဘာဝကို သုံးသပ်ကြည့်ပါက နိုင်ငံတော်က နိုင်ငံသားများကို ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပေးထားမှု အခွင့်အရေးပင် ဖြစ်ပါသည်။ နိုင်ငံသားတိုင်း မြေရာတစ်ရပ်ကို ဥပဒေပါသတ်မှတ်ချက်များနှင့် ညီညွတ်မည်ဆိုပါက မိမိတို့စိတ်ကြိုက် ရွေးချယ်ဆောင်ရွက်လုပ်ကိုင်ခွင့်ရှိပါသည်။ သို့သော် မိမိစိတ်ကြိုက် ဆုံးဖြတ်ရွေးချယ်ခဲ့သော လုပ်ငန်းအတိုင်းသာ ဥပဒေနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးဆုံးအောင်ဆောင်ရွက်ရပါမည်။ အခြားနည်းသုံးစွဲခွင့်ပြုမိန့်ကို ရောင်းကုန်သဖွယ် မဖြစ်သင့်ပါ။ တစ်ဖက်တွင်လည်း အချို့သော အချိန်ကာလများက ခွင့်ပြုမိန့်ချမှတ်နိုင်သူ အဖွဲ့အစည်းများအနေဖြင့် အထက်ပါဥပဒေအရ နိုင်ငံသားများ တညီတညွတ်တည်း ခံစားနိုင်သည့်အခွင့်အရေးကို လိုအပ်ချက်တစ်ခုအတွက် ထိန်းချုပ်၍ ဆောင်ရွက်ခဲ့ကြခြင်းသည် အခြားနည်းသုံးစွဲခွင့်ပြုမိန့်အား အခြေအနေအရ ရောင်းကုန်သဖွယ် ဆောင်ရွက်ခဲ့မှုဟု ဆိုရမည့်သဘော ဖြစ်ခဲ့ပါသည်။

နိဂုံးချုပ်အားဖြင့် တင်ပြရပါလျှင် အခြားနည်းသုံးစွဲခွင့် လန-၃၉ ဟုခေါ်ဆိုနေသော ပုံစံ(၃၃)၏ ခေါင်းစဉ်မှာ **“လယ်ယာမြေကိုသတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသောအမိန့်”**ဟု လည်းကောင်း၊ ပုံစံ(၅၈) ခေါင်းစဉ်မှာ **“လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများကို လယ်ယာစိုက်ပျိုးမှုမှအပ အခြားလုပ်ငန်းတစ်ခုခုအတွက် အသုံးပြုရန် ခွင့်ပြုသောအမိန့်စာ”** ဟုလည်းကောင်း၊ လယ-၃၀ (ပုံစံ-၁၅) ၏ ခေါင်းစဉ်မှာ **“လယ်မြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်”** ဟု လည်းကောင်း၊ ပုံစံ-၁၅(က) ၏ခေါင်းစဉ်မှာ **“လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန်ခွင့်ပြုမိန့်”** ဟု လည်းကောင်း၊ ယခုကာလ၌ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား အခြားနည်းခွင့်ပြုသော ပုံစံ(၁၅) ၏ ခေါင်းစဉ်မှာ **“အစိုးရခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသောခွင့်ပြုမိန့်”** ဟုသာ ဖော်ပြထားပါသည်။ ထိုအမိန့်စာပါ စကားရပ်များကို အသေအချာ ဖတ်ရှုဆင်ခြင်ပါက အသုံးပြုခွင့်ပေးသော အမိန့်စာမျှသာ ဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ ပိုင်ဆိုင်ခွင့်ဆိုသည့် စကားရပ် လုံးဝ မပါရှိကြောင်း တွေ့မြင်နိုင်ပါသည်။

ထို့အတွက် အဆိုပါ အခြားနည်းအသုံးပြုခွင့် အမိန့်စာ/ ခွင့်ပြုချက်များဖြစ်သော လန-၃၉ (ပုံစံ-၃၃/၅၈)၊ လယ-၃၀၊ လယ-၃၀(ခ)၊ ပုံစံ(၁၅)စသည်တို့မှာ မြေမျိုးကြီးပြောင်းလဲသုံးစွဲခွင့် အမိန့်စာမျှသာ ဖြစ်ပါသည်။ တစ်နည်းဆိုသော် ဆိုင်ရာဆိုင်ခွင့်မျှသာဖြစ်ပါလိမ့်မည်။ ပိုင်ရေးပိုင်ခွင့် လက်မှတ်လုံးဝမဟုတ်သေးပါ။ အဆိုပါအမိန့်စာကို အခြေခံ၍ ကာယကံရှင်များအနေဖြင့် မိမိ၏ ပိုင်ရေး၊ ပိုင်ခွင့်အတွက် ခွင့်ပြုချက်အရ အကောင်အထည်ဖော်ထားသည့် နည်းလမ်းအလိုက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ အမည်ပေါက် ပိုင်ဆိုင်ရေး မပျက်မကွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အသိပေးမျှဝေတင်ပြအပ်ပါသည်။ ။

# ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြန်အောင်တာ မိုင် ၆/၇+၃၃၀ နှင့် ၇/၀ အတွင်း ကမ်းပြိုမှုများ ဆက်လက်ဖြစ်ပေါ်နေ၍ ကာကွယ်ရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်လျက်ရှိ

**မြန်အောင် ဩဂုတ် ၃**

ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြန်အောင်တာ မိုင် ၆/၇+၃၃၀ နှင့် ၇/၀ အတွင်း လွန်ဆေးမြိုင်ပန်းခြံအနီး ကမ်းပြိုမှုများ ဆက်လက်ဖြစ်ပေါ်နေ၍ ကာကွယ်ရေးလုပ်ငန်းများကို ယနေ့ နံနက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**



မြန်အောင်တာ မိုင်၆/၇+၃၃၀ နှင့် ၇/၀ အတွင်း မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံအနီးတွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပြိုမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ကျော်ကိုထိုက် ဦးဆောင်သော တပ်မတော်သားများ၊ ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချိုတို့ ဦးဆောင်၍ ခရိုင်/မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဟသ်ာတခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်း များ၊ မြို့နယ်မီးသတ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်း၍ ရေပေါ်ရေလွဲတန်းချခြင်း၊ အရေးပေါ် ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ အလျား ပေ ၂၀၀၊ အနံ ငါးပေရှိ ပန်းတာတည်ဆောက်ခြင်း စသည့် ကမ်းပြိုကမ်းစားမှု ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် လွန်ဆေးမြိုင်ပန်းခြံအနီး အလျား ပေ ၃၀၀၊ အနံပေ ၂၀ ခန့် ကမ်းပြိုမှု ဖြစ်ပွားလျက်ရှိပြီး ဧရာဝတီမြစ်၏ မြန်အောင်မြို့ စိုးရိမ်ရေမှတ်မှာ ၆၇ ဒသမ ၀၀ ပေ ဖြစ်ပြီး ယနေ့ ဩဂုတ် ၃ ရက် နေ့လယ် ၁၂ နာရီ ရေမှတ်မှာ ၆၈ ဒသမ ၁၀ ပေရှိကြောင်း မြန်အောင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ဝင်းဗိုလ်**
**(မြန်အောင်)**

# မိတ္ထီလာတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာချောင်းကူးတံတားကျိုးပြတ်

**မိတ္ထီလာ ဩဂုတ် ၃**

မိတ္ထီလာမြို့နယ် ဂဠုန်ကုန်းကျေးရွာအုပ်စု သဲတောလေးကျေးရွာတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားပြီး ယနေ့ နံနက် ၉ နာရီက ကျေးရွာချောင်းကူးတံတား **(အောက်ပုံ)** ကျိုးပြတ်ပြီး သဲတောလေးကျေးရွာနှင့် မြင်သာကျေးရွာတို့တွင် ချောင်းရေ နှစ်ပေခန့် ဝင်ရောက်လျက်ရှိကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

"မနေ့ကမိုးလည်းအဆက်မပြတ်ရွာတယ်။ ဒီနေ့လည်း မိုးက အဆက်မပြတ်ရွာနေတာဆိုတော့ ရွာအနီးက ခါးကော့ချောင်းနဲ့ နတ်စင်ချောင်းက ချောင်းရေတွေ လျှံတက်ဝင်ရောက်ပြီး သဲတောလေးကျေးရွာ ချောင်းကူးတံတား ခါးအလယ် ကျိုးပြတ်သွားတယ်။ တံတားအရှည်က ပေ ၄၀၊ အကျယ် ၁၂ ပေ ဖြစ်ပြီး အောက်က ရေပွန်လုံး ခြောက်လုံးခန့်ကို ဘိလပ်မြေနဲ့ ကျောက်ကွန်ကရစ်လောင်းထားတဲ့ တံတားဖြစ်ပါတယ်။ တန်ဖိုးငွေကျပ်သိန်း ၃၀ခန့် ပျက်စီးဆုံးရှုံးသွားပါတယ်။ လတ်တလော သဲတောလေးကျေးရွာနဲ့ မြင်သာကျေးရွာအတွင်းမှာလည်း ချောင်းရေ နှစ်ပေခန့် ဝင်ရောက်နေပါတယ်" ဟု ဂဠုန်ကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမိုးက ပြောသည်။



ချောင်းရေဝင်မှုကြောင့် နေထိုင်ရန်ခက်ခဲသည့် လူနေအိမ်တချို့နှင့် ကျွဲနွားတချို့ကို ရေလွတ်ရာ နေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်ရေးအတွက် ဆောင်ရွက်ထားပေးကြောင်းလည်း ၎င်းက ပြောသည်။

သဲတောလေး ကျေးရွာတွင် အိမ်ခြေ ၉၀ ကျော်နှင့် မြင်သာကျေးရွာတွင် အိမ်ခြေ ၂၀ ရှိကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# မြင်းမူမြို့ တောင်ပိုင်းရပ်ကွက်ရှိ ကမ်းနားလမ်းမြေထိန်းနံရံ နိမ့်ဝင်ကျုံ့ကျ

**မြင်းမူ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ တောင်ပိုင်းရပ်ကွက် ကမ်းနား လမ်းမြေထိန်းနံရံနေရာတစ်ခု ဩဂုတ် ၃ ရက်က နိမ့်ကျမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယနေ့ နံနက် ၆ နာရီခွဲက မြင်းမူမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုနှင့် ယမန်နေ့ရက်များက ဧရာဝတီမြစ်ရေမြင့်တက်လာ ခြင်းတို့ကြောင့် မြေသားများ ရေတိုက်စားမှုဖြစ်ပွားကာ နိမ့်ဆင်းသွားနိုင်ခြင်းဖြစ်ကြောင်း ဖြစ်ပွားရာ ကမ်းနားအနီးနေထိုင်သူ ဦးမျိုးကြီးထံမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ အချိန်မီပြုပြင်ရေးလုပ်ငန်းများအဖြစ် ကျုံ့ကျရာနေရာများကို ကျောက်များဖြင့် ဖာထေးခြင်းနှင့် ယာဉ်သွားလာမှု တားမြစ်ခြင်းများ ပြုလုပ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ယခုလမ်းကျုံ့ကျရာနေရာမှာ အလျားအရှည်ပေ ၁၂၀ ၊ အကျယ် ရှစ်ပေနှင့် နိမ့်ဆင်းမြေ ခြောက်လက်မခန့်ရှိကြောင်း၊ ယင်းနေရာကို ပြုပြင်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရှည် ပေ ၂၀၀ ကို ငွေကျပ်သိန်း ၆၀ ပြုပြင်ရန်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# ကော့သောင်းမြို့တွင် အပူပိုင်းမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်ကာ လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**ကော့သောင်း ဩဂုတ် ၃**

ကော့သောင်းမြို့တွင်ဩဂုတ် ၂ ရက် နံနက် ၅ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်သဖြင့် တယ်လီဖုန်းတိုင်၊ လျှပ်စစ်ဓာတ်တိုင်၊ သစ်ပင်များ ပြိုလဲမှုနှင့် မြို့ပေါ်ရပ်ကွက်တချို့နှင့် ကျေးရွာတချို့ရှိ လူနေအိမ်တချို့ အမိုးလှန်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "စင်လကု" အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဩဂုတ်၂ ရက် နံနက် ၅ နာရီမှစတင်ကာ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းများတိုက်ခတ်ရာ နံနက်ပိုင်းတွင် မြို့တွင်းနေရာတချို့တွင် ဖုန်းကြိုးနှင့် လျှပ်စစ်ဓာတ်ကြိုးများပေါ်သို့ အပင်များ ပြိုလဲပိကျမှုကြောင့် ဖုန်းတိုင်နှင့် ဓာတ်တိုင်များ ပြိုလဲမှုဖြစ်ပေါ်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်တချို့ရှိ လူနေအိမ်များ အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

အလားတူ ကော့သောင်းမြို့နယ်အတွင်းရှိ ချမ်းဖန်းကျေးရွာတွင်လည်း လေပြင်းတိုက်ခတ်သဖြင့် လူနေအိမ်တချို့ အမိုးလန်ပျက်စီးဆုံးရှုံးမှုနှင့် အပင်များ ပြိုလဲမှု ဖြစ်ပွားခဲ့ပြီး စူငယ်ဘာလိုင်း ကျေးရွာအုပ်စု၊ ကံပိုမာတမ်းကျေးရွာတွင် ပင်လယ်လှိုင်းများရိုက်ခတ်သဖြင့် ကျေးရွာ ရေဆင်းသစ်သား တံတားငယ်တစ်စင်း ပြိုကျပျက်စီးမှုနှင့် လူနေအိမ်တချို့ အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



အဆိုပါဖြစ်စဉ်များအတွင်း သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကူညီမှုကြောင့် ဓာတ်အားလိုင်းများ ခေတ္တပြတ်တောက်ခဲ့ပြီး ဖုန်းလိုင်းများ ပြတ်တောက်ခြင်းမရှိဘဲ ပျက်စီးဆုံးရှုံးမှု အနည်းငယ်မျှဖြစ်ပေါ်သည်မှ လွဲ၍ လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုမရှိကြောင်း၊ ခရိုင်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ အိမ်ထောင်စုများကို ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မုန်တိုင်းအရှိန်သည် မြန်မာနိုင်ငံပင်လယ် ကမ်းရိုးတန်းဒေသများသို့ ထပ်မံသက်ရောက်လာနိုင်သဖြင့် ဒေသတာဝန်ရှိအဖွဲ့အစည်းများက ကော့သောင်းမြို့ ပင်လယ်ကမ်းစပ်များတွင်နေထိုင်ကြသည့် ပြည်သူများ၊ ငါးဖမ်းရေယာဉ်များအား သတိပြုနိုင်ရန် အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# တိရစ္ဆာန် မွေးမြူရေးဆိုင်ရာနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ် တားဆီးရေးလုပ်ငန်းများ ပညာပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ကျွဲ၊ နွား ကုန်သွယ်ခြင်းကြောင့် လယ်ယာကဏ္ဍ၏ ကျွဲ၊ နွား အသုံးပြုမှုအပေါ် ထိခိုက်ခြင်း မရှိစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မူဝါဒများ၊ ညွှန်ကြားချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက စိစစ်ကြပ်မတ်၍ ကျွဲ၊ နွားကုန်သွယ်သူများအနေဖြင့် ကျွဲ၊ နွားကိုယ်တိုင် မွေးမြူခြင်း သို့မဟုတ် မွေးမြူဘက်စနစ်ဖြင့် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် လုပ်ငန်းစဉ်အပါအဝင် တည်ဆဲဥပဒေများနှင့်ညီညွတ်ပြီး ဆက်စပ်ဌာနများ၏ သဘောထား မှတ်ချက်များအရ လိုက်လျောညီထွေမှုရှိသည့် လုပ်ငန်းစဉ်များ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းသည် ဩဂုတ် ၂ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး၌ ကျွဲ၊ နွား မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကျွဲ၊ နွားကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

အလားတူ ခရိုင်နှင့်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ကျေးရွာများတွင် မွေးမြူရေးဆိုင်ရာ သင်တန်းများ ဆောင်ရွက်ပေးနေမှုနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်တားဆီးရေး ဆောင်ရွက်ချက်များ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ဆည်မြို့နယ် အုန်းလွဲကျေးရွာ၌ ဖွင့်လှစ်ပို့ချလျက်ရှိသော မွေးမြူထုတ်လုပ်မှုဆိုင်ရာ သင်တန်းသို့ ရောက်ရှိပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ကျွဲ၊ နွားကုန်သွယ်မှု အများဆုံးဒေသများဖြစ်သည့် စစ်ကိုင်း၊ မကွေး၊ မန္တလေး စသည့် တိုင်းဒေသကြီးများတွင် တိရစ္ဆာန်ရောဂါ ထိန်းချုပ်ကာကွယ်ကုသရေးဆိုင်ရာ အသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်၊ မွေးမြူရေး တောင်သူများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဒေသများခွဲ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးလုပ်ကိုင်သူတောင်သူများအနေဖြင့် တိရစ္ဆာန်ရောဂါထိန်းချုပ်ကာကွယ်ကုသရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ကျွဲနွားမွေးမြူရေးသင်တန်း၊ ဝက် မွေးမြူရေးသင်တန်း၊ သိုး၊ ဆိတ် မွေးမြူရေးသင်တန်း၊ ကြက်မွေးမြူရေးသင်တန်း၊ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်း၊ မျိုးမြှင့်တင်ရေးသင်တန်း စသည့် မွေးမြူရေးဆိုင်ရာ သင်တန်းခြောက်မျိုးကို စီမံကိန်းဒေသများအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများ လွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ဖျာပုံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**ဖျာပုံ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ မြန်ဆန်စွာရရှိစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဖျာပုံမြို့နယ်ရုံးမှ ဦးစီးမှူး ဦးဇော်လွင် ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ဖျာပုံမြို့နယ် အပြောင်ကျေးရွာသို့ ကွင်းဆင်းကာ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးသည်။




"အသက် ၁၈ နှစ် ပြည့်ပြီးတဲ့ နိုင်ငံသားတိုင်း လာမယ့် နိုဝင်ဘာလမှာ ကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ မဲပေးခွင့် မဆုံးရှုံးစေရေးနဲ့ မဲဆန္ဒရှင်စာရင်းများ ဖော်ပြရာမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်အချက်အလက် မပြည့်စုံမှု မရှိစေဖို့အတွက် အခုလို ပြည်သူများထံအရောက် ကွင်းဆင်းဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဖျာပုံမြို့နယ် ဦးစီးမှူး ဦးဇော်လွင်က ပြောသည်။

ဖျာပုံမြို့နယ်အတွင်း၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်မှုသည် ၂၀၁၈ ခုနှစ် ဩဂုတ်လမှ ၂၀၂၀ပြည့်နှစ် ဩဂုတ် ၃ ရက်အထိ ၃က၊ ၆က၊ လဲလှယ်၊ မိတ္တူ အစရှိသည်များကို ၂၂၃၇၅ ဦးအား ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# တနိုင်းမြို့နယ်တွင် ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများဖြန့်ဝေ

**တနိုင်း ဩဂုတ် ၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများကို ယနေ့ နံနက် ၇ နာရီက မြို့နယ်စည်ပင်သာယာဈေးပတ်ဝန်းကျင်နှင့် ရေစင်များတွင် ဖြန့်ဝေပေးသည်။

**မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင်ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အတွင်း ကပ်ထားသော မဲဆန္ဒရှင်များစာရင်းတွင် မိမိနာမည် ပါ/မပါ သွားရောက်ကြည့်ရှုစစ်ဆေးကြရန်နှင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

**လက်ဝယ်အရောက် ဖြန့်ဝေ**

အဆိုပါ လက်ကမ်းစာစောင်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးကျော်သက်ပိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက လူစည်ကားရာ နေရာများဖြစ်သည့် မြို့နယ်စည်ပင်သာယာဈေးပတ်ဝန်းကျင်ရှိ ဈေးသည်များ၊ ဈေးဝယ်လာပြည်သူများအား လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်းထင်ကျော်(ပြန်/ဆက်)**

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပြည်သူသို့ အသိပေးနှိုးဆော်

မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာ ရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

သို့ဖြစ်ရာ ယခုကာလ၌ ပုံမှန်ရေကြီးရေလျှံခြင်းမျိုးသာမက လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ မြေပြိုမှုများနှင့်ပတ်သက်၍လည်း အထူးသတိထားရန် လိုအပ်ကြောင်းနှင့် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်-

- မိုးလေဝသသတင်းများနှင့် ထူးခြားမြစ်ရေအခြေအနေထုတ်ပြန်ချက်များကို သတိပြုနားထောင်ပါ။
- အသက်ကယ်အင်္ကျီ၊ ဗောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ ကားတာယာကျွတ် အစရှိသည့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသားများဖြင့် ကြိုတင်မှတ်သားထားရှိပါ။
- တောင်ပေါ်ဒေသများ၊ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်း သတိပြုပါ။ လျှပ်တစ်ပြက်ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။
- မြစ်၊ ချောင်းကမ်းပါးများနှင့် အလွန်နီးကပ်စွာ နေထိုင်သူများ၊ သဲသောင်ပြင်များတွင် သီးနှံစိုက်ပျိုးကြသူများ လိုအပ်ပါက အန္တရာယ်လွတ်ကင်းသည့် နေရာများသို့ ခေတ္တပြောင်းရွှေ့နေထိုင်ပါ။
- ရေကြီးသောဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတက်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်။ တောင်ကုန်း၊ တောင်စောင်းများအနီးတွင် နေထိုင်သူများ တောင်ပြိုကျမှုအန္တရာယ်ကို သတိထားပါ။
- ရေထဲတွင် မလိုအပ်ဘဲ ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။ မလွဲမရှောင်သာ ရေထဲဖြတ်လျှောက်ရပါက တုတ်ဖြင့် စမ်းထောက်ပြီးသွားပါ။
- ရေကြီးနေစဉ် တောင်ကျချောင်းများ၌ လူ၊ တိရစ္ဆာန်၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား မဖြတ်ကူးပါနှင့်။ ရေစီးနှင့် မျောပါတတ်ပါသည်။
- ရေကြီးနေချိန်၊ ရေကြီးပြီးချိန်များတွင် လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှ ဝေးဝေးနေပါ။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။ မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကို သတိပြုပါ။

ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များ၊ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်၊ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရွှေဘို၊ ကသာနှင့် အင်းတော်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းက ရွှေဘိုမြို့ အမှတ်(၆)ရပ်ကွက် အောင်ဇေယျ လမ်းတွင် တွေ့ရှိသူ အောင်ပိုင်ဌေး(ခ) စောအယ်ဖိုးနှင့် ဇနီးဖြစ်သူ မရွှေရည်သန္တာ၊ ထွန်းထွန်းဝင်း(ခ)တေဇာကြီး တို့ သုံးဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း၊ အလားတူယင်းနေ့ ညနေ ၃ နာရီခွဲတွင် ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကသာမြို့ ပတ္တမြားရပ်ကွက် ကားကြီးဝင်း တိုက်တန်း(၂) အခန်းအမှတ်(၁၅)နေ ဒေါ်နုဇ၏တိုက်ခန်းကို ရှာဖွေရာ ၎င်းနှင့်အတူ မှုံဖွား၊ အစ၊ ထွန်းတင်၊ အောင်အောင်တို့ကို တွေ့ရှိရပြီး ၎င်းတို့ထံမှ ငွေကျပ် ၁၀၁၄ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း ၃၃ ဒသမ ၈ ကီလိုနှင့် ဆိုင်ကယ် နှစ်စီးတို့ကိုလည်းကောင်း။

ထို့အတူ ဩဂုတ် ၁ ရက် ညနေ ၅ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်း မော်လူးမြို့နှင့် နန့်စီးအောင်ကျေးရွာကြားတွင် AD Van အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ရွှေဘို-မြစ်ကြီးနားလမ်း မံပဲကျေးရွာ လမ်းခွဲအနီး၌ ယာဉ်ကို ရပ်တန့်လျက်တွေ့ရှိပြီး ယာဉ်ပေါ်မှ အမျိုးသား သုံးဦးမှာ ထွက်ပြေးသွားကြောင်း၊ ထို့နောက် ဖမ်းဆီးရမိရေး ဆောင်ရွက်နေစဉ် ည ၇ နာရီခန့်တွင် နန့်စီးအောင် ကျေးရွာဘက်မှ မောင်းနှင်လာသော MARK II အမျိုးအစားမော်တော်ယာဉ် တစ်စီးမှာ နောက်ပြန်လှည့်မောင်းနှင် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ နန့်စီးအောင် ကျေးရွာသစ်ကွင်းအနီး၌ ဖမ်းဆီးရမိပြီး ယာဉ်ပေါ်တွင် တူးဂျာ၊ မာဂမ်(ခ)မာဘရမ်နှင့် ဒီးလာတို့ကို တွေ့ရှိခဲ့ကြောင်း၊ ဆက်လက်၍ ၎င်းတို့အား စစ်ဆေးချက်အရ AD Van အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ် ၃၀၂၆ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၂ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ၊ ဘိန်းစိမ်း ၈ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



တူးဂျာ၊ မာဂမ်(ခ)မာဘရမ်၊ ဒီးလာ တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် သေရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းစေခြင်း (Killing and Maiming of Children) ၊

(၂) တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးသူငယ်များအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း (Recruitment and Use of Children by Armed Forces or Armed Groups)၊

(၃) ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအမျိုးမျိုး (Rape or other Sexual Violence Against Children) ၊

(၄) ကလေးသူငယ်များအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း (Abduction of Children) ၊

(၅) ဆေးရုံနှင့် ကျောင်းများအား တိုက်ခိုက်ခြင်း (Attacks against Schools and Hospitals)၊

(၆) ကလေးသူငယ်များအတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကို တားဆီးခြင်း (သို့မဟုတ်) ခွင့်မပြုခြင်း (Denial of Humanitarian Access for Children)။

## ကန့်ဘလူမြို့နယ်တွင် မိုးကြိုးစက်ကွင်းမိ၍ နွားနှစ်ကောင် သေဆုံး

**ကန့်ဘလူ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ထိန်တောကျေးရွာအုပ်စု ရဲဒွေးကျေးရွာအနီး လယ်ကွင်းထဲရှိ ကျွန်းပင်အောက်တွင် ချည်ထားသော နွားနှစ်ကောင်မှာ ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးကြိုးစက်ကွင်းမိ၍ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါနေရာသို့ ထန်းကုန်းနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်၊ ထိန်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

## အမြန်လမ်းတွင် ပရိုဘောက်ယာဉ် အရှိန်လွန်တိမ်းမှောက် နှစ်ဦးသေဆုံး လေးဦး ဒဏ်ရာရရှိ

**ရေတာရှည် ဩဂုတ် ၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရေတာရှည်မြို့နယ် သာဂရအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင် ၁၇၆/၂ နှင့် ၃ အကြားတွင် ယနေ့ နံနက် ၇ နာရီ ၁၀ မိနစ်ခန့်က ပရိုဘောက်ယာဉ်ငယ် တစ်စီး အရှိန်လွန်တိမ်းမှောက်ရာ နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သတင်းအရ သာဂရအမြန်လမ်းရဲစခန်းမှ စခန်းမှူး ကျော်စွာလတ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ အခင်းဖြစ်ရပ်သို့သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ မြောက်ဥက္ကလာပမြို့နယ်နေ ဇင်မင်းထိုက် (၃၁နှစ်) မောင်းနှင်လာသော ပရိုဘောက်ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်လွန် တိမ်းမှောက်သွားရာ ယာဉ်မောင်း ဇင်မင်းထိုက်နှင့် မတင်တင်နွယ် (၂၄ နှစ်) တို့နှစ်ဦးမှာ ရရှိသည့်ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးသွားပြီး မြောက်ဥက္ကလာပမြို့နယ် နေသူများဖြစ်သော ရဲတင်အောင် (၂၈ နှစ်)၊ မအေးဇူလိုင်မိုး (၂၇ နှစ်)၊ မောင်ပိုင်စိုးဦး (၃နှစ်)၊ မောင်စက်ပိုင်လင်း (၃နှစ်) တို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

**သန်းလွင်**

## မန္တလေးမြို့၌ လျှပ်စစ်ကေဘယ်ကြိုး ခိုးယူရောင်းချသူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် မြို့အောင် ဦးစီးလှည့်ကင်းအဖွဲ့သည် ဩဂုတ် ၂ ရက် နံနက် ၃ နာရီခွဲခန့်က မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ၄၃ လမ်းနှင့် ၆၄ လမ်းထောင့်၌ မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာနေ ဇော်ဝင်းအောင်နှင့် နတ်တလင်းမြို့နယ် သရက်တောကျေးရွာနေ မနုနုတို့အား လက်ဆွဲခြင်း တစ်လုံး၊ ကတ်တာ တစ်ချောင်းတို့နှင့်အတူ မသင်္ကာဖွယ် တွေ့ရှိ၍ စစ်ဆေးရာ မန္တလေးမြို့၊ မိတ္ထီလာမြို့နှင့် ပုသိမ်ကြီးမြို့ပေါ်ရှိ နေရာအသီးသီးမှ ခိုးယူထားသည့် လျှပ်စစ်ကေဘယ်ကြိုးများကို ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ ဦးအေးကျော်နှင့် ဒေါ်မာလုံးတို့၏ အဟောင်းဆိုင်၌ ရောင်းချထားကြောင်း သိရသည်။

၎င်းတို့က ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်နေ ဦးလင်းထက်ဝင်းထံ တစ်ဆင့် ရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခိုးယူရောင်းချခဲ့သည့် လျှပ်စစ်ကေဘယ်ကြိုး စုစုပေါင်း ၂၁၉ ဒသမ ၉ ပိဿာကို သိမ်းဆည်းရမိသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ **ရဲပြန်ကြား**



## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၃ စီး၊ သွင်းကုန် ၃၄၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၁၄ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ သယ်ဆောင်လာသည့် Car Spring Leaf (အဟောင်း) ခန့်မှန်းအလေးချိန် ၆ တန်ခန့်နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီးကို ဖမ်းဆီးရမိကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးထားနိုင်သူဖြစ်သည်။ ဖူလ်ဟမ်အသင်း၏ လက်ရှိတာဝန်ယူကိုင်တွယ်နေသည့် နည်းပြမှာ အသက် ၃၉ နှစ်အရွယ်သာ ရှိနေသေးသည့် အင်္ဂလန်လူမျိုးနည်းပြ စကော့ပါကားဖြစ်သည်။ ၎င်းသည် ကစားသမားဘဝတွင် ချယ်လ်ဆီး၊ နယူးကာဆယ်၊ ဝက်စ်ဟမ်း၊ စပါးနှင့် ဖူလ်ဟမ်အသင်းတို့တွင် ကစားဖူးကြောင်း သိရသည်။ ၎င်း၏ ဖူလ်ဟမ်အသင်းသည် ချန်ပီယံရှစ်ရာသီပိတ်သိမ်းချိန်တွင် ဘရန့်ဖို့ဒ်အသင်းနှင့် ရမှတ် ၈၁ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အဆင့် (၄) နေရာဖြင့် ရာသီပိတ်သိမ်းနိုင်ခဲ့သည်။

ဒီနှစ်သင်း၏ အသင်းလိုက် စွမ်းဆောင်မှုပိုင်းတွင် ကွာခြားမှုသိသိသာသာမရှိသော်လည်း တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းတွင် ဘရန့်ဖို့ဒ်အသင်းက ဖူလ်ဟမ်အသင်းထက် အသာရထားကြောင်း မှတ်တမ်းများအရ သိရသည်။ ဘရန့်ဖို့ဒ်အသင်းသည် ယခုနှစ်ရာသီတွင် ရဂိုး ၈၀ အထိရှိပြီး ပေးဂိုးက ၃၈ ဂိုးသာရှိနေသည်။ ဖူလ်ဟမ်အသင်းက ရဂိုး ၆၈ ဂိုးရှိပြီး ပေးဂိုးက ၄၈ ဂိုးအထိရှိနေသည်။ ထို့အပြင် ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုအပိုင်းတွင်လည်း ဘရန့်ဖို့ဒ်အသင်းကသာ အသာစီးရယူနိုင်ကြောင်း အချက်အလက်များအရ သိရသည်။ ဘရန့်ဖို့ဒ်နှင့် ဖူလ်ဟမ်အသင်းတို့ နောက်ဆုံးလေးကြိမ် ထိပ်တိုက်တွေ့ဆုံမှုတွင် တစ်ပွဲသရေကျထားပြီး ကျန်သုံးပွဲစလုံး ဘရန့်ဖို့ဒ်အသင်းက အနိုင်ရရှိထားသည်။ ထို့ကြောင့် ဘရန့်ဖို့ဒ်အသင်းအနေဖြင့် ယခုအကြိမ် ဗိုလ်လုပွဲတွင်တွေ့ဆုံမှု၌ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိပြီး ပရီမီယာလိဂ်သို့ တက်လှမ်းသွားနိုင်မလား၊ သို့တည်းမဟုတ် ဘရန့်ဖို့ဒ်အသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို ဖူလ်ဟမ်အသင်းချိုးဖျက်ပြီး လာမည့်နှစ် ပရီမီယာလိဂ် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ပရီမီယာလိဂ်မှ ချန်ပီယံရှစ်သို့ ဘုန်းမောက်၊ ဝက်ဖို့ဒ်နှင့် နော့ဝှစ်ချ်တို့ တန်းဆင်းခဲ့ရပြီး ချန်ပီယံရှစ်မှ ပရီမီယာလိဂ်သို့ လက်ရှိအချိန်အထိ လိဒ်စ်နှင့် ဝက်စ်ဘရွန်းအသင်းတို့သာ တက်ရောက်ထားနိုင်သေးသည်။ ထို့ကြောင့် တန်းတက် လက်ကျန်တစ်နေရာစာအတွက် ဘရန့်ဖို့ဒ်နှင့် ဖူလ်ဟမ်အသင်းတို့ထဲမှ အနိုင်ရရှိသည့် အသင်းအနေဖြင့် ပရီမီယာလိဂ်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ အဆိုပါ ပရီမီယာလိဂ်လက်ကျန်တစ်နေရာစာအတွက် အဆုံးအဖြတ်ရလဒ်ကို ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်က အဖြေပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**



ရုရှားဇီဝနည်းပညာကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# ၂၀၂၁ ခုနှစ်တွင် ကိုဗစ် – ၁၉ ကာကွယ်ဆေး သန်းနှင့်ချီ၍ ထုတ်လုပ်နိုင်ရေး ရုရှားရည်ရွယ်ထား

**မော်စကို ဩဂုတ် ၃**

လာမည့်လအတွင်း ရုရှားနိုင်ငံက ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ထုတ်လုပ်သွားရန်နှင့် လာမည့်နှစ်အတွင်း သန်းနှင့်ချီ၍ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားသည်ဟု ဩဂုတ် ၃ ရက်တွင် ကြေညာခဲ့သည်။

တိုင်းပြည်အတွင်း ကာကွယ်ဆေးအချို့ကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပြီး Gamaleya အင်စတီကျူတွင် ပြင်ဆင်နေသည့် ကာကွယ်ဆေးမှာ တိုးတက်မှုများ ရရှိနေသည်။

စက်တင်ဘာလအတွင်း ထုတ်လုပ်မှုပမာဏကို အရှိန်မြှင့်တင်ရန် စီစဉ်လျက်ရှိသည်ဟု ရုရှားစက်မှုဝန်ကြီး ဒန်နစ်မန်တူရိုဗ်က တီအေအက်စ်အက်စ် သတင်းအေဂျင်စီနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

Gamaleya ကာကွယ်ဆေးမှာ လူသားများတွင် စမ်းသပ်မှု ပြီးသွားပြီဖြစ်ပြီး အချက်အလက်များကို မှတ်တမ်းတင်ရန် ပြင်ဆင်နေသည်ဟု ကျန်းမာရေးဝန်ကြီး မီခေးလ်မူရက်ရှ်ကိုက ဇူလိုင် ၃၁ ရက်တွင် ပြောကြားခဲ့သည်။ ဆားဘီးယားအခြေစိုက် ဗက်တာခေတ်ခွဲခန်းမှ စမ်းသပ်နေသည့် အခြားသောကာကွယ်ဆေးတစ်မျိုးမှာလည်း လက်ရှိတွင် စမ်းသပ်မှုပြုလုပ်နေပြီး လာမည့်နှစ်လအတွင်း နောက်ထပ်ကာကွယ်ဆေးနှစ်ခုကိုလည်း လူသားများတွင် စမ်းသပ်မှုစတင်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ ကိုဗစ် – ၁၉ ကူးစက်မှုမှာ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးနှင့် အိန္ဒိယတို့ပြီးလျှင် စတုတ္ထနေရာတွင် ရပ်တည်လျက်ရှိသည်။ **အေအက်ဖ်ပီ**

# အိန္ဒိယ ပြည်ထဲရေးဝန်ကြီး ကိုဗစ် - ၁၉ ကူးစက်ခံရ

**နယူးဒေလီ ဩဂုတ် ၃**

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ အနီးကပ်လက်ထောက်တစ်ဦးဖြစ်သူ ပြည်ထဲရေးဝန်ကြီးတွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း သိရသည်။ ပြည်ထဲရေးဝန်ကြီး အမစ်ရှားက ၎င်းတွင် ကိုဗစ် –၁၉ ကူးစက်ခံထားရကြောင်း ဩဂုတ် ၁ ရက်တွင် ပြောကြားခဲ့သည်။

ကျန်းမာရေးအခြေအနေကောင်းမွန်နေသော်လည်း ဆရာဝန်၏ အကြံပြုချက်ဖြင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေကြောင်း ၎င်းက ပြောကြားခဲ့သည်။ လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း ၎င်းနှင့် ထိတွေ့ခဲ့သူများအားလုံး ဆေးစစ်မှုခံယူကြရန်နှင့် သီးခြားခွဲနေကြရန် ပြည်ထဲရေးဝန်ကြီးက တိုက်တွန်းခဲ့သည်။ လွန်ခဲ့သည့်သီတင်းပတ်အတွင်း ပြုလုပ်ခဲ့သည့် အစိုးရအဖွဲ့အစည်းအဝေးတွင် ဝန်ကြီးချုပ်မိုဒီနှင့် အခြားသောအစိုးရအဖွဲ့ဝင်များသည် လူမှုဝေးကွာပုံစံအတိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း အိန္ဒိယမီဒီယာများတွင် ဖော်ပြကြသည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁ ဒသမ ၇၆ သန်းရှိပြီး ကမ္ဘာပေါ်တွင် အမေရိကန်နှင့် ဘရာဇီးတို့ပြီးလျှင် တတိယကူးစက်မှုအမြင့်ဆုံးနိုင်ငံလည်း ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



အိန္ဒိယဝန်ပြည်ထဲရေးဝန်ကြီး အမစ်ရှား

# ဆီးရီးယား ကာ့ဒ်များနှင့် အမေရိကန်ကုမ္ပဏီတို့အကြား ရေနံစာချုပ်ကို တူရကီတို့ ရှုတ်ချ

**ဒမတ်စကတ် ဩဂုတ် ၃**

ဆီးရီးယား အရှေ့မြောက်ပိုင်းရှိ ကာ့ဒ်ဦးဆောင်သည့် တပ်ဖွဲ့များနှင့် အမေရိကန် ရေနံကုမ္ပဏီတို့အကြား ရေနံစာချုပ် ပြုလုပ်ခဲ့သည့်အတွက် တူရကီတို့က အကြီးအကျယ် ဒေါသထွက်လျက်ရှိသည်။

ယင်းသို့ပြုလုပ်မှုသည် လက်ခံနိုင်ဖွယ်ရာမရှိသကဲ့သို့ အကြမ်းဖက်သမားများကို ငွေကြေးထောက်ပံ့နေမှုပင်ဖြစ်သည်ဟု တူရကီတို့က စွပ်စွဲခဲ့သည်။ ရေနံနယ်မြေများကို ခေတ်မီတိုးတက်စေရန် ဆီးရီးယားဒီမိုကရက်တစ်တပ် (အက်စ်ဒီအက်ဖ်)နှင့် အမေရိကန် ရေနံကုမ္ပဏီတို့ကြား သဘောတူညီမှုတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း အမေရိကန်အရာရှိပိုင်းက အတည်ပြုပြောကြားခဲ့သည်။

ဆီးရီးယားအစိုးရကမူ ယင်းလုပ်ရပ်မှာ ခိုးယူသည့် လုပ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ အချုပ်အခြာကို ချိုးဖောက်ခြင်းပင်ဖြစ်သည်ဟု ရှုတ်ချခဲ့သည်။ ဆီးရီးယား ဒီမိုကရက်တစ်တပ်သည် ကာ့ဒ်များ ဦးဆောင်သည့် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပြီး ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန် ကြိုးပမ်းနေသည့်အဖွဲ့ဖြစ်ကာ တိုင်းပြည်၏ အကြီးဆုံး ရေနံမြေများကို ထိန်းချုပ်ထားသည်။



ဆီးရီးယားရှိ ရေနံတူးဖော်ရေးနယ်မြေကို တွေ့ရစဉ်။

အမေရိကန်က ကျောထောက်နောက်ခံပြုထားသော အဆိုပါတပ်ဖွဲ့ကို ဆီးရီးယားကာ့ဒ်များဖြင့် အဓိကဖွဲ့စည်းထားပြီး တူရကီကမူ ယင်းအဖွဲ့ကို အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသည်။ ရေနံသဘောတူညီမှုစာချုပ် ချုပ်ဆိုခဲ့သည့် အမေရိကန် ကုမ္ပဏီမှာ Delta Crescent Energy ကုမ္ပဏီဖြစ်သည်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြသည်။

အမေရိကန်ဘက်က ယခုလို ထောက်ပံ့ပေးလိုက်ခြင်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေများကို လျစ်လျူရှုခြင်းဖြစ်ပြီး ယင်းစာချုပ်သည် အကြမ်းဖက်သမားများကို ဘဏ္ဍာရေးထောက်ပံ့ပေးလိုက်ခြင်းဟု ယူဆဖွယ်ရာရှိကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ **အေအက်ဖ်ပီ**

# အာဖဂန်နစ္စတန်ရှိ အကျဉ်းထောင်တစ်ခု တိုက်ခိုက်ခံရမှုကြောင့် လူ ၂၀ ထက်မနည်း သေဆုံး

**ကဘူးလ် ဩဂုတ် ၃**

အာဖဂန်နစ္စတန်ရှိ အကျဉ်းထောင်တစ်ခုကို အိုင်အက်စ်အဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့ပြီး ယင်းသို့ တိုက်ခိုက်မှုကြောင့် လူ ၂၀ ထက်မနည်း သေဆုံးခဲ့သည်ဟု အာဏာပိုင်များက ဩဂုတ် ၃ ရက်တွင် ပြောကြားခဲ့သည်။

ယင်းသို့တိုက်ခိုက်မှုကြောင့် ဘာသာရေးပွဲတော်ကာလအတွင်း တာလီဘန်နှင့် အစိုးရတပ်တို့အကြား ပြုလုပ်ထားသည့် အပစ်အခတ်ရပ်စဲရေးကို ပျက်စီးသွားစေသည်။ သေနတ်သမားများက ဂျာလာလာဘတ်မြို့ အရှေ့ပိုင်းရှိ အိုင်အက်စ် စစ်သွေးကြွများနှင့် တာလီဘန် အကျဉ်းသားများ စုစုပေါင်း ၁၇၀၀ ခန့် ဖမ်းဆီးထားသည့် အကျဉ်းထောင်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အကျဉ်းထောင်အနီးတစ်ဝိုက်နှင့် အတွင်းပိုင်းတွင် သေနတ်သမားများ ဆက်လက်ရှိနေဆဲ ဖြစ်သည်ဟု နန်ဂါဟာပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ အတူလာ ခိုယာနီက အေအက်ဖ်ပီသို့ ပြောသည်။

တိုက်ပွဲမှာဩဂုတ်၃ရက်အထိ ဆက်လက်ဖြစ်ပွားနေပြီး အကျဉ်းထောင် အနီးတစ်ဝိုက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် သံချပ်ကာကားများ တပ်ဖြန့်ချထားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များ အပါအဝင် လူပေါင်း ၂၀ သေဆုံးခဲ့သည်ဟု ပြည်နယ်ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ ဇာဟာ အဒယ်က ပြောသည်။

ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသား ၇၀၀ ခန့်ကို ပြန်လည်ဖမ်းဆီးပြီးဖြစ်ကြောင်း လုံခြုံရေးသတင်းအရင်းအမြစ်တစ်ခုက အေအက်ဖ်ပီသို့ ပြောသည်။ **အေအက်ဖ်ပီ**



အကျဉ်းထောင်အနီးတွင် လုံခြုံရေးတာဝန်ယူနေသည့် အာဖဂန်အစိုးရတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

## ကယ်လီဖိုးနီးယား တောင်ပိုင်းတွင် တောမီးလောင်

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၃**

ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် ဩဂုတ် ၃ ရက်က တောမီးလောင်လျက်ရှိရာ မီးသတ်သမားပေါင်း ၂၂၀၀ ကျော်သည် မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းနေကြသည်။

အဆိုပါတောမီးသည် လော့စ်အိန်ဂျလိစ်မြို့ အရှေ့ပိုင်းရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်လျက်ရှိသည်။ ဇူလိုင် ၃၁ ရက်က ဆန်ဘက်နက်ဒင်နိုမြို့တွင် တောမီးလောင်ခဲ့ပြီး မြေဧကပေါင်း ၂၀၀၀၀ လောင်ခဲ့သည်။

အစိုဓာတ်ကျဆင်းလာမှု၊ ရေငွေ့လျော့နည်းလာမှုနှင့် အပူချိန်မြင့်မားလာမှုတို့က တောမီးလောင်မှုကို ပိုမိုအားပေးကြောင်း အမေရိကန်ပြည်ထောင်စု သစ်တောဝန်ဆောင်မှုအဖွဲ့က ပြောသည်။

လူပေါင်း ၇၈၀၀ ကို နေအိမ်များမှ ကယ်ဆယ်ခဲ့ရသည်။ ဩဂုတ် ၃ ရက်တွင် မီးသတ်သမား ၂၂၆၀ တို့သည် ရေသယ်ရဟတ်ယာဉ်များ၊ မီးသတ်ကားများ အသုံးပြုကာ တောမီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ **အေအက်ဖ်ပီ**

# မနီလာမြို့နှင့် အနီးတစ်ဝိုက်တွင် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ပြန်လည်ချမှတ်မည်



အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်ဖြင့် စီးနင်းလိုက်ပါရန် စောင့်ဆိုင်းနေကြသည့် ဖိလစ်ပိုင်ပြည်သူများ။

မနီလာ ဩဂုတ် ၃

**ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် မြင့်တက်လာမှုကြောင့် မြို့တော်မနီလာနှင့် အနီးတစ်ဝိုက်တွင် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုကို တင်းတင်းကျပ်ကျပ် ပြန်လည်ချမှတ်ရန် ဖိလစ်ပိုင်အစိုးရက ပြင်ဆင်နေကြောင်း သိရသည်။**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအဖြစ်များသည့် မနီလာမြို့နှင့် အနီးအနား ပြည်နယ်များတွင် ဩဂုတ်လ တစ်လျှောက်လုံး အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှု သက်ရောက်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ဩဂုတ် ၂ ရက်တွင် ကြေညာခဲ့သည်။

ကန့်သတ်ပိတ်ဆို့မှု စီမံဆောင်ရွက်ချက်များတွင် ပြည်သူများအနေဖြင့် မဖြစ်မနေလိုအပ်သည့် အစားအသောက်နှင့်ဆေးဝါးများ ဝယ်ယူရန်မှအပ နေအိမ်အပြင်ထွက်ခွင့်တားမြစ်ခြင်း ပါဝင်မည်ဖြစ်ပြီး ကုမ္ပဏီဝန်ထမ်းများအနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များ အသုံးပြုခြင်းကို ကန့်သတ်မည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့ချိန်မှစတင်ကာ နိုင်ငံ့စီးပွားရေးထိခိုက်ခဲ့ပြီး အလုပ်လက်မဲ့ပမာဏမှာ ပြီးခဲ့သည့် ဧပြီလတွင် ၁၇ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ကာ အဆိုးဆုံးပမာဏအဖြစ် စံချိန်တင်ခဲ့သည်။

သို့ဖြစ်ရာ စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများ ပြန်လည်စတင်နိုင်ရန်အတွက် အစိုးရက ဇွန်လတွင် ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ပေးခဲ့သည်။ သို့ရာတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ဇူလိုင်လလယ်လောက်တွင် မြန်မြန်ဆန်ဆန် ကူးစက်ပျံ့နှံ့လာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း ဩဂုတ် ၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၀၃၂ ဦးရှိခဲ့ပြီး ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၁၀၀၀၀၀ အထိ ဖြစ်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်မီ ဂျိုးဘိုင်ဒင်က သမ္မတထရမ့်ထက် ရှေ့ရောက်နေ

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်သမ္မတ ရွေးကောက်ပွဲကျင်းပရန် သုံးလသာ ကျန်ရှိတော့သည့် အချိန်အတောအတွင်း လူထုသဘောထားဆန္ဒ ခံယူမှုရလဒ်များအရ ဒီမိုကရက်တစ် ကိုယ်စားလှယ် ဂျိုးဘိုင်ဒင်က ရီပတ်ဘလစ်ကန် သမ္မတ ဒေါ်နယ်ထရမ့်ကို ဦးဆောင်လျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၃ ရက်တွင် လူထုသဘောထားစစ်တမ်း ကောက်ယူခဲ့သည့် ရလဒ်များအရ ဂျိုးဘိုင်ဒင်က ၄၉ ဒသမ ၄ ရာခိုင်နှုန်း လူထုထောက်ခံမှုရရှိထားပြီး သမ္မတထရမ့်က ၄၂ ရာခိုင်နှုန်းဖြစ်ကြောင်း နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။

အဓိကကျသည့် မဲဆွယ်စည်းရုံးရေးနယ်မြေများတွင် သမ္မတထရမ့်က ဂျိုးဘိုင်ဒင်ထက် နောက်ကောက်ကျနေသည်ဟု မီဒီယာအချို့က ဖော်ပြကြသည်။

သမ္မတထရမ့်သည် ကိုဗစ်- ၁၉ ရောဂါကျရောက်မှုအပေါ် ၎င်း၏ စီမံကိုင်တွယ် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန်ဝေဖန်ခံရလျက်ရှိပြီး နိုင်ငံအတွင်း လူမျိုးရေးဆိုင်ရာခွဲခြားမှုကို ဆန့်ကျင်သည့် ဆန္ဒပြမှုများအပေါ် ၎င်း၏ တုံ့ပြန်ဆောင်ရွက်မှုများတွင်လည်း လူထုထောက်ခံမှု ဆုံးရှုံးခဲ့သည်။


ဂျိုးဘိုင်ဒင်က ၎င်းအနေဖြင့် အမျိုးသမီး တွဲဖက်တစ်ယောက်ကို ရွေးချယ်မည်ဖြစ်ပြီး ၎င်း၏ ရွေးချယ်မှုကို ယခုရက်သတ္တပတ်အစောပိုင်းလောက်တွင် ကြေညာမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန် ရွေးကောက်ပွဲအတွက် ပြည်သူများဆန္ဒမဲ ထည့်ဝင်မှုကို နိုဝင်ဘာ ၃ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်



ဒီမိုကရက်တစ်ကိုယ်စားလှယ် ဂျိုးဘိုင်ဒင်

# အမေရိကန်ရှိ ပြည်နယ်ပေါင်း ၃၀ တို့တွင် ကြက်သွန်နီနှင့် ဆက်နွှယ်သည့် အစာအဆိပ်သင့်မှုဖြစ်ပွား

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်ပေါင်း ၃၀ ကျော်တို့တွင် ဒေသခံပြည်သူ ၄၀၀ နီးပါး အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ရသည့်အကြောင်းမှာ ကြက်သွန်နီများနှင့် ဆက်နွှယ်နေကြောင်း ဖက်ဒရယ်ကျန်းမာရေး အာဏာပိုင်များက ပြောကြားခဲ့သည်။

## သေဆုံးသူမရှိ

ကယ်လီဖိုးနီးယားပြည်နယ်ရှိ ကုမ္ပဏီတစ်ခုက အစာအဆိပ်သင့်မှု ဖြစ်ပွားရသည့် ရင်းမြစ်တစ်ခုဖြစ်နိုင်ကြောင်း အာဏာပိုင်များက ပြောသည်။ ပြီးခဲ့သည့် ဇွန် ၁၉ ရက်မှ ဇူလိုင် ၁၂ ရက်အထိ အတောအတွင်း ကယ်လီဖိုးနီးယားပြည်နယ်၊ အော်ရီဂွန်ပြည်နယ်နှင့် ယူတားပြည်နယ်များတွင် လူ ၃၉၆ ဦးအထိ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ပြီး လူ ၆၀ နီးပါး ဆေးရုံသို့ တက်ရောက်ခဲ့ရသည်။ သို့ရာတွင် အစာအဆိပ်သင့်မှုကြောင့် သေဆုံးသူ မရှိခဲ့ပေ။

## ပြန်သိမ်းမည်

ကယ်လီဖိုးနီးယားရှိ Thompson International Inc.og Bakershield ကုမ္ပဏီက သန့်ရှင်းလတ်ဆတ်မှုမရှိသည့် ကြက်သွန်နီများ အပါအဝင် ကြက်သွန်များအားလုံးကို ပြန်သိမ်းမည်ဟု အသိပေးခဲ့ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့က ထုတ်ပြန်ခဲ့သည်။ ပြန်လည်သိမ်းဆည်းမည့်အထဲတွင် အနီရောင်၊ အဖြူရောင်၊ အဝါရောင် ကြက်သွန်များပါဝင်ကြောင်း သွန်ပဆင် အင်တာနေရှင်နယ်က ပြောကြားခဲ့သည်။

ကြက်သွန်နီနှင့် ဆက်နွှယ်သည့် အစာအဆိပ်သင့်မှုလက္ခဏာများမှာ ဝမ်းလျှောခြင်း၊ အဖျားတက်ခြင်း၊ ဗိုက်အောင့်ခြင်းတို့ဖြစ်ပြီး လေးရက်မှ ခုနစ်ရက်အထိကြာအောင် ယင်းလက္ခဏာများ ခံစားရကြောင်း ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနက ပြောကြားခဲ့သည်။

## ပိုမိုပြင်းထန်စွာ ခံစား

အသက်ငါးနှစ်အောက် ကလေးများ၊ အသက် ၆၅ နှစ်ကျော်လွန်ပြီးသူများမှာ ကိုယ်ခံအား နည်းပါးမှုကြောင့် အစာအဆိပ်သင့်သည့် လက္ခဏာ ပိုမိုပြင်းထန်စွာ ခံစားရကြောင်း အဆိုပါအဖွဲ့က ပြောသည်။

အမေရိကန်၌ ဖြစ်ပွားခဲ့သည့် အစာအဆိပ်သင့်မှုကို ကနေဒါ ပြည်သူ့ကျန်းမာရေးအေဂျင်စီက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အေပီ**



# တရုတ်နိုင်ငံက ဟာဂူပစ်မုန်တိုင်းအန္တရာယ်သတိပေးချက်ကို အဝါရောင်အဆင့်သတ်မှတ်

**ပေကျင်း ဩဂုတ် ၃**

တရုတ်နိုင်ငံသို့ ချဉ်းကပ်လာသည့် တိုင်ဖွန်းမုန်တိုင်း ဟာဂူပစ်ကြောင့် နိုင်ငံတောင်ပိုင်းတွင် လေပြင်းတိုက်မှုနှင့် မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း အမျိုးသား မိုးလေဝသအေဂျင်စီက ခန့်မှန်းခဲ့ပြီး မုန်တိုင်းအန္တရာယ်သတိပေးချက်အဆင့်ကို အပြာရောင်အဆင့်မှ အဝါရောင်အဆင့်သို့ တိုးမြှင့်လိုက်ကြောင်း သိရသည်။

ယခုနှစ်အတွက် လေးခုမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည့် မုန်တိုင်းဟာဂူပစ်သည် တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ် ကန်နန်ခရိုင် အရှေ့တောင်ဘက်မှ ၃၅၀ ကီလိုမီတာအကွာတွင် ဖြစ်ပေါ်လျက်ရှိကြောင်း ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် တွေ့ရှိခဲ့သည်။

တိုင်ဖွန်း မုန်တိုင်းသည် အနောက်မြောက်ဘက် အရပ်ဆီသို့ တစ်နာရီလျှင် လေတိုက်နှုန်း ၂၀ ကီလိုမီတာမှ ၂၅ ကီလိုမီတာဖြင့် ဆက်လက် ရွေ့လျားနိုင်ဖွယ်ရှိပြီး ဇီကျန်းပြည်နယ်နှင့် ဖူကျန်းပြည်နယ် အကြား ကမ်းခြေတစ်လျှောက် မိုးသက်မုန်တိုင်းများ ကျရောက်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ခန့်မှန်းခဲ့သည်။

မုန်တိုင်း ဝင်ရောက်ချိန်တွင် ဇီကျန်း၊ ဖူကျန်းတို့၌ ဩဂုတ် ၂ ရက်နှင့် ဩဂုတ် ၃ ရက် ညနေပိုင်းတို့တွင် မိုးရွာသွန်းနိုင်ပြီး အချို့နေရာများတွင် မိုးရေချိန် ၂၀၀ မီလီမီတာအထိရှိနိုင်ကြောင်း သိရသည်။ မုန်တိုင်းအန္တရာယ်အတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်မှု ပြုလုပ်ထားကြရန်နှင့် အန္တရာယ်ရှိသည့်နေရာများတွင် နေထိုင်ကြသည့် ပြည်သူများကို အချိန်မီ ကယ်ဆယ်ရွှေ့ပြောင်းရေး လုပ်ဆောင်ကြရန်၊ အဝေးရောက်နေသည့် သင်္ဘောများ ဆိပ်ကမ်းသို့ ပြန်လာကြရန် အာဏာပိုင်များက ညွှန်ကြားထားသည်။

**ဆင်ဟွာ**




ဖူကျန်းပြည်နယ်၌ မုန်တိုင်းအန္တရာယ်ကြောင့် ဆိပ်ကမ်းသို့ပြန်ကပ်လာသည့် ငါးဖမ်းလှေအချို့ကို တွေ့ရစဉ်။

# ရှုထောင့်ပြောင်းကြည့်စေချင်တယ်

၁၉၀၀ပြည့်နှစ်မှာ မွေးတဲ့လူလို့ ကိုယ့်ကိုယ်ကိုယ်စိတ်ကူးကြည့်လိုက်စမ်းပါ။

သင့်အသက် ၁၄ နှစ်မှာပဲ ပထမကမ္ဘာစစ် စနေပြီ။ ပြီးတော့ သင့်အသက် ၁၈ နှစ် ရောက်တဲ့အချိန်ကျမှ အဲ့ဒီစစ်ကြီးက ပြီးသွားလိမ့်မယ်။ အဲဒီစစ်ပွဲအတွင်းမှာ လူပေါင်း ၂၂ သန်း အသက်ဆုံးရှုံးခဲ့ရပါတယ်။

အဲဒီနှစ် နှောင်းပိုင်းမှာပဲ တစ်ကမ္ဘာလုံးကို ပျံ့သွားတဲ့ စပိန်တုပ်ကွေး ကပ်ရောဂါကြီး ပေါ်ပေါက်ပြန်တယ်။ သင့်အသက် ၂၀ ပြည့်တဲ့ အချိန်အထိပေါ့။ နှစ်နှစ်တာကာလ အတွင်းမှာပဲ လူပေါင်းသန်း ၅၀ အသက်ဆုံးရှုံးခဲ့ရတယ်။ ဟုတ်ပါတယ်။ လူပေါင်း သန်း ၅၀ ရဲ့ အသက်တွေ ဆုံးရှုံးခဲ့ရတာပါ။

သင့်အသက် ၂၉ နှစ်ပြည့်တဲ့အခါမှာတော့ နယူးယောက်စတော့အိတ်ချိန်းကြီး ပြိုပျက်မှုက စတင်တဲ့ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးနဲ့ ထပ်ကြုံရပြန်ပါတယ်။ ငွေကြေးဖောင်းပွမှုတွေ၊ အလုပ်လက်မဲ့တွေ၊ ငတ်မွတ်ခေါင်းပါးမှုတွေ ဖြစ်ပေါ်လာတယ်။

သင့်အသက် ၃၃ နှစ် ရောက်တဲ့အခါမှာတော့ နာဇီတွေ အာဏာရလာပြီ။

သင့်အသက် ၃၉ နှစ် ရောက်တဲ့အခါမှာတော့ ဒုတိယကမ္ဘာစစ်ကြီး စတင်ပါပြီ။ သင့်အသက် ၄၅ နှစ်ရောက်မှ စစ်ပွဲကြီးအဆုံးသတ်ပြီး သန်း ၆၀ ကတော့ အသက်ဆုံးရှုံးခဲ့ရပြီးပါပြီ။ နောက်ပြီး နာဇီတွေရဲ့ လူမျိုးတုံးသတ်ဖြတ်မှုကြောင့် ဂျူးလူမျိုး ၆ သန်း သေဆုံးခဲ့ရပါတယ်။

သင့်အသက် ၅၂ နှစ်မှာတော့ ကိုရီးယားစစ်ပွဲ စတင်ပါတယ်။ အသက် ၆၄ နှစ် ရောက်တော့ ဗီယက်နမ်စစ်ပွဲ စတင်ပြီး သင့်အသက် ၇၅ နှစ်ကျမှ စစ်ပွဲဟာ အဆုံးသတ်သွားပါတယ်။

၁၉၈၅ ခုနှစ်မှာ မွေးတဲ့ကလေးများရဲ့ စိတ်ထဲမှာ ဘဝဆိုတာ ဘယ်လောက်ခက်ခဲတယ်ဆိုတဲ့အကြောင်း သူတို့အဘိုးအဘွားတွေ သိမှာမဟုတ်ဘူးလို့ ထင်လိမ့်မယ်။ သူတို့ဟာ အထက်မှာ ပြောပြခဲ့တဲ့ စစ်ပွဲတွေ၊ ဘေးဒုက္ခအန္တရာယ်တွေ ရင်ဆိုင်ဖြတ်သန်းပြီးတော့ ရှင်သန်ခဲ့ကြတာပါ။

ယနေ့ခေတ်မှာတော့ ကျွန်တော်တို့ဟာ ကပ်ရောဂါသစ်တစ်ခုနဲ့ ရင်ဆိုင်နေရတယ်ဆိုသော်ငြားလည်း ကျွန်တော်တို့မှာ ကမ္ဘာသစ်ရဲ့ သက်သောင့်သက်သာအရာများ ပြည့်စုံစွာရှိနေတာ ဖြစ်ပါတယ်။ ဒါတောင်မှ ပါးစပ်နှာခေါင်းစည်းလေးတပ်ရတာကို ကျွန်တော်တို့ညည်းညူနေကြတယ်။ အစားအသောက်၊ ရေ၊ လျှပ်စစ်မီးနဲ့ ဝိုင်ဖိုင်ရနေတဲ့ နေအိမ်ထဲမှာ နေနေကြပေမယ့် အပြင်မထွက်ရဘူးဆိုတဲ့ အချက်ကလေးနဲ့တင် ညည်းညူနေကြပြန်တယ်။ ဟိုးအရင်ခေတ်တုန်းကဆိုရင် ဒါတွေမပြည့်စုံခဲ့ကြပါဘူး။ ဒါတောင်မှ လူသားတွေဟာ ဘဝရဲ့ ပျော်ရွှင်မှုတွေ အဆုံးရှုံးမခံဘဲ အသက်ရှင်နေထိုင်ခဲ့ကြတာပါ။

ကျွန်တော်တို့ရဲ့အမြင်လေး နည်းနည်းပြောင်းလဲကြည့်လိုက်ရုံနဲ့ အံ့ဩဖွယ်ရာတွေ တွေ့ရှိလာရနိုင်ပါတယ်။ တကယ်ဆိုတော့ အသက်ရှင်နေသေးတယ်ဆိုတာသည်ပင်လျှင် ကျေးဇူးတင်စရာ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ တစ်ဦးအပေါ်တစ်ဦး ဖေးမကူညီမှုတွေ၊ အပြန်အလှန်ကာကွယ်စောင့်ရှောက်မှုတွေ တတ်စွမ်းသမျှ ပြုလုပ်သင့်ကြပါတယ်။

ဒီသတင်းစကား လူတိုင်းဆီရောက်စေချင်ပါတယ်။ ကျေးဇူးပြုပြီး ကူညီဖြန့်ဝေပေးကြပါ။

(Merin Joseph ၏ Fanpage မှ ရေးသားချက်ကို အများပြည်သူတို့ သိစေလိုသော ရည်ရွယ်ချက်ဖြင့် ဘာသာပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်။)

# ကိုဗစ် - ၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်ပြီး အလုပ်လက်မဲ့နှုန်းတွေမြင့်တက်လာတဲ့ စပိန်

ထွန်းသစ်စ

ကိုဗစ် – ၁၉ ရောဂါကြောင့် ဒုတိယသုံးလပတ်မှာ စပိန်တစ်သန်းကျော်ဟာ ခရီးသွားကဏ္ဍမှာ အလုပ်တွေ ဆုံးရှုံးခဲ့ကြပါတယ်။ သို့သော်လည်း စပိန်အစိုးရက အလုပ်အကိုင်ဈေးကွက်ရဲ့ အဆိုးဆုံးအခြေအနေက ကျော်လွှားလာခဲ့ပြီလို့ ပြောကြားလိုက်ပါတယ်။ အမျိုးသားစာရင်းအင်းဆိုင်ရာအဖွဲ့အစည်းက အလုပ်လက်မဲ့အရေအတွက်ဟာ ဧပြီလနဲ့ ဇွန်လကြားမှာ ၅၅၀၀၀ အထိရောက်ရှိလာပြီး ၃ ဒသမ ၄ သန်းအထိ မြင့်တက်လာကြောင်း ဖော်ပြလိုက်ပါတယ်။

## အလုပ်လက်မဲ့နှုန်းမြင့်တက်

ယူရိုဇုန်ရဲ့ စတုတ္ထအကြီးဆုံး စီးပွားရေးရှိရာ နိုင်ငံမှာ အလုပ်လက်မဲ့နှုန်းဟာ ပထမသုံးလပတ်မှာ ၁၄ ဒသမ ၄ ရာခိုင်နှုန်းရှိရာမှ ၁၅ ဒသမ ၃ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့ပါတယ်။

ဒီအရေအတွက်ဟာ ကိုဗစ် – ၁၉ ကြောင့် ထိခိုက်သွားတဲ့ စပိန်နိုင်ငံရဲ့ အလုပ်အကိုင်ဈေးကွက်ကို လျှော့ပေါ့တွက်ထားခြင်းသာဖြစ်ကြောင်း အမျိုးသားစာရင်းအင်းဆိုင်ရာအဖွဲ့အစည်းက ပြောပါတယ်။

အလုပ်လက်မဲ့အချက်အလက်တွေဟာ သုတေသနစစ်တမ်းတွေကို အခြေခံထားပါတယ်။ သုတေသနစစ်တမ်းက အလုပ်လက်မဲ့အနေဖြင့် အလုပ်အကိုင်ရှာဖွေသူများကို ထည့်သွင်းစာရင်းပြုစုထားခြင်းဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် အသွားအလာကန့်သတ်ပိတ်ဆို့မှုများ လုပ်ဆောင်ခြင်းက အလုပ်အကိုင်ရှာဖွေသူများအား အဟန့်အတားဖြစ်စေပါတယ်။

## ဝန်ဆောင်မှုကဏ္ဍတွေ ပိုမိုထိခိုက်

သုတေသနစစ်တမ်းမှာ သန်းချီနားရက်ယူထားတဲ့ အစိုးရအလုပ်သမားတွေကို မထည့်သွင်းထားပါဘူး။

အဆိုပါ ကိန်းဂဏန်းတွေဟာ အလွန်ဆိုးကြောင်း၊ သမိုင်းမှာ အဆိုးဆုံးဆိုတာ သံသယရှိစရာမလိုပါဘူးလို့ ယူဂျီတီသမဂ္ဂအဖွဲ့ခေါင်းဆောင် ပီပီအယ်လ်ဗာရက်ဇ်က ရေဒီယို ဆာဒီနာဆာသို့ ပြောကြားလိုက်ပါတယ်။

ဒုတိယသုံးလပတ်မှာ အလုပ်နဲ့ထိတွေ့ရတဲ့နာရီ အရေအတွက်ဟာ မမျှော်မှန်းနိုင်လောက်အောင် ကျဆင်းလာခဲ့တယ်လို့ အမျိုးသားစာရင်းအင်းဆိုင်ရာ အဖွဲ့အစည်းက ပြောပါတယ်။

ကဏ္ဍအားလုံးမှာရှိတဲ့ စီးပွားရေးတွေအားလုံး ကိုဗစ် – ၁၉ ကြောင့် ထိခိုက်ခဲ့သော်လည်း ဝန်ဆောင်မှုကဏ္ဍတွေမှာ အထူးတလည် ထိခိုက်ခဲ့တဲ့အတွက် အလုပ်အကိုင်ဆုံးရှုံးမှု ၈၁၇၀၀၀ အထိရှိခဲ့ပါတယ်။

## ကိုဗစ် – ၁၉ ကြောင့် ပိတ်ထား

အလုပ်ဆုံးရှုံးမှုများတွင် ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ခရီးသွားကဏ္ဍများ ပါဝင်ပြီး သူတို့ကို



စပိန်နိုင်ငံရှိ နိုင်ငံခြားသားများသွားရောက်လေ့လာလေ့ရှိရာ ထင်ရှားသော ဆန်တီယာဂို ဒီကွန်ပိုစတီလာ အဆောက်အအုံကြီးကို ခမ်းနားထည်ဝါစွာတွေ့ရစဉ်။

> "ကဏ္ဍအားလုံးမှာရှိတဲ့ စီးပွားရေးတွေအားလုံး ကိုဗစ် – ၁၉ ကြောင့် ထိခိုက်ခဲ့သော်လည်း ဝန်ဆောင်မှုကဏ္ဍတွေမှာ အထူးတလည် ထိခိုက်ခဲ့တဲ့အတွက် အလုပ်အကိုင်ဆုံးရှုံးမှုတွေ ၈၁၇၀၀၀ အထိရှိခဲ့ပါတယ်"

ကိုဗစ် – ၁၉ ကြောင့် ပိတ်ထားရပါတယ်။ ခရီးသွားကဏ္ဍဟာ စပိန်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကထောက်တိုင်ကြီးတစ်ခု ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံရဲ့ အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ရဲ့ ၁၂ ရာခိုင်နှုန်းလောက် ရှိပါတယ်။

ဆောက်လုပ်ရေးနဲ့ စက်မှုကဏ္ဍတွေမှာလည်း အလုပ်အကိုင်ပေါင်း တစ်သိန်းကျော် ဆုံးရှုံးခဲ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာတော့ ထိခိုက်မှုနည်းခဲ့ပြီး အလုပ်အကိုင်ဆုံးရှုံးမှု ၂၁၄၀၀ အထိရှိခဲ့ပါတယ်။

အခုအချိန်မှာတော့ ကိုဗစ် – ၁၉ ကူးစက်မှုဟာ အနည်းငယ်လျော့နည်းလာခဲ့တဲ့အတွက် စီးပွားရေး ပြန်လည်တိုးတက်ရေးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်နေပါတယ်လို့ အယ်လ်ဗာရက်ဇ်က ပြောကြားလိုက်ပါတယ်။ ဒါကြောင့်မို့ နေ့တိုင်းဟာ ခက်ခဲမှုတွေနဲ့ ပိုမိုရင်ဆိုင်နေရတယ်လို့ ၎င်းက ဆက်လက်ပြောကြားလိုက်ပါတယ်။

## အဓိကထိုးနှက်ချက်ကြီးဖြစ်

ဥရောပမှ စပိန်နိုင်ငံဟာ ကိုဗစ် – ၁၉ ဒဏ်ကို ဆိုးရွားစွာ ထိခိုက်ခံစားခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ကြောင့် လူပေါင်း ၂၈၄၀၀ ကျော် သေဆုံးခဲ့ပြီး ကူးစက်ခံရသူပေါင်းဟာလည်း သုံးသိန်းအထိ ရှိလာခဲ့ပါတယ်။

ဗြိတိန်နိုင်ငံမှာလည်း မကြာသေးမီက ကိုဗစ် – ၁၉ ကူးစက်မှုတွေမြင့်တက်လာတဲ့အတွက် စပိန်နိုင်ငံက ပြန်လာတဲ့သူတွေအားလုံးကို အသွားအလာကန့်သတ်စောင့်ကြည့်မှုတွေနဲ့သီးသန့်စောင့်ကြည့်လျက်ရှိပါတယ်။ ဒါကလည်း စပိန်နိုင်ငံရဲ့ ခရီးသွားကဏ္ဍကို အဓိကထိုးနှက်ချက်ကြီးတစ်ခုဖြစ်ပါတယ်။

## ပြန်လည်နာလန်ထ နှေးကွေး

ဗြိတိန်နိုင်ငံသားတွေဟာ စပိန်ကိုသွားရောက်တဲ့ အများဆုံးသောခရီးသွားတွေပဲ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ စပိန်ကိုသွားရောက်အပန်းဖြေတဲ့ ဗြိတိန်နိုင်ငံသားတွေဟာ ၁၈ သန်းလောက်ရှိခဲ့ပါတယ်။

ဇူလိုင် ၂၈ ရက်က ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးက ကတ်တလိုးနီးယားဒေသအပါအဝင် စပိန်နိုင်ငံကို ခရီးသွားလာခြင်းမပြုလုပ်ကြဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။

နောက်ဆုံးအလုပ်လက်မဲ့ စာရင်းဇယားတွေအရ အလုပ်အကိုင်နဲ့ စီးပွားရေးမှာ ပြန်လည်နာလန်ထလာတာ နှေးကွေးတယ်ဆိုတာကို ဖော်ပြထားပါတယ်လို့ အဒက်ကို အုပ်စုညွှန်ကြားရေးမှူး ဂျာဗီရာ ဘလက်စ်ကိုက ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

## ပိုလို့တောင်ယိမ်းယိုင်

စီးပွားရေးဝန်ကြီး နာဒီရာ ကယ်လ်ဗီနိုက အင်္ဂါနေ့စာရင်းတွေက အတိတ်ရဲ့ ရလဒ်တွေပဲလို့ ပြောကြားလိုက်ပြီး မကြာသေးမီက ဖော်ပြခဲ့တဲ့ စီးပွားရေးဆိုင်ရာ အညွှန်းကိန်းတွေအရ စီးပွားရေးယိမ်းယိုင်မှုကို ဖော်ပြနေတယ်လို့ ပြောကြားလိုက်ပါတယ်။

အလုပ်သမားဈေးကွက်အဆိုးဆုံးအခိုက်အတန့်ကတော့ ဧပြီလကုန်ပဲဖြစ်ပါတယ်လို့ သူက ဆက်လက်ပြောကြားလိုက်ပါတယ်။

ကိုဗစ် – ၁၉ ကပ်ရောဂါဟာ အရင်ကတည်းကမှ အခြေအနေမကောင်းကောင်းအောင်လုပ်ထားတဲ့ အလုပ်သမားဈေးကွက်ကို ပိုလို့တောင် ယိမ်းယိုင်စေပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်က အလုပ်လက်မဲ့နှုန်းဟာ ၂၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

## အလုပ်လက်မဲ့နှုန်းတိုးလာမယ်လို့ခန့်မှန်း

အဲဒီအချိန်မှစပြီး အခြေအနေတွေဟာ တဖြည်းဖြည်းနဲ့တိုးတက်လာပြီး ၂၀၁၉ခုနှစ်ကုန်မှာ ၁၃ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ ဒါဟာ နှစ်များစွာအတွင်းမှာ အကောင်းဆုံးသော ကိန်းဂဏန်းတစ်ခုဖြစ်ပါတယ်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က စပိန်နိုင်ငံရဲ့ အလုပ်လက်မဲ့နှုန်းဟာ ၂၀၂၀ ပြည့်နှစ်မှာ ၂၀ ဒသမ ၈ ရာခိုင်နှုန်း အထိတိုးလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ စပိန်အစိုးရကတော့ ၁၉ ရာခိုင်နှုန်း တိုးလာမယ်လို့ ခန့်မှန်းထားပါတယ်။ ။

ကိုးကား – အေအက်ဖ်ပီ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားသည်။
- မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊
- မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊
- မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း ဆောင်ရွက်နိုင်ပါသည်။

### ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

### ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

■ *ကျောဖုံးမှ*

မဲစာရင်း လာရောက်ကြည့်ရှုတဲ့ ပြည်သူတွေရဲ့ အမည်စာရင်း အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ဖို့ စေတနာ့ဝန်ထမ်း လူငယ်တွေက ကူညီဆောင်ရွက်ပေးနေပါတယ်။ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကို ကပ်ထားကြေညာထားရာ ယနေ့အချိန်အထိ ဆန္ဒမဲပေးခွင့်ရရန် ပုံစံ(၃)ဖြင့် လျှောက်ထားလာသူ ၂၀၀ ကျော်ကို လက်ခံစိစစ်ဆောင်ရွက်ပေးနေပါတယ်။ အခု မဲဆန္ဒရှင်စာရင်းမှာ အမည်စာရင်း ပါဝင်ပေမယ့် ကွယ်လွန်သူများနဲ့ ရွေးကောက်ပွဲဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့် မရှိတဲ့ သူတွေ ကို ပုံစံ(၄)နဲ့ ကန့်ကွက်လွှာတင်သွင်းလာတာ ၅၀ ခန့် ရှိပါတယ်" ဟု ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မင်းတပ်မြို့နယ်အတွင်း မဲရုံပေါင်း ၁၁၆ ရုံဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းအောင်(ပြန်/ဆက်)**

### ပူတာအိုမြို့နယ်၌ မဲဆန္ဒရှင်တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများနှင့်ပတ်သက်သည့် ပုံစံများအား ကွင်းဆင်းရှင်းလင်း

ပူတာအို ဩဂုတ် ၃

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများသည် မြို့နယ်အတွင်း စစ်ဆေးရန်ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကပ်ထားကြေညာထားမှုအခြေအနေနှင့် မဲဆန္ဒရှင်တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများနှင့် ပတ်သက်သည့် ပုံစံများအား ရှင်းလင်းဆွေးနွေးခြင်းများကို ယမန်နေ့ နံနက်ပိုင်းအထိ ဆောင်ရွက်ခဲ့ပြီး အဆိုပါပုံစံများ စနစ်တကျမှတ်တမ်းထားရှိမှုများကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားမှုများကို ဇူလိုင် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးနော်လွန်းနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ငါးအုပ်စုသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်အတွင်း စစ်ဆေးရန်ကျန်ရှိသည့် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုကိုးအုပ်စုများသို့ ဇူလိုင် ၃၀ ရက်မှ ယမန်နေ့အထိ မဲစာရင်းကပ်ထားကြေညာမှုများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရှဘောင်ဖုန်ဂင့်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

ပူတာအိုမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၄ အုပ်စုတွင် မဲရုံပေါင်း ၂၅ ရုံထားရှိမည်ဖြစ်ပြီး ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ပထမအကြိမ်အဖြစ် ကပ်ထားကြေညာသော အခြေခံဆန္ဒမဲစာရင်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၃၉၆၁၀ ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ခရိုင်ပြန်/ဆက်**

### ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

### ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

# မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင်ရှိပါစေ



ပြောင်းသင့်တာတွေကို ပြောင်းရဲတဲ့ သတ္တိရှိပါစေ၊ မပြောင်းသင့်တာတွေကို သည်းခံနိုင်တဲ့ အင်အားရှိပါစေ၊ ဘာကို ပြောင်းသင့်တယ်၊ ဘာကို မပြောင်းသင့်ဘူးဆိုတာ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင် ရှိပါစေ။

ဒီဆုတောင်းကို ကျွန်မ သိပ်ကြိုက်ပါတယ်။ ဒါပေမဲ့ 'ပြောင်းသင့်'ကိုတော့'ပြောင်းနိုင်'နဲ့ တွဲပြီး စဉ်းစားရပါမယ်။ ဒီမှာ သတ္တိနဲ့ပညာ နှစ်ခုလုံး လိုပါတယ်။ နည်းနည်းခက်ခဲတာနဲ့ ရင်ဆိုင်ရရင်၊ 'မရပါဘူး'လို့ လွယ်လွယ်ဆုံးဖြတ်တာမျိုးက အောင်မြင်၊ တိုးတက်မှုလမ်းကို ပိတ်စေပါတယ်။ အခု ကျွန်မတို့ကိုင်နေတဲ့ iPad ဖုန်းကိုကြည့်ပါ။ ဒါမျိုးမဖြစ်နိုင်ပါဘူးလို့ ပြောတဲ့သူတွေက အများစုဖြစ်နေတာ ဆယ်စုနှစ် အနည်းငယ်သာ ရှိပါသေးတယ်။ ဟော၊ ခုတော့လည်း ကောင်းကောင်းကြီး ဖြစ်နေပါပြီ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၄-၆-၂၀၂၀ ရက်နေ့တွင် ဖွင့်ဘွတ်၌ ရေးသား ဖော်ပြချက်မှ ကောက်နုတ်ချက်)

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -


- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၄၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- စုစုပေါင်း (၆၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၃-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၃) ဦး ရှိပါသည်။

၃။ (၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၉၀၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၁၁၇) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- စုစုပေါင်း (၁,၂၃၂) ခုအား စစ်ဆေးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၃-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၂-၈-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ဒုတိယအသုတ်) | (၄၅၆) ခု |
| (၂-၈-၂၀၂၀) ရက်နေ့အတွက် အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) | (၂၀၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၀) ဦး |

(၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများ အနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၉၀၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၁၁၇) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- စုစုပေါင်း (၁,၂၃၂) ခုအား စစ်ဆေးခဲ့ပါသည်။

# COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာ ခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်း တွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့် သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစား ရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၆ ဦး ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဩဂုတ် ၃

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဩဂုတ် ၂ ရက် ညနေ ၆ နာရီက ၁၃ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီတွင် သုံးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၆ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၆ ဦးမှာ အမျိုးသားကိုးဦး၊ အမျိုးသမီး ခုနစ်ဦးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် ကျေးသီးမြို့နယ်မှ သုံးဦး၊ မိုင်းရယ်မြို့နယ်မှ နှစ်ဦး၊ နောင်ချိုမြို့နယ်မှ တစ်ဦး၊ သီနီမြို့နယ်မှ တစ်ဦး၊ လောက်ကိုင်မြို့နယ်မှ တစ်ဦး၊ ကွမ်းလုံမြို့နယ်မှ လေးဦးနှင့် ပန်လုံမြို့နယ်မှ တစ်ဦးတို့ဖြစ်ကြသည်။

ထိုသို့ ချင်းရွှေဟော် နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင် ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၇၇၆ ဦးနှင့် အမျိုးသမီး ၆၂၅၈ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၄၀၃၄ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင် (ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေ

နေပြည်တော် ဩဂုတ် ၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုး/ဇလ

# ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၅ ဦးရှိပြီ

နေပြည်တော် ဩဂုတ် ၃

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၅ ဦးရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူနှစ်ဦးမှာ ကာတာနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ဖြစ်ကြသည်။

ရောဂါပိုးတွေ့ရှိသူ ၃၅၅ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၀၂ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၈၇ ဦးနှင့် ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၃ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၁ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၈၁၂၇ | ၃၅၅ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၀၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၈၁၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၈၇ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၀ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၅၅ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၃-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၁၄၃၆၄ | ၂၃၈၀၅၄၈ | ၁၅၈၃၇၅ |
| ၂။ | ဘရာဇီး | ၂၇၃၃၆၇၇ | ၁၈၈၄၀၅၁ | ၉၄၁၃၀ |
| ၃။ | အိန္ဒိယ | ၁၈၀၈၃၂၂ | ၁၁၈၈၆၅၀ | ၃၈၂၀၁ |
| ၄။ | ရုရှား | ၈၅၆၂၆၄ | ၆၅၃၅၉၃ | ၁၄၂၀၇ |
| ၅။ | တောင်အာဖရိက | ၅၁၁၄၈၅ | ၃၄၇၂၂၇ | ၈၃၆၆ |
| ၆။ | မက္ကဆီကို | ၄၃၉၀၄၆ | ၂၈၉၃၉၄ | ၄၇၇၄၆ |
| ၇။ | ပီရူး | ၄၂၈၈၅၀ | ၂၉၄၁၈၇ | ၁၉၆၁၄ |
| ၈။ | ချီလီ | ၃၅၉၇၃၁ | ၃၃၂၄၁၁ | ၉၆၀၈ |
| ၉။ | စပိန် | ၃၃၅၆၀၂ | စိစစ်ဆဲ | ၂၈၄၄၅ |
| ၁၀။ | ကိုလံဘီယာ | ၃၁၇၆၅၁ | ၁၆၇၂၃၉ | ၁၀၆၅၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃-၈-၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၁၃၁၃၄ | ၇၀၂၃၇ | ၅၃၀၂ |
| ဖိလစ်ပိုင် | ၁၀၆၃၃၀ | ၆၅၈၂၁ | ၂၁၀၄ |
| စင်ကာပူ | ၅၃၀၅၁ | ၄၆၉၂၆ | ၂၇ |
| မလေးရှား | ၉၀၀၁ | ၈၆၆၈ | ၁၂၅ |
| ထိုင်း | ၃၃၂၀ | ၃၁၄၂ | ၅၈ |
| ဗီယက်နမ် | ၆၄၂ | ၃၇၃ | ၆ |
| မြန်မာ | ၃၅၅ | ၃၀၂ | ၆ |
| ကမ္ဘောဒီးယား | ၂၄၀ | ၁၉၇ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |



❊ ရှေ့ဖုံးမှ

ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ ၂၁၆၁ ဦး စုစုပေါင်း ၅၇၇၇၆ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ **(အပေါ်ပုံ)**

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၅၅၈ ဦး၊ အမျိုးသမီး ၄၆၂ ဦး စုစုပေါင်း ၁၀၂၀ ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# လေဖိအားနည်းရပ်ဝန်း လေပွေလှိုင်းအဖြစ်သို့ အားလျော့ပြီဖြစ်

နေပြည်တော် ဩဂုတ် ၃

ထူးခြားသည့်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ လာအိုနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများသို့ ဖြတ်ကျော်ကာ လေပွေလှိုင်းအဖြစ်သို့ အားလျော့သွားပြီဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကြာအင်းဆိပ်ကြီးမြို့တွင် ၁၀ ဒသမ ၁၆ လက်မ၊ သထုံမြို့တွင် ၈ ဒသမ ၇၃ လက်မ၊ တောင်ကုတ်မြို့တွင် ၈ ဒသမ ၂၃ လက်မ၊ လောင်းလုံးမြို့တွင် ၇ ဒသမ ၆၈ လက်မ၊ ရွှေကျင်မြို့တွင် ၇ ဒသမ ၄၈ လက်မ၊ မုဒုံမြို့တွင် ၆ ဒသမ ၉၃ လက်မ၊ ရေးမြို့တွင် ၆ ဒသမ ၆၉ လက်မ၊ မဒေါက်မြို့တွင် ၆ ဒသမ ၆၁ လက်မ၊ ကျောက်ဖြူ မြို့တွင် ၅ ဒသမ ၉၁ လက်မ၊ ကော့ကရိတ်မြို့တွင် ၅ ဒသမ ၇၉ လက်မ၊ ဖြူးမြို့တွင် ၅ ဒသမ ၆၇ လက်မ၊ ကျိုက်မရောမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ ထားဝယ်မြို့တွင် ၅ ဒသမ ၄၇ လက်မ၊ ဘားအံမြို့တွင် ၅ ဒသမ ၂၇ လက်မ၊ ပိုင်ကျုံမြို့တွင် ၄ ဒသမ ၇၀ လက်မ၊ နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ၄ ဒသမ ၆၁ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၄ ဒသမ ၄၄ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ နေပြည်တော်(ဥတ္တရသီရိမြို့နယ်)တွင် ၄ ဒသမ ၃၃ လက်မနှင့် ပြင်ဦးလွင်မြို့ တွင် ၄ ဒမ ၂၉ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၃-၈-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၇၅) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၈၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၄၉) ခု၊
- စုစုပေါင်း (၇၁၂)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ (၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၅) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄)ဦး (Case- 251, 269, 326, 348) ရှိသဖြင့် စုစုပေါင်း (၃၀၂) ဦးရှိ ပါသည်။ ၎င်းတို့ အနက် (၂၈၇) ဦး အား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၃-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၅) ခု |
| (၃-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၈) ခု |
| (၃-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂) ဦး |

၅။ (၂-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၁) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၅၅) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၃၀၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၃-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 354 | ၂၁ နှစ် | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ကာတာနိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှည်းကူးမြို့နယ်) |
| 355 | ၃၀ နှစ် | မ | သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ကာတာနိုင်ငံ) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှည်းကူးမြို့နယ်) |

## COVID - 19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၃**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များ အသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင် စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ◆ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ◆ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ◆ စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက် ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ◆ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ◆ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့် ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ◆ စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ◆ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက် များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုနှင့် ခင်ဦးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

**ရွှေဘို ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ယမန်နေ့က ရွှေဘိုမြို့နယ်နှင့် ခင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ မိုးစပါး စိုက်ပျိုးရေ ဖူလုံစွာရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာအနီးရှိ ရေ့ပြေး အဆင့်မြင့် လယ်ယာမြေ ဖော်ဆောင်ခြင်း စီမံကိန်းရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ ဆည်မြောင်းဦးစီးဌာနမှ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကိုလည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း ပါဝင်သည့် တောင်သူများ၏ မိုးစပါးစိုက်ပျိုးရေဖူလုံစွာ ရရှိရေးအခြေအနေတို့ကို လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းဦးစီးဌာနများအနေဖြင့် မိုးစပါးစိုက်ပျိုးရေ ရရှိရေးကို ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်ပြီး ခင်ဦးမြို့နယ်အတွင်း ရွှေဘိုမြောင်း မတော်လက်တံ (၁)၊ (၂)၊ (၃) တို့ရှိ ရေသောက်ဧရိယာ ၁၇၇၈၃ဧက မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ခင်ဦးမြို့ဝင် ကတ္တရာလမ်းအဆင့်မြှင့်တင် ချဲ့ထွင်ဖောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

ကျောက်ပန်းတောင်း မြို့နယ် ရှင်သန်ခြင်းပရဟိတကျောက်ကပ်သန့်စင်ဆေးခန်းအတွက် ဩဂုတ် ၂ ရက်က ရန်ကုန်မြို့နေ အလှူရှင် ဦးမောင်သိန်း-ဒေါ်တင်မျိုးဌေး(ခ) မမျိုးမျိုးမိသားစုက ငွေကျပ် ၁၉၂ သိန်းတန်ဖိုးရှိ ကျောက်ကပ်သန့်စင်စက်တစ်လုံးပေးအပ် လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့် ဆေးခန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

နေအောင်(ပြန်/ဆက်)






## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၈ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၃ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၇ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၃ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၄၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၆ | ၄၈၃၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၁၁၅၄၃ | ၄၃၂၈၆၂၅၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၉ | ၁၂၉၈၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၄ | ၃၉၂၀၀ |
| EFR | ၂၇၅၀ | ၂၈၀၀ | ၅၄၃ | ၁၅၁၇၉၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ချို့စန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ် – ၁၉ ကြောင့် လေးလကျော်ယာယီပိတ်ထားခဲ့ရသည့် ဆဒုံးမြို့နယ်ရှိ ဆဒုံးလန်နရေတံခွန်ပြန်လည်ဖွင့်လှစ်

**ဆဒုံး ဩဂုတ် ၃**

ကိုဗစ် – ၁၉ ရောဂါကြောင့် လေးလကျော်ကြာ ယာယီပိတ်ထားခဲ့ရသော ကချင်ပြည်နယ် ဆဒုံးမြို့နယ်ရှိ ဆဒုံးလန်နရေတံခွန်အား ဩဂုတ် ၂ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး အပန်းဖြေလာရောက်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ဆဒုံးလန်န ရေတံခွန်သည် ဝိုင်းမော် – ဆဒုံး – ကန်ပိုက်တီ ကားလမ်းဘေးတွင် ရှိပြီး ဆဒုံးမြို့မှ ၁၀ မိုင်ကျော်၊ ဝိုင်းမော်မြို့မှ မိုင် ၃၀ ကျော် ကွာဝေးသည့် ခရီးသွားအပန်းဖြေလာရောက်ကြသည့် နေရာတစ်ခု ဖြစ်သည်။ အဆိုပါ ရေတံခွန်တွင် လာရောက်လည်ပတ် အပန်းဖြေခြင်းများအား ကိုဗစ် –၁၉ ကြောင့် ယာယီပိတ်ထားရာမှ ယခုအခါ ဆဒုံးလန်နရေတံခွန်တွင် ခရီးသွားပြည်သူများ လာရောက်လည်ပတ်နိုင်ရန် ဩဂုတ် ၂ ရက် နံနက် ၉ နာရီမှ စ၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ဆဒုံးလန်နရေတံခွန်တွင် လာရောက်လည်ပတ်ကြမည့် ခရီးသွားပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးလမ်းညွှန်ချက်များနှင့် အညီ ရေတံခွန်အဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ ခရီးသွားမှတ်တမ်းများ ရေးသွင်းထားခြင်းစသည့် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ ဆောင်ရွက်ထားကြောင်း ဆဒုံးလန်နရေတံခွန် တာဝန်ခံ ဦးလွမ်းဒေါင်ထံမှ သိရသည်။ **ကျော်နိုင်ငွေး (ပြန်/ဆက်)**




ဆဒုံးလန်နရေတံခွန်အပန်းဖြေစခန်းကို တွေ့ရစဉ်။

# ဧရာဝတီမြစ်အတွင်း လျှပ်စစ်ရှော့တိုက်ငါးဖမ်းမှုကြောင့် ဧရာဝတီလင်းပိုင်များ သေဆုံးနေမှုအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်

ရွှေဘို ဩဂုတ် ၃

**ဧရာဝတီမြစ်အတွင်း လျှပ်စစ်ရှော့တိုက်ငါးဖမ်းမှုကြောင့် ဧရာဝတီလင်းပိုင်များ သေဆုံးနေမှုအပေါ် ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူက ပြောကြားသည်။**

ဧရာဝတီမြစ်အတွင်း လျှပ်စစ်ရှော့တိုက် ငါးဖမ်းမှုကြောင့် ယခုလအတွင်း ဧရာဝတီလင်းပိုင်များ သေဆုံးမှုရှိနေသည့်အတွက် အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်သည့်အခါတွင် စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုတည်းလုပ်ဆောင်၍ မရနိုင်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဘက်မှ လာရောက်လုပ်ကိုင်သူများ ရှိသောကြောင့် တိုင်းဒေသကြီးနှစ်တိုင်း ပူးပေါင်းဆောင်ရွက်မှသာ လျှပ်စစ်ရှော့တိုက် ငါးဖမ်းသူအား ထိထိရောက်ရောက် အရေးယူနိုင်မည်ဖြစ်ကြောင်း၊ ယခု လက်ရှိဌာနဆိုင်ရာမှ အဆိုပါ လျှပ်စစ်ရှော့တိုက်ငါးဖမ်းသူအား ဖမ်းဆီးအရေးယူနိုင်ရေးအတွက် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဖမ်းဆီးရမည့်နေရာ၊ ပိတ်ဆို့ဆောင်ရွက်ရမည့်နေရာ၊ မြေပြင်အခြေအနေများအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ မြစ်ရေကျသွားသည့်အခါတွင် လျှပ်စစ်ရှော့တိုက်ငါးဖမ်းသူများ စတင်ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ပြောကြားသည်။

ဧရာဝတီ လင်းပိုင်များသည် ကမ္ဘာပေါ်တွင် ရှားပါးမျိုးစိတ်တွင် ပါဝင်သည့် လင်းပိုင်အမျိုးအစားများဖြစ်ပြီး မြန်မာနိုင်ငံတွင် လင်းပိုင်အကောင်ရေ ၆၀ မှ ၇၀ ကြားသာ ရှိတော့ကြောင်း၊ ယင်းမျိုးစိတ်များအား ထိန်းသိမ်းရန်အတွက် နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းတို့က ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်နေကြောင်း၊ ယခုလို ဝိုင်းဝန်းဆောင်ရွက်နေရခြင်းမှာ တံငါသည်များနှင့် ပူးပေါင်းပြီး ငါးဖမ်းသည့်အလုပ်အား ဆောင်ရွက်နေပုံများကို နိုင်ငံတကာမှ စိတ်ဝင်စားခြင်းခံရပြီး အကယ်၍ လင်းပိုင်များအားလုံး သေဆုံးသွားပါက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ လျော့ကျသွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီလင်းပိုင်များသည် တစ်ကြိမ်လျှင်တစ်ကောင်သာ မွေးဖွား၍ သားပေါက်ငယ် အား ၁၈ လကြာ နို့တိုက်စောင့်ရှောက်လေ့ရှိပြီး ငါးနှစ်မှ ခုနစ်နှစ်အတွင်း အရွယ်ရောက်ကာ သက်တမ်းမှာ နှစ် ၃၀ မှ ၅၀ အထိ ဖြစ်ကြောင်းနှင့် ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဧရိယာ သတ်မှတ်ထားပြီး ဆောင်ရွက်နေကြောင်း ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းဦးထံမှ သိရသည်။ **ထွန်းမြင့်အောင်(ရွှေဘို)**



ထိန်းသိမ်းရေးဧရိယာအတွင်းရှိ ဧရာဝတီလင်းပိုင်တစ်ကောင်ကို တွေ့ရစဉ်။

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**မကွေး ဩဂုတ် ၃**

သရက်ခရိုင် ကံမမြို့နယ်၌ ဇူလိုင် ၂၅ ရက် ညနေပိုင်းတွင် ဝက်သေဆုံးမှုသတင်းနှင့် ပတ်သက်၍ သရက်ခရိုင် ဦးစီးဌာနမှူး၏ ညွှန်ကြားချက်ဖြင့် ဇူလိုင် ၂၆ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဦးကျော်ထက်ပိုင်၏ ဝက်ခြံနှင့် အနီးပတ်ဝန်းကျင်ရှိ ဝက်ခြံများသို့ သွားရောက်ပြီး ကူးစက်ရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ (ထုံးဖြူးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း) ဆောင်ရွက်ပြီး သွေးနမူနာများ ရယူကာ ဇူလိုင် ၂၇ ရက်တွင် ရောဂါရှာဖွေရေးဓာတ်ခွဲခန်း (အင်းစိန်မြို့) သို့ ပေးပို့ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂ ရက်ကလည်း သရက်ခရိုင်ဦးစီးဌာနမှူးနှင့်အဖွဲ့သည် ဦးကျော်ထက်ပိုင်၏ ဝက်ခြံသို့သွားရောက်၍ ဝက်မွေးမြူထားရှိမှုနှင့် ဖြစ်စဉ်ကို မေးမြန်းရာ ဝက်သေဆုံးမှုနှုန်း ကျဆင်းလျက်ရှိကြောင်း သိရသည်။

ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇီဝလုံခြုံမှု မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်၊ ကောင်းမွန်သော ဝက်မွေးမြူရေးကျင့်စဉ်နှင့် အညီ မွေးမြူသွားရန်နှင့် ထူးခြားမှုရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အချိန်မီ သတင်းပေးပို့နိုင်ရန် မှာကြားခဲ့ပြီး လက်ကမ်းစာစောင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



ကံမမြို့နယ်ရှိ ဝက်မွေးမြူရေးခြံသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးစဉ်။

# တောင်တွင်းကြီး၌ အငှမအကြိမ်မြောက်အဖြစ် စားနပ်ရိက္ခာနှင့် စွန့်ပစ်အမှိုက်များ လဲလှယ်ခြင်းအစီအစဉ်ဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၃**

ကိုဗစ်–၁၉ ကာလအတွင်း အခြေခံလူတန်းစားများအတွက် စားနပ်ရိက္ခာဖြန့်ဝေပေးနိုင်စေရန်၊ သီးနှံများကို ဈေးကောင်းကောင်းဖြင့် ရောင်းချနိုင်ပြီး သီးနှံစိုက်တောင်သူများ အဆင်ပြေစေရန်၊ တောင်တွင်းကြီးမြို့ကို အမှိုက်ကင်းစင်သည့်မြို့အဖြစ် အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ စည်းကမ်းမဲ့စွန့်ပစ်ပလတ်စတစ်အမှိုက်များ၊ မီးဖိုချောင်ထွက် ပလတ်စတစ်အမှိုက်များကို ဟင်းချက်စရာဆန်နှင့် အသီးအနှံများဖြင့် လဲလှယ်ခြင်းအစီအစဉ်ကို ယမန်နေ့က တောင်တွင်းကြီးမြို့ သီရိမင်္ဂလာတိုက်သစ်ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ လဲလှယ်ပေးရာတွင် အိတ်တစ်လုံးစာ စွန့်ပစ်အမှိုက်တစ်ထုပ်လျှင် စားနပ်ရိက္ခာဝေစုတစ်စုနှုန်းအဖြစ် ဆန်တစ်ပြည်၊ ခေါက်ဆွဲခြောက်တစ်ထုပ်၊ ကြက်သွန်နီ၊ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ဆပ်ပြာခရင်မ်၊ 3 Dragons ပဲကုလားဟင်းရည်ထုပ်တို့ဖြင့် လာရောက်လဲလှယ်ကြရာ လဲလှယ်သူ ၁၅၀၀ ရှိကြောင်း သိရသည်။

ရွှေအိုး(၁)ရပ်ကွက်၊ ရွှေအိုး(၂)ရပ်ကွက်၊ မောင်းတိုင် (၁)ရပ်ကွက်၊ ခင်တဲကျေးရွာတို့မှ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေနိုင်သော စွန့်ပစ်ပလတ်စတစ်များကို ဝိုင်းဝန်းစုဆောင်း ကောက်ယူပြီး လာရောက်လဲလှယ်ခဲ့ကြကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်ကားများဖြင့် ကူညီသယ်ဆောင်ပေးကြကြောင်း သိရသည်။

စားနပ်ရိက္ခာနှင့် စွန့်ပစ်အမှိုက်များ လဲလှယ်ခြင်းအစီအစဉ်ကို တောင်တွင်းကြီးမြို့ သီရိမင်္ဂလာတိုက်သစ်ကျောင်းဆရာတော် ဦးပညာဝုဓ ဦးဆောင်သော အရေးပေါ်ကာလ စားနပ်ရိက္ခာ ကူညီထောက်ပံ့ရေး စင်တာမှ အငှမအကြိမ်မြောက်အဖြစ် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး တောင်တွင်းသူလေးများ ပရဟိတအဖွဲ့၊ တိုက်သစ်ဓမ္မစကူးလ်ဆရာမများ၊ White Charity Group၊ Mask Tailor Group ပရဟိတအဖွဲ့တို့က လုပ်အားဒါနအဖြစ် ပူးပေါင်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရိုခေါဒါရ်မြို့၌ မြေပြိုဘေးဒဏ်ခံအိမ်ထောင်စုတစ်စုအား ပစ္စည်း ၁၆ မျိုးနှင့် ငွေများထောက်ပံ့

**ရိုခေါဒါရ် ဩဂုတ် ၃**

ချင်းပြည်နယ် ဖလမ်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ရိုခေါဒါရ်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် လူနေအိမ်ပျက်စီးသွားခဲ့သည့် အိမ်ထောင်စုတစ်စုအား ထောက်ပံ့ပစ္စည်း ၁၆ မျိုးနှင့် ငွေများကို ယမန်နေ့က ပေးအပ်သည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ရိုခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်နှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဦးလာလ်နယ်လိန်း မိသားစုထံ သွားရောက်ပေးအပ်ခြင်းဖြစ်သည်။

ရိုခေါဒါရ်မြို့ အမှတ် (၂) ရပ်ကွက်ရှိ ဦးလာလ်နယ်လိန်း၏ နေအိမ်မှာ ဩဂုတ် ၁ ရက် နံနက် ၅ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် ပျက်စီးခဲ့ခြင်းဖြစ်ပြီး ဘေးသင့်မိသားစုဝင်များအား ရိုခေါဒါရ်မြို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဦးဗိုင်လျန်ဆုန်းနေအိမ်သို့ ယာယီပြောင်းရွှေ့ထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နှင့် ပိဋကတ်ကျောက်စာတိုက်များ

## မောင်သာ(ရွှေဟောင်းသုတေသန)

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နောက်ပိုင်းတွင် သာသနာတော် အဓွန့်ရှည် သန့်ရှင်းတည်တံ့စေရန် ရည်ရွယ်လျက် သင်္ဂါယနာတင်ပွဲများကို ခြောက်ကြိမ်ပြုလုပ်ခဲ့ရာ နောက်ဆုံး နှစ်ကြိမ်ကို မြန်မာနိုင်ငံ၌ ပြုလုပ်ခဲ့သည်။ ဘုရားရှင်၏ ပိဋကတ်တော်များ ပျောက်ပျက်ခြင်းမရှိစေရန် ရှေးအခါက သံဃာတော်များသည် ပိဋကတ်သုံးပုံကို နှုတ်ငုံ အာဂုံဆောင်ခဲ့ကြပြီး နောက်ပိုင်းတွင် ပေရွက်များပေါ်၌ မှတ်တမ်းတင်ခဲ့ကြသည်။

သာသနာတော်နှစ် ၂၄၀၀ ကျော်လွန်ချိန်တွင် မန္တလေးမြို့၌ ပဉ္စမသင်္ဂါယနာတင်ပွဲ မကျင်းပမီ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ခဲ့ရာ ကျောက်စာ ၇၂၉ ချပ် ရရှိခဲ့သည်။ ယင်းကျောက်စာများကို မန္တလေးမြို့မဟာလောကမာရဇိန်စေတီ (ကုသိုလ်တော်ဘုရား)ဝင်းအတွင်း စိုက်ထူခဲ့ရာ ကမ္ဘာပေါ်တွင် အကြီးဆုံးစာအုပ်ဟု ထင်ရှားခဲ့ရုံသာမက မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(Memory of the World)အဖြစ် ယူနက်စ်ကိုအဖွဲ့က ၂၀၁၃ ခုနှစ် ဇွန်လတွင် အသိအမှတ်ပြုခဲ့သည်။

**ပိဋကတ်တော်ကျောက်စာများ ပြင်ဆင်မှု**

ကုသိုလ်တော်ဘုရား ပိဋကတ်တော်များကို ကျောက်ထက် အက္ခရာမတင်မီ မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး သုံးမျိုးဖြင့် ပေရွက်များပေါ်တွင် ရေးကူးခဲ့သည်။ ရေးကူးမည့်စာများကို သာသနာပိုင်ဆရာတော် ဦးစီးသည့် ပိဋကတ်ဆရာတော် လေးပါး၊ စာကြည့်ဆရာတော် အပါး ၃၀၊ စာတည်းဆရာတော် အပါး ၅၀ နှင့် ပိဋကတ်အကျော် ဆရာတော် အပါး ၅၀ တို့က သေချာစွာ ကြည့်ရှုစစ်ဆေးကြပြီးမှ ပိဋကတ်တိုက်စိုး၊ သွေးသောက်ကြီး၊ တိုက်စောင့်၊ အကြပ်၊ အစုရေး၊ ပိဋကတ်ရေး စသော အမှုတော်ထမ်း ၁၀၀ ကျော်တို့က ကညစ်ဖြင့် ရေးကူးခဲ့သည်။ ပိဋကတ်တော်များ ရေးကူးနေစဉ် ဒက္ခိဏာရာမဆရာတော်၊ မြင်းဝန်တိုက်ဆရာတော် နှင့် ဆီးဘန်းနီဆရာတော်တို့က ကြပ်မတ်ခဲ့ကြသည်။

ပေမူများအားလုံး ရေးကူးပြီးချိန်တွင် လွှတ်စာရေးများက ထပ်မံစစ်ဆေးပြီး တံဆိပ်တော်ရ စာတည်း၊ စာချဆရာတော်များက ထပ်မံတည်းဖြတ်ပေးကြသဖြင့် အမှားအယွင်း လုံးဝကင်းစင်သော ပိဋကတ်သုံးပုံ ပေမူကို ရရှိခဲ့သည်။

ရွှေရေး၊ မင်ရေး၊ ကညစ်ရေး ပေစာထုပ်ပေါင်း ၂၀၀ ကျော်ကို အမရပူရ ပိဋကတ်တိုက်၌ ထားရှိခဲ့ပြီး မန္တလေးမြို့ကို တည်ပြီးချိန်တွင် မန္တလေးတောင်ခြေ၌ မင်းတုန်းမင်းတည်ခဲ့သော ပိဋကတ်တိုက်သို့ ပြောင်းရွှေ့သိမ်းဆည်းခဲ့ကြသည်။ ယင်း ပိဋကတ်တိုက်သည် ကျောက်တော်ကြီးဘုရား၏ မြောက်ဘက်၊ မန္တလေးတောင်ခြေတွင် ရှိခဲ့ပြီး ယခုအခါတွင် မမြင်တွေ့ကြရတော့ချေ။

မင်းတုန်းမင်းသည် သန့်စင်သော ပိဋကတ်ပေမူများကို မန္တလေးနန်းတွင်းရှိ တန်ဆောင်းသစ်ကြီး၌ မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် (၁၈၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၄ ရက်)တွင် စကျင်ကျောက်ပြားများပေါ်သို့ စတင်ရေးကူးထွင်းထုစေခဲ့ရာ ခုနစ်နှစ် ခြောက်လနှင့် ၁၄ ရက်မျှ ကြာမြင့်ခဲ့ပြီး ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်(၁၈၆၈ ခုနှစ် မေလ ၄ ရက်) တွင် ပြီးစီးအောင်မြင်ခဲ့ပြီး စာလုံးများအားလုံးကို ရွှေမင်သွင်းခဲ့သည်။ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ပြီး သုံးနှစ်အကြာ ၁၂၃၃ ခုနှစ် တန်ခူးလဆုတ် ၁၁ ရက် မြန်မာနှစ်ဆန်း ၁ ရက် (၁၈၇၁ ခုနှစ် ဧပြီလ ၁၅ ရက်) တွင် ပဉ္စမအကြိမ် သင်္ဂါယနာတင်ခဲ့ပြီး ယင်းကျောက်စာ ၇၂၉ ချပ်ကို ပဉ္စမသင်္ဂါယနာတင်မှုအဖြစ် သတ်မှတ်ခဲ့သည်။

ကျောက်စာတစ်ချပ်စီကို အုတ်ပြာသာဒ်တိုက်တစ်ခုစီအတွင်း စိုက်ထူခဲ့သဖြင့် ပြာသာဒ်တိုက်ပေါင်း ၇၂၉ တိုက်ရှိသည်။ ကျောက်စာ ပြာသာဒ်တိုက်များ၏ အကြားတွင် ချရားပင်များ၊ ခရေပင်များကို စိုက်ပျိုးခဲ့ရာ ယခုအခါတွင် သက်တမ်း နှစ် ၁၀၀ ကျော်နေပြီဖြစ်ပြီး အချို့သော အပင်များတွင် စိုက်ပျိုးခဲ့သည့် ခုနှစ်သက္ကရာဇ်ကို ဖော်ပြထားသည့် ဆိုင်းဘုတ်ငယ်များ ချိတ်ဆွဲထားသည်။

**ပိဋကတ်သုံးပုံ အဋ္ဌကထာနှင့် ဋီကာများ**

ထို့အတူ မန္တလေးတောင်ခြေရှိ စန္ဒာမုနိဘုရားဝင်းအတွင်း၌ ပိဋကတ်သုံးပုံကို အကျယ်ဖွင့်ဆိုသည့် အဋ္ဌကထာနှင့် ဋီကာကျမ်းများကို ကျောက်ထက် အက္ခရာတင်ထားသော ကျောက်စာချပ်များကို ထည့်သွင်းပူဇော်ထားသည့် ဓမ္မစေတီများကို ဖူးတွေ့နိုင်ကြသည်။

ယင်းကျောက်စာချပ်များကို ရသေ့ကြီးဦးခန္တီက မဟာသံဃရာဇာ တောင်ခွင် သာသနာပိုင်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ်တွင် ရေးထိုးစိုက်ထူခဲ့သည်။ သာသနာပိုင်ဆရာတော်သည် ကျောက်စာတွင်ရေးထိုးမည့် ပိဋကတ်တော် စာသားများကို အက္ခရာ၊ ပုဒ်၊ ပါဌ် ကျနမှန်ကန်စေရန် ဆရာတော် ၁၅ ပါးအား တည်းဖြတ်ပြင်ဆင် သုတ်သင်စေခဲ့ပြီးမှ အဘယာရာမ မိုးထိတိုက်ဆရာတော် ဦးဇာဂရက ကြီးကြပ်၍ ကျောက်ထက်အက္ခရာတင်ခဲ့သည်။

ပိဋကတ်သုံးပုံ အဋ္ဌကထာနှင့် ဋီကာ ကျောက်စာ ၁၇၇၂ ချပ်နှင့် မှတ်တမ်းကျောက်စာချပ် နှစ်ချပ်ကို စန္ဒာမုနိဘုရား ပရိဝုဏ်အတွင်း၌ အုတ်ပလ္လင်တစ်ခုစီပေါ်တွင် တစ်ချပ်မှ သုံးချပ်အထိ စိုက်ထူပြီး အုတ်ပလ္လင်အထက်တွင် စေတီတော်တစ်ဆူစီ တည်ထား၍ "ဥဒေတယံ၊ ကျောက်ချပ်မှန်" ဟု မှတ်သားခဲ့ကြသည်။ ယင်းကျောက်စာများကို ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး၏ နောက်ဆက်တွဲဟု ဆိုရမည်ဖြစ်ပြီး ဦးခန္တီသည် ကျောက်စာချပ် ၈၈၃ ချပ်ပေါ်တွင် အုတ်စေတီများကို တည်ထားခဲ့၍ ယခုအခါ ကျန်သော ကျောက်စာချပ် ၈၉၁ ချပ်ပေါ်တွင် မိုးလုံလေလုံ အမိုးတိုက်၌လည်းကောင်း၊ ၁၂၈၉ ခုနှစ်တွင် ရေးထိုးခဲ့သည့် ကျောက်စာ ၅၁၆ ချပ်ကို သာစည်မြို့နယ် ညောင်ရမ်းရွာ ရွှေမုဋ္ဌောဘုရားဝင်း၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ အချပ် ၅၁၀ ကို ဝမ်းတွင်းမြို့နယ် သဲတောမြို့ ကိုးတောင်ပြည့်ဘုရား၌လည်းကောင်း၊ ၁၃၀၁ ခုနှစ်တွင် ရေးထိုးခဲ့သည့် ကျောက်စာအချပ် ၁၀၀ ကို ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ ရွာဦးကျောင်း၌လည်းကောင်း၊ ၁၃၃၉ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ ၁၀၀၅ ချပ်ကို ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယကျောင်းတိုက်အတွင်း၌ လည်းကောင်း၊ ၁၃၄၂ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ အချပ် ၁၀၈၀ ကို မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ လည်းကောင်း စိုက်ထူခဲ့သည်။ ပဲခူးမြို့ရှိ ရွှေသာလျောင်းဘုရားတွင် စိုက်ထူထားသည့် ပိဋကတ်ကျောက်စာ ၅၈ ချပ်ကိုမူ ရေးထိုးခဲ့သည့် ခုနှစ်ကို မသိရှိခဲ့ပါ။

ပိဋကတ်တော် ကျောက်စာများကို ရေးထိုးကြရာတွင် ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်သုံးပုံဖြစ်သည့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းများကို ရေးထိုးကြသော်လည်း သဃ်န်းကျွန်း၊ မင်းကင်း၊ သုံးခွမြို့နယ် မင်းရွာနှင့် ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာရှိ ကျောက်စာချပ်များတွင် ဝိနည်းကျမ်းတစ်ခုတည်းကိုသာ ရေးထိုးထားပြီး ပဲခူး ရွှေသာလျောင်းဘုရားမှ ကျောက်စာများတွင်မူ အဘိဓမ္မာကျမ်းများကိုသာ



မိတ္ထီလာမြို့ ရွှေမြင်မိစေတီတော်ဝင်းအတွင်းမှ ပိဋကတ်တော် ကျောက်စာချပ်များ

အကာများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

**မြန်ပြည်တစ်လွှား ပိဋကတ်ကျောက်စာတော်များ**

မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၃-၁၈၇၈)သည် ခရစ်နှစ် ၁၈၇၁ ခုနှစ်တွင် ပိဋကတ်သုံးပုံနှင့် နေတ္တိ၊ မိလိန္ဒပဉှ နှင့် ပေဋကော ပဒေသ သုတ်သုံးကျမ်းတို့ကို ကျောက်စာ ၇၂၉ ချပ်ပေါ်တွင် ရေးထွင်းစိုက်ထူပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း နေရာဒေသ အသီးသီး၌ ပိဋကတ်ကျောက်စာများကို ရေးထိုးစိုက်ထူခဲ့ကြသည်။ ထို့ကြောင့် ထင်ရှားသော ပိဋကတ်သုံးပုံ ကျောက်စာတိုက် ၁၄ တိုက်၊ ပိဋကတ်တော် အဋ္ဌကထာ ကျောက်စာတိုက် နှစ်တိုက်နှင့် ဋီကာကျော် ကျောက်စာတိုက်တစ်တိုက် ပေါ်ထွက်ခဲ့သည်။

ပိဋကတ်သုံးပုံ ကျောက်စာတော်များအနက် မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၇၂၉ ချပ်ကို မန္တလေးမြို့ ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ လည်းကောင်း၊ ၁၂၆၉ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၅၅ ချပ်ကိုသဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံစေတီဝင်းအတွင်း၌ လည်းကောင်း၊ ၁၂၇၄ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ အချပ် ၄၅၀ ကို ရေနံချောင်းမြို့ ကျောက်စာရုံအတွင်း၌ လည်းကောင်း၊ ၁၂၇၉ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၃၉၉ ချပ်ကို ဓနုဖြူမြို့ ပြည်လုံးချမ်းသာဘုရားကြီးဝင်း၌ လည်းကောင်း၊ ၁၂၈၃ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၅၈၅ ချပ်ကို သထုံမြို့ ရွှေစာရံဘုရားဝင်းအတွင်း၌လည်းကောင်း၊ ၁၂၈၆ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာအချပ် ၇၂၀ ကို တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ လောကမာရ်အောင် ဘုရားဝင်းအတွင်း၌လည်းကောင်း စိုက်ထူခဲ့သည်။

ထို့အတူ ၁၂၈၇ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၁၇၁ ချပ်ကို မင်းကင်းမြို့ ကျောက်စာဘုရားဝင်း၌လည်းကောင်း၊ ၁၂၈၇ ခုနှစ်မှာပင် ရေးထိုးခဲ့သည့် ကျောက်စာ ၁၅၄ ချပ်ကို သုံးခွမြို့နယ် မင်းရွာရှိ ကံကြီးကုန်းကျောင်းထွင်းထုထားသည်။

ပိဋကတ်တော်ကိုဖွင့်ဆိုသည့် အဋ္ဌကထာ ကျမ်းများအနက် ၁၂၇၅ ခုနှစ်တွင် ထွင်းထုခဲ့သည့် အဋ္ဌကထာကျမ်း ကျောက်စာ ၁၅၀၉ ချပ်ကို မန္တလေးမြို့ စန္ဒာမုနိဘုရားဝင်းနှင့် ၁၂၇၇ ခုနှစ်တွင် ရေးထိုးခဲ့သည့် အဋ္ဌကထာကျမ်း ကျောက်စာ ၅၉၇ ချပ်ကို မိတ္ထီလာမြို့ ရွှေမြင်မိစေတီဝင်းအတွင်း၌ စိုက်ထူခဲ့သည်။ အဋ္ဌကထာကျမ်းများကို ဖွင့်ဆိုသည့် ဋီကာကျမ်း ကျောက်စာ ၂၆၃ ချပ်ကိုမူ မန္တလေးမြို့ စန္ဒာမုနိဘုရားဝင်း၌ စိုက်ထူခဲ့သည်။

ယင်းတို့အပြင် မန္တလေးမြို့ ကျောက်တော်ကြီးဘုရားဝင်း၌ သထုံမြို့အတွက် ပိဋကတ်ကျောက်စာ ၁၂၆ ချပ်၊ မုံရွာမြို့၌ လယ်တီဆရာတော်၏ကျမ်းစာ ၈၀၆ ချပ်နှင့် အမရပူရမြို့၌ မိုးကုတ်ဆရာတော်၏ ဒေသနာတော် ကျောက်စာ ၂၉ ချပ်ရှိကြောင်း စာရေးဆရာ မောင်အေးကျော် (အဖျောက်)က ရေးသားခဲ့သည်။

**မိတ္ထီလာမြို့၏ သမိုင်းနောက်ခံ**

မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးမြို့ပြီးလျှင် အကြီးဆုံးဖြစ်သည့် မိတ္ထီလာမြို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့ပြီး မိတ္ထီလာမြို့၏ အထင်ရှားဆုံး အမှတ်လက္ခဏာ တစ်ခုဖြစ်သည့် မိတ္ထီလာကန်အကြောင်းကို မင်းကြီး သီရိမဟာဇေယျသူက ကဝိလက္ခဏာဒီပနီကျမ်းတွင် "ရေမှာ စစ်ကိုင်း၊ လှိုင်းမှာ ပခန်းငယ်၊ လယ်မှာ တောင်တွင်း၊ စပါးမှာ ရမည်းသင်း၊ အင်းမှာ တောင်သမန်၊ ကန်မှာ မိတ္ထီလာ" ဟု ရေးဖွဲ့ခဲ့သည်။

မိတ္ထီလာကန်သည် မြန်မာနိုင်ငံအလယ်ပိုင်းအတွက် အရေးပါသော ရေအရင်းအမြစ်နေရာတစ်ခုဖြစ်၍ မိတ္ထီလာမြို့နှင့်အနီးဝန်းကျင်ဒေသများမှ နယ်သူ နယ်သားများသည် မိတ္ထီလာကန်ရေကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့ကြသည်။ အထက်ဗမာပြည်



မိတ္ထီလာမြို့မှ ထီးသုံးဆင့် စေတီတော်

နှင့် ရှမ်းပြည်နယ် ဂေဇက်တီးယား(၁၉၀၁)တွင် မိတ္ထီလာကန်သည် သဘာဝကန်မဟုတ်ဘဲ လူများပြုလုပ်ခဲ့သည့်ကန် ဖြစ်ကြောင်း ဖော်ပြထားသည်။

ရှေးအခါက သျှိသျှားကန်ကို အစွဲပြုလျက် မိတ္ထီလာမြို့ကို သျှိသျှားမြို့ဟု ခေါ်တွင်ခဲ့သည်။ မြန်မာသက္ကရာဇ် ၄၁၄ ခုနှစ်တွင် သျှိသျှားကန်ကို နှစ်နှစ်ကြာ ပြုပြင်ဆည်ဖို့ခဲ့ရာ ရာဇဝင်ကျမ်းများ အလိုအရ မိတ္ထီလာကန်ရေသည် ပုပ္ပားရေကျနှင့် ထိစပ်ခြင်း ရှိ မရှိကို မြင်းသည်တော်အား အကြည့်ခိုင်းပြီး အနော်ရထာမင်းအား ပြန်လည်လျှောက်ထားစေခဲ့ရာ ပုပ္ပားရေကျနှင့် မထိကြောင်း "မထိလာပါ" ဟု လျှောက်တင်သည့်စကားမှ မိတ္ထီလာဖြစ်လာသည်ဟု ယူဆခဲ့ကြသော်လည်း ယင်းအဆိုသည် မိတ္ထီလာဒေသ၏ မြေမျက်နှာသွင်ပြင်ကြောင့် မဖြစ်နိုင်ကြောင်း စာရေးဆရာ ဦးထွဏ်းလွင်က သူ၏ စာပေဗိမာန် စာမူဆုရ "မိတ္ထီလာမြို့နယ်ဖြစ်စဉ် သမိုင်းမှတ်တမ်း" စာအုပ်တွင် ရေးသားခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် မိတ္ထီလာကို မြို့အဖြစ် သတ်မှတ်ခဲ့ကာ လက်ရှိအချိန်တွင် မိတ္ထီလာမြို့နယ်ကို ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈ စု၊ ကျေးရွာ ၃၈၀ ဖြင့် ဖွဲ့စည်းထား၍ မိတ္ထီလာခရိုင်ထဲတွင် မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် မလှိုင်မြို့နယ်တို့ ပါဝင်သည်။

မိတ္ထီလာမြို့နယ်သည် ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့ဘက်၊ သာစည်မြို့နယ်၏ အနောက်ဘက်၊ ဝမ်းတွင်းမြို့နယ်၏ တောင်ဘက်နှင့် ပျော်ဘွယ်မြို့နယ်၏ မြောက်ဘက်တွင်တည်ရှိကာ ၄၇၅ ဒသမ ၃၆ စတုရန်းမိုင် ကျယ်ဝန်းသည်။ မိတ္ထီလာမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ ပေ ၇၅၀ ခန့်မြင့်၍ ညီညာပြန့်ပြူးသော မြေမျက်နှာပြင်နှင့်အတူ တောင်ကုန်းတောင်တန်းငယ်များလည်း ရှိသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ မိတ္ထီလာမြို့နယ်၏ လူဦးရေသည် ၃၀၄၉၀၃ ဦး ရှိသည့်အနက် ၉၄ ဒသမ ၉၄ ရာခိုင်နှုန်း(၂၈၉၄၇၉ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

**ကျောက်စာတိုက်များ**

မိတ္ထီလာမြို့နယ်၌ စေတီ ဘုရား ၁၀၉၃ ဆူ ရှိသည့်အနက် သီရိမင်္ဂလာရပ်ကွက်မှ ထီးသုံးဆင့်ရှိသည့် ဘုရားတစ်ဆူကို မြန်မာသက္ကရာဇ် ၅၆၃ ခုနှစ်တွင် နရပတိစည်သူမင်းက တည်ခဲ့သည်။ ယခုအခါတွင် ထီးသုံးဆင့်စေတီသည် ရွှေမြင်မိစေတီနှင့်အတူ မဟာရံတံတိုင်းတစ်ခုအတွင်း၌ တည်ရှိသည်။

ရွှေမြင်မိစေတီကိုလည်း နရပတိစည်သူမင်းကပင် တည်ထားခဲ့ပြီး မူလက စေတီငယ်တစ်ဆူသာ ဖြစ်ခဲ့ဟန်ရှိကာ နှစ်ကာလကြာမြင့်ချိန်တွင် ငလျင်ဒဏ်များကြောင့် ပြိုကျပျက်စီးခဲ့သည်ဟု မှန်းဆရကြောင်း မိတ္ထီလာသမိုင်းပြုစုခဲ့သူ ဦးထွဏ်းလွင်က သုံးသပ်ခဲ့သည်။ ပြိုကျပျက်စီးနေသည့် ရွှေမြင်မိစေတီကို ဦးလှိုင်းနှင့် ဇနီး ဒေါ်အိမ်ငြိမ်းတို့က ခရစ်နှစ် ၁၈၉၂ ခုနှစ်တွင် မွမ်းမံပြင်ဆင်ခဲ့ရာ ၁၉၀၁ ခုနှစ်တွင် ပြီးစီး၍ ထီးတော်တင်လှူခဲ့သည်။ ဘုရားသမိုင်းကျောက်စာတွင် ရွှေမြင်မိစေတီ ထီးတော်ကို မြန်မာသက္ကရာဇ် ၁၂၆၂ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်(၁၉၀၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်) သောကြာနေ့တွင် တင်လှူကြောင်း ရေးထိုးထားသည်။ ထီးတော်သည် အမြင့် ၁၂ တောင်နှင့် အဝန်း လေးတောင် နှစ်မိုက် ရှိသည်။

ဘုရားအလှူရှင် ဦးလှိုင်းသည် နရပတိစည်သူမင်း တည်ထားခဲ့သည့် ထီးသုံးဆင့်စေတီနှင့် ရွှေမြင်မိစေတီ

စာမျက်နှာ ၂၂ သို့

# မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာ၌ တောင်သူအခြေပြု သုတေသနစခန်း ထူထောင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မကွေး ဩဂုတ် ၃**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် မတူကွဲပြားသည့် ရေ၊ မြေ၊ ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေသည့် သီးနှံများ ရှာဖွေဖော်ထုတ်ခြင်း၊ အဆင့်မြင့်သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် တောင်သူအခြေပြုသုတေသနစခန်း ထူထောင်နိုင်ရေးအတွက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ ဒေသသုတေသနဌာနစု တာဝန်ခံ ဦးဇော်ဝင်း၊ မကွေး ဆီထွက်သီးနှံဇုဟိုသုတေသန စိုက်ပျိုးရေးခြံတာဝန်ခံ ဒေါ်မော်မော်သီနှင့် သုတေသနပညာရှင်များသည် မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာသို့ ဩဂုတ် ၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။ (ယာပုံ)

ဆားတိုင်ကန်ကျေးရွာရှိ ဒေသခံတောင်သူအဖွဲ့နှင့် တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က တောင်သူများကြုံတွေ့နေရသည့် အခက်အခဲများကို လက်တွေ့ကွင်းဆင်းလေ့လာ၍ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် ဒေသကိုယ်စားပြုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်အတွက် တောင်သူအခြေပြု သုတေသနစခန်းများ ထူထောင်မည်ဖြစ်ကြောင်း၊ အဆိုပါသုတေသနစခန်းတွင် တောင်သူခေါင်းဆောင်က



သုတေသနပညာရှင်များနှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများရရှိကာ ဈေးကွက်စံချိန်၊ စံညွှန်းပြည့်မီသည့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာသည့် တောင်သူများက ဆားတိုင်ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံဖြစ်သည့် နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ကြုံတွေ့နေရသော ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် သက်လျင်နှမ်းနက်မျိုးကို လုံလောက်စွာ ရယူလိုကြောင်း၊ စက်တင်ဘာလတွင် စိုက်ပျိုးသည့်နှမ်းမျိုးကို သိလိုပါကြောင်း၊ မည်သည့်အချိန်တွင် စိုက်ပျိုးရမည်ဖြစ်ကြောင်း မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ်က မကွေးနက် ၁/၁၄ မျိုးကို ဆားတိုင်ကန်ကျေးရွာရှိ တောင်သူ ဦးကျော်ဝင်းထံ၌ မျိုးသန့်ပွားများ စိုက်ပျိုးထားကြောင်း၊ ယင်းမျိုးများ အပြင် မကွေးနက် ၁/၁၃၊ ဆင်းရတနာ-၃နှင့် ဆင်းရတနာ-၁၄ နှမ်းနက်မျိုးများကိုလည်း စိုက်ပျိုး၍ ရနိုင်ကြောင်း၊ စက်တင်ဘာလဆန်းမှ ဒုတိယပတ်အတွင်း စိုက်ပျိုးလျှင် အသင့်တော်ဆုံးဖြစ်ကြောင်း၊ မြေဆီလွှာများကို သိရှိရန်အတွက် စစ်ဆေးခြင်းနည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကလိ-ဖအောင်းစု လမ်းပေါ်မှသစ်သားတံတားကို အသစ်ပြန်လည်တည်ဆောက်

**ရန်ကုန် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက် လမ်းဦးစီးဌာနသည် ဒိုက်ဦးမြို့နယ် ကလိ-ဖအောင်းစု လမ်းပေါ်ရှိ သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါခေါ်ယူဆောင်ရွက်ရာ ယခုအခါ တံတားမှာ ရာနှုန်းပြည့်ပြီးနေပြီဟု သိရသည်။

ကလိ- ဖအောင်းစု လမ်းပေါ်ရှိ အဆိုပါ (ဖအောင်းစု)သစ်သားတံတားသည် အရှည် ၁၆၅ ပေရှိပြီး ၂၀၁၈ ခုနှစ်က ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောက်လုပ်ခဲ့သော တံတားဖြစ်သည်။



ကွန်ကရစ်တံတားသစ်အဖြစ် အသစ်တည်ဆောက်ထားမှုကို တွေ့ရစဉ်။

ယခုအခါ မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး၏(မူလ)ရန်ပုံငွေကျပ် ၃၁၃ ဒသမ ၃ သန်းဖြင့် တင်ဒါပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါတံတားသည် ရန်ကုန်-မန္တလေးလမ်းမကြီး(လမ်းဟောင်း)နှင့် ဆက်သွယ်သော လမ်းဖြစ်ပြီး ယခင်က ဆိုင်ကယ်နှင့် စက်ဘီးသာ သွားလာနိုင်သည့် သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးလိုက်ခြင်းဖြစ်သည်။ တံတားတည်ဆောက်ပြီးစီးသွားသဖြင့် အဆိုပါဒေသမှ ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၂၅၃၉ နှင့် လူဦးရေ ၁၂၀၉၁ ဦးတို့အတွက် သွားလာရေးများ ကောင်းမွန်လာပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး၊ စီးပွားရေးများလည်း အဆင်ပြေလာနိုင်မည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**



စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား နေ့စဉ် (စနေ၊ တနင်္ဂနွေ) ရုံးပိတ်ရက်များပါ ဆောင်ရွက်ပေးလျက်ရှိရာ တမူးမြို့ မြို့မရပ်ကွက်ရှိ ပြည်သူများအား ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ အေးသန်း(စိန်တုံးကြီး)

# နားဟီးကျေးရွာ၌ ကျေးရွာဘက်စုံဖွံ့ဖြိုးရေးခန်းမသစ်ဖွင့်လှစ်

**ကျောက်တလုံးကြီး ဩဂုတ် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်တလုံးကြီးမြို့နယ် နားဟီးကျေးရွာအုပ်စု နားဟီး(အနောက်)ကျေးရွာ၌ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထက်ဝက်အတိုးရငွေ၊ ကျေးရွာပြည်သူများထည့်ဝင်ငွေဖြင့် ဆောက်လုပ်ပြီးဖြစ်သော နားဟီး(အနောက်)ကျေးရွာ ဘက်စုံဖွံ့ဖြိုးရေးခန်းမကို ယမန်နေ့က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးခွန်သူရအောင်၊ မြို့အုပ်ချုပ်ရေးမှူး ဦးစောချမ်း၊ ပြည်နယ်/ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နားဟီး(အနောက်)ကျေးရွာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ထောက်ပံ့သော မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ရရှိခဲ့ပြီး ယနေ့အထိ အတိုးနှုန်းကောက်ခံရရှိမှုသည် ငွေကျပ် ၂၀၇၄၀၀၀၀ ဖြစ်ကာ ယင်းအနက်မှ ငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေတို့ ပူးပေါင်းပြီး ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ခွန်အာကာ(ကျောက်တလုံး)**

ဒေသအတွင်း ပြည်သူများ ငါးစားသုံးမှုဖူလုံရေးအတွက်ငါးမျိုးများ ပေါက်ပွားမှု တိုးတက်စေရန် ရည်ရွယ်၍ အင်းနှင့် စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၂ ရက်က ပြုလုပ်ရာ သံဖြူဇရပ်မြို့ ကြာကန်အင်းတွင် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀ ၊ သံဖြူဇရပ်မြို့နယ် တောင်ဖလုကျေးရွာရှိ စပါးစိုက်လယ်ကွက်များအတွင်း ရွှေဝါငါးကြင်းကောင်ရေ ၂၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၁၅၀၀၀ တို့ကို စိုက်ထည့်ပေးစဉ်။

အေးအေးသီ(ပြန်/ဆက်)



*စာမျက်နှာ ၂၁ မှ*

တို့ကို တံတိုင်းလေးဖက် ခတ်ခဲ့သဖြင့် ယခုအချိန်တွင် စေတီတော်နှစ်ဆူကို ဝင်းတစ်ခုတည်းအတွင်း၌ ဖူးမြင်ကြရပေသည်။

**ကျောက်စာချပ်များထားရှိခြင်း**

မိတ္ထီလာမြို့ ကျောက်တံခါးတောရတိုက်ဆရာတော် ဦးပဏ္ဏဝက ဘုရားဒါယကာ ဦးလှိုင်းကို ရွှေမြင်မိစေတီဝင်းအတွင်း၌ ပိဋကတ်ကျောက်စာတော်များ ထားရှိပူဇော်သင့်ကြောင်း မိန့်ကြားခဲ့သည်။ ထို့ကြောင့် မိတ္ထီလာမြို့မှ ပြည်သူများနှင့် ပူးပေါင်းကာ မန္တလေးမြို့မှ ကျောက်ဆစ်သမားများကို ခေါ်ယူ၍ ပိဋကတ်တော် ကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက်(၁၉၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်)တွင် ပိဋကတ်တော် အဋ္ဌကထာ ကျောက်စာချပ်ပေါင်း ၅၉၇ ချပ်ကို စတင်ထွင်းထုခဲ့ရာ မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁ ရက်(၁၉၂၈ ခုနှစ် ဇွန်လ ၃ ရက်)တွင် ပြီးစီးခဲ့သည်။

ယင်းကျောက်စာများမှာ ဝိနည်းငါးကျမ်း ၁၁၄ ချပ်၊ သုတ်သုံးကျမ်း ၇၄ ချပ်၊ အဘိဓမ္မာခုနစ်ကျမ်း ၁၀၆ ချပ်၊ ပဏ္ဏာသသုံးကျမ်း ၁၀၅ ချပ်၊ သံယုတ်ငါးကျမ်း ၇၈ ချပ်၊ အင်္ဂုတ္တိုရ်နှင့် ခုဒ္ဒကပါဠိ အချပ် ၁၂၀ တို့ဖြစ်ကာ ရွှေမြင်မိစေတီဝင်းအတွင်း ကျောက်စာတိုက် ခြောက်ခု၌ စိုက်ထူခဲ့သည်။

ယင်းတို့အနက် ကျိုးပဲ့ပျက်စီးခဲ့သည့် အင်္ဂုတ္တိုရ်နှင့် ခုဒ္ဒကပါဠိ အဋ္ဌကထာ ကျောက်စာချပ် ၁၂၀ ကို အလှူရှင် ဦးလှိုင်းက ပြုပြင်ခဲ့၍ ပျက်စီးနေသည့် ကျန်ကျောက်စာများကိုလည်း အများကောင်းမှုဖြင့် ပြင်ဆင်ခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် ဦးလှိုင်း သာသနာ့ဘောင်သို့ ဝင်သွားခဲ့ချိန်တွင် ပျက်စီးနေသည့်ကျောက်စာများ ပြင်ဆင်ခြင်းလုပ်ငန်းကို သားဖြစ်သူ ဦးကျော်ညွန့်က ၁၉၂၈ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။

ယခုအချိန်တွင် မိတ္ထီလာမြို့ ရွှေမြင်မိစေတီတော်ဝင်းအတွင်းရှိ ကျောက်စာတိုက်များ၌ အဋ္ဌကထာ ကျောက်စာ ၅၉၇ ချပ်နှင့် မှတ်တမ်းမော်ကွန်းကျောက်စာ နှစ်ချပ်တို့ ရှိနေဆဲဖြစ်သည်။

မိတ္ထီလာမြို့နယ်၏ သမိုင်းနှင့် ဆက်စပ်နေသည့် ပိဋကတ်တော် အဋ္ဌကထာ ကျောက်စာများသည် မိတ္ထီလာမြို့နယ်၏ ဗုဒ္ဓစာပေဆိုင်ရာ အမွေအနှစ်များ ဖြစ်ကြရာ ယင်းတို့ကို ရွှေမြင်မိစေတီတော် ဂေါပကအဖွဲ့နှင့်အတူ မိတ္ထီလာနယ်သူ နယ်သားများက အစဉ်အဆက် ထိန်းသိမ်းခဲ့ကြသဖြင့် ဗုဒ္ဓဘာသာ ပိဋကတ်တော် အမွေအနှစ်များကို နောင်းလူများက ဆက်ခံခွင့်ရရှိခဲ့ပေသည်။ ။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)
- မိတ္ထီလာမြို့နယ် ဖြစ်စဉ်သမိုင်းမှတ်တမ်း (ဦးထွဏ်းလွင်)
- လောကမာန်အောင် မြတ်ဘုရားကြီး (မောင်အေးကျော် ၊ အဖျောက်)

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဂ) ပုဒ်မခွဲ (ခ) က သက်ရောက်သည့် ရရန်ပိုင်ခွင့်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် ကာလရှည် ငှားရမ်းမှုဖြစ်ပါက ယင်းငှားရမ်းမှုသည် စည်းကြပ်ထိုက်သော ဝင်ငွေရရှိရန်အတွက်သာ အသုံးပြုသည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်ဖြစ်သည်ဟုယူဆလျက် ယင်းရရန်ပိုင်ခွင့်၏ ထုခွဲရောင်းချသည့်အစိတ်အပိုင်းနှင့် ကျန်ရှိသည့် အစိတ်အပိုင်းတို့၏ စာရင်းအရ လက်ကျန်တန်ဖိုးကို တွက်ချက်ခြင်းဖြင့် ပုဒ်မခွဲ (ခ)သည် သက်ရောက်စေရမည်။

**ရရန်ပိုင်ခွင့်တစ်ခုအတွက် အဖိုးစားနားသတ်မှတ်ခြင်း**

၈၁။ (က) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးက ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းခြင်းအတွက် အဖိုးစားနားသည် ယင်းပုဂ္ဂိုလ်က သို့မဟုတ် ယင်း၏ တွဲဖက်လုပ်ကိုင်သူက ရရှိသည့် သို့မဟုတ် ရရန်ရှိသည့် ယင်းရရန်ပိုင်ခွင့်အတွက် စုစုပေါင်းငွေကြေးပမာဏဖြစ်ပြီး ယင်းပမာဏတွင် ထုခွဲရောင်းချချိန်၌ သတ်မှတ်သည့် ပစ္စည်းဖြင့် ပေးချေသော အဖိုးစားနားမှန်သမျှ၏ ပြင်ပဈေးကွက်ပေါက်ဈေးလည်း ပါဝင်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးက ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းအတွက် အဖိုးစားနားတွင် ယင်းရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ သတ်မှတ်ကာလတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ခွင့်တစ်ခုကို ခွင့်ပြုပေးခြင်းအတွက် အဖိုးစားနားပါဝင်သော်လည်း ထိုပုဂ္ဂိုလ်သည် ယင်းသတ်မှတ်ကာလတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ခွင့် ခွင့်ပြုပေးခြင်းမှ ပေါ်ပေါက်လာသည့် မည်သည့်မြတ်စွန်းငွေနှင့်မဆို စပ်လျဉ်း၍ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိသူဖြစ်မှသာ ယင်းနှင့် အကျုံးဝင်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးသည် ရရန်ပိုင်ခွင့်တစ်ခုကို ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြစ်ပါက ယင်းရရန်ပိုင်ခွင့်အတွက် အဖိုးစားနားတွင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ယင်းပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးက ယင်းဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် ရရှိခဲ့သည့် သို့မဟုတ် ရရန်ရှိသည့် မည်သည့်လျော်ကြေးငွေ၊ ပျက်စီးဆုံးရှုံးမှုအတွက် အကာအကွယ်(idemnity)၊ သို့မဟုတ် ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးမဆို ပါဝင်သည့်အပြင် အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ရရှိသည့် သို့မဟုတ် ရရန်ရှိသည့် ငွေကြေးပမာဏများလည်း ပါဝင်သည် –

(၁) အာမခံပေါ်လစီတစ်ရပ်အရ သို့မဟုတ် ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးအဖြစ် သို့မဟုတ် အခြားသဘောတူညီချက်အရ၊

(၂) ညှိနှိုင်းဖြေရှင်းမှုတစ်ရပ်အရ၊

(၃) တရားရုံးဆုံးဖြတ်ချက်တစ်ရပ်၏ အကျိုးဆက်အဖြစ်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးက နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသည့် ရရန်ပိုင်ခွင့်များကို ဆောင်ရွက်ချက်တစ်ခုတည်းဖြင့် ထုခွဲရောင်းချခဲ့ပြီး ရရန်ပိုင်ခွင့်တစ်ခုစီအတွက် အဖိုးစားနားကို သတ်မှတ်ဖော်ပြထားခြင်းမရှိလျှင် ယင်းရရန်ပိုင်ခွင့်များကို ထုခွဲရောင်းချစဉ်က သတ်မှတ်ခဲ့သည့် သက်ဆိုင်ရာ ပြင်ပဈေးကွက်ပေါက်ဈေးများအလိုက် စုစုပေါင်း အဖိုးစားနားအနက်မှ ရရန်ပိုင်ခွင့်တစ်ခုစီအတွက် အချိုးကျခွဲဝေသတ်မှတ်ရမည်။

(င) ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မ ၇၈၊ ပုဒ်မခွဲ (စ) တို့တွင် ဖော်ပြထားသည့် ရရန်ပိုင်ခွင့်တစ်ရပ်အတွက် အဖိုးစားနားသည် ယင်းရရန်ပိုင်ခွင့်ကို ရယူချိန် သို့မဟုတ် ထုခွဲရောင်းချချိန်တွင်ရှိသည့် ယင်းရရန်ပိုင်ခွင့်၏ ပြင်ပဈေးကွက်ပေါက်ဈေးဖြစ်သည်။

(စ) ပုဂ္ဂိုလ်တစ်ဦးသည် ယင်းပုဂ္ဂိုလ်က ထုခွဲရောင်းချသည့် ရရန်ပိုင်ခွင့်တစ်ခုအတွက် အဖိုးစားနားကို စာတမ်းအမှတ်အသားသက်သေခံ (documentary evidence) ဖြင့် မတင်ပြနိုင်လျှင် ယင်းထုခွဲရောင်းချမှုအတွက် အဖိုးစားနားသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည့် အချိန်တွင်ရှိသည့် ပြင်ပဈေးကွက်ပေါက်ဈေး ဖြစ်သည်။

**ရရန်ပိုင်ခွင့်၏ မြတ်စွန်းငွေ သို့မဟုတ် အရှုံးကို အသိအမှတ်ပြုခြင်းအား ရွှေ့ဆိုင်းခြင်း**

၈၂။ (က) ပုဒ်မခွဲ (ခ) နှင့် မဆန့်ကျင်စေဘဲ ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ မည်သည့်အမြတ်အစွန်း သို့မဟုတ် အရှုံးမျှပေါ်ပေါက်ခြင်းမရှိဟု မှတ်ယူရမည် –

(၁) အိမ်ထောင်ဖက်များအကြား ကွာရှင်းမှုဆိုင်ရာ ညှိနှိုင်းဖြေရှင်းချက်တစ်ရပ်၏ အစိတ်အပိုင်းအဖြစ် သို့မဟုတ် သီးခြားစီနေထိုင်ရန် သဘောတူညီချက် တစ်ရပ်အရ၊

(၂) ပုဂ္ဂိုလ်တစ်ဦး သေဆုံးပြီးနောက် ရရန်ပိုင်ခွင့်ကို အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲပြောင်းပေးရန်အကြောင်းကြောင့် –

(ကက) ကွယ်လွန်သူပုဂ္ဂိုလ်၏အမွေပုံ ပစ္စည်းကို ဥပဒေအရ စီမံခန့်ခွဲသူ၊ သို့မဟုတ် ယင်းသို့ ဥပဒေအရ စီမံခန့်ခွဲသူမရှိပါက ကွယ်လွန်သူ ပုဂ္ဂိုလ်၏ ကျန်ရစ်သည့်ပစ္စည်းကို စီမံအုပ်ချုပ်ရန် တိုက်ရိုက်တာဝန်အရှိဆုံးဖြစ်သည့် ကွယ်လွန်သူပုဂ္ဂိုလ်၏ ဆွေမျိုး၊

(ခခ) ကျန်ရစ်သည့်ပစ္စည်း၏ အကျိုးခံစားခွင့်ရှိသူ၊

(၃) ယင်းရရန်ပိုင်ခွင့် ("အစားထိုးခံရသည့် ရရန်ပိုင်ခွင့်"ဟု ရည်ညွှန်းမည်) ကို ဆုံးရှုံးခြင်း သို့မဟုတ် ဖျက်ဆီးခံရခြင်း၊ သို့မဟုတ် အတင်းအကျပ်ရယူခြင်းကြောင့် ထုခွဲရောင်းချခြင်းဖြစ်ပါက ထိုသို့ ထုခွဲရောင်းချခြင်းမှ ရရှိသည့် အဖိုးစားနားကို ရရှိသူက အလားတူ အမျိုးအစားဖြစ်သည့် ရရန်ပိုင်ခွင့်တစ်ခု ("အစားထိုးသည့် ရရန်ပိုင်ခွင့်"ဟု ရည်ညွှန်းမည်) တွင် ယင်းသို့ ထုခွဲရောင်းချပြီးနောက် ၁၈၃ ရက်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံလျှင်၊

(၄) ယင်းရရန်ပိုင်ခွင့်သည် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခု ("အစားထိုးခံရသည့် ရရန်ပိုင်ခွင့်"ဟု ရည်ညွှန်းမည်) ဖြစ်ပြီး ယင်းကိုထုခွဲရောင်းချပြီးနောက် ယင်းပုဂ္ဂိုလ်သည် အလားတူ အမျိုးအစားဖြစ်သည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်တစ်ခု ("အစားထိုးသည့် ရရန်ပိုင်ခွင့်"ဟု ရည်ညွှန်းမည်) ကို လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန်အတွက် အပြည့်အဝ အသုံးပြုရန် ယင်းသို့ထုခွဲရောင်းချပြီးနောက် ၁၈၃ ရက်အတွင်း ရယူလျှင်။

(ခ) ရရန်ပိုင်ခွင့်ကို ရယူသည့် အိမ်ထောင်ဖက်ဖြစ်သူသည် ယင်းရရန်ပိုင်ခွင့်ကို ယင်းနောက်ပိုင်း ထုခွဲရောင်းချမှုတွင် ဤဥပဒေအရ အခွန်ကျသင့်မှသာ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သည် အကျိုးသက်ရောက်စေရမည်။

(ဂ) အကျိုးခံစားခွင့်ရှိသူသည် ယင်းရရန်ပိုင်ခွင့်ကို ယင်းနောက်ပိုင်း ထုခွဲရောင်းချမှုတွင် ဤဥပဒေအရ အခွန်ကျသင့်မှသာ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂) သည် အကျိုးသက်ရောက်စေရမည်။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ် (၂) သည် အကျိုးသက်ရောက်လျှင် ယင်းရရန်ပိုင်ခွင့်ကို ရယူသည့် ပုဂ္ဂိုလ်သည် အောက်ပါအခြေအနေနှင့် ကိုက်ညီသည့် ရရန်ပိုင်ခွင့်ကို ရယူသည်ဟု မှတ်ယူရမည် –

(၁) ထုခွဲရောင်းချသည့် ပုဂ္ဂိုလ်က ထုခွဲရောင်းချလိုက်သည့် ရရန်ပိုင်ခွင့်နှင့် တူညီသည့် သဘောသဘာဝရှိခြင်း၊ ထို့ပြင်

(၂) ထုခွဲရောင်းချသည့်ပုဂ္ဂိုလ်၏ ရရန်ပိုင်ခွင့်၏ ထုခွဲရောင်းချသည့်အချိန်တွင်ရှိသည့် စာရင်းအရ လက်ကျန်တန်ဖိုးနှင့် တူညီသောငွေကြေးပမာဏရှိခြင်း။

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) သို့မဟုတ် ပုဒ်မခွဲငယ်(၄) သည် အကျိုးသက်ရောက်ပြီး အစားထိုးသည့် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်သည် အစားထိုးခံရသည့် ရရန်ပိုင်ခွင့်အတွက် အဖိုးစားနားထက် ကျော်လွန်နေပါက အစားထိုးသည့် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်သည် အစားထိုးခံရသည့် ရရန်ပိုင်ခွင့်၏ ထုခွဲရောင်းချသည့်အချိန်တွင်ရှိသည့် စာရင်းအရလက်ကျန်တန်ဖိုးတွင် ကျော်လွန်သည့် ငွေကြေးပမာဏကို ပေါင်းထည့်ထားသည့် တန်ဖိုးဖြစ်သည်။

(စ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) သို့မဟုတ် ပုဒ်မခွဲငယ် (၄) သည် အကျိုးသက်ရောက်ပြီး အစားထိုးခံရသည့် ရရန်ပိုင်ခွင့်အတွက် အဖိုးစားနားသည် အစားထိုးသည့် ရရန်ပိုင်ခွင့်အတွက်ပေးသည့် အဖိုးစားနားထက် ကျော်လွန်နေပါက အစားထိုးသည့် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်သည် အစားထိုးခံရသည့် ရရန်ပိုင်ခွင့်၏ ထုခွဲရောင်းချချိန်တွင်ရှိသည့် စာရင်းအရ လက်ကျန်တန်ဖိုးမှ ကျော်လွန်သည့် ငွေကြေးပမာဏကို နုတ်ထားသည့် တန်ဖိုးဖြစ်ကာ သုညအောက် မဖြစ်စေရ။

(ဆ) ပုဒ်မခွဲ(စ)တွင်ဖော်ပြထားသည့်ကျော်လွန်သည့်ငွေကြေးပမာဏ၏ မည်သည့် အစိတ်အပိုင်းကိုမဆို ရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးကို လျှော့ချရန် အသုံးမပြုပါက ယင်းပုဂ္ဂိုလ်၏ စည်းကြပ်ထိုက်သောဝင်ငွေတွင် ထည့်သွင်းရမည်။

**လွှဲပြောင်းရယူသည့် ရရန်ပိုင်ခွင့်များကို မှတ်ပုံတင်ခြင်း**

၈၃။ ရရန်ပိုင်ခွင့်တစ်ခုကို လွှဲပြောင်းမှုအား မှတ်ပုံတင်ရန် သို့မဟုတ် အတည်ပြုပေးရန် ဥပဒေအရ တာဝန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ယင်းလွှဲပြောင်းမှုနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေးဆောင်ရန်ရှိသည့် မည်သည့်အခွန်ကိုမဆို ပေးဆောင်ပြီးကြောင်း သို့မဟုတ် ပေးဆောင်မည်ဖြစ်ကြောင်း၊ သို့မဟုတ် ယင်းလွှဲပြောင်းမှုမှ ပေါ်ပေါက်လာသည့် အမြတ်အစွန်းသည် ဤဥပဒေအရ အခွန်ကျသင့်ခြင်းမရှိကြောင်း ကျေနပ်လက်ခံမှုမရှိလျှင် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ယင်းလွှဲပြောင်းမှုကို မှတ်ပုံတင်ခြင်း သို့မဟုတ် အတည်ပြုပေးခြင်းမပြုရ။

**အခန်း ( ၇ )**

**အခွန်ရှောင်ရှားမှုကို ဟန့်တားခြင်း**

**ဝင်ငွေကို စိတ်ပိုင်းခြင်း (Income Splitting)**

၈၄။ (က) ပုဂ္ဂိုလ်တစ်ဦးသည် ဝင်ငွေအပေါ် ပေးဆောင်ရန်ရှိသည့် စုစုပေါင်းအခွန်ကို လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် သို့မဟုတ် ယင်းရည်ရွယ်ချက်အပါအဝင်ဖြစ်သည့် ရည်ရွယ်ချက်များဖြင့် ယင်းနှင့် တွဲဖက်လုပ်ကိုင်သူတစ်ဦး အကြား ထိုဝင်ငွေကို စိတ်ပိုင်းပစ်ရန် အောက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် အားထုတ်လျှင် ဤပုဒ်မသည် အကျိုးသက်ရောက်စေရမည်–

(၁) ဝင်ငွေကို သို့မဟုတ် ဝင်ငွေရရှိရန် အခွင့်အရေးကို တွဲဖက်လုပ်ကိုင်သူထံသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းခြင်း၊

(၂) ငွေကြေးအပါအဝင် ပစ္စည်းကို တွဲဖက်လုပ်ကိုင်သူထံသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းခြင်းကြောင့် ယင်းတွဲဖက်လုပ်ကိုင်သူသည် ယင်းပစ္စည်းမှ ဝင်ငွေကို ရရှိခြင်း သို့မဟုတ် ခံစားရခြင်း၊

(၃) ဝန်ဆောင်မှုများအတွက် ပေးချေမှုတစ်ရပ်ကို ယင်းဝန် ဆောင်မှုများ၏ ပြင်ပဈေးကွက်ပေါက်ဈေးထက် ကျော်လွန်၍သော်လည်းကောင်း၊ ဝန်ဆောင်မှု ရယူသူသည် ယင်းဝန်ဆောင်မှုများအား စီးပွားရေးအရ လိုအပ်ချက်မရှိသည့် အခြေအနေတွင်လည်းကောင်း ပြုလုပ်ခြင်း၊

(၄) အခြားမည်သည့်နည်းလမ်းမဆို။

(ခ) ဤပုဒ်မကို ကျင့်သုံးသည့်အခါ ဝင်ငွေကို စိတ်ပိုင်းပစ်ခြင်းကြောင့် ပေးဆောင်ရန်ရှိသည့် အခွန်ပမာဏ လျော့နည်းသွားခြင်းအား ကာကွယ်တားဆီးရန်အလို့ငှာ ညွှန်ကြားရေးမှူးချုပ်သည် ပုဂ္ဂိုလ်နှစ်ဦးလုံး၏ အခွန်စည်းကြပ်ရန်ဝင်ငွေနှင့် အခွန်ခုနှိမ်မှုများကို ကိုက်ညှိမှုပြုနိုင်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးသည် ဝင်ငွေကို စိတ်ပိုင်းပစ်ရန် အားထုတ်ခြင်းရှိ၊ မရှိ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရာ၌ လွှဲပြောင်းမှုအတွက် တွဲဖက်လုပ်ကိုင်သူဖြစ်သူက ပေးအပ်ခဲ့သည့် တန်ဖိုးရှိပါက ယင်းတန်ဖိုးကို ထည့်သွင်းစဉ်းစားရမည်။

**အခွန်ရှောင်ရှားရန် ဆောင်ရွက်သည့်အစီအစဉ်များ**

၈၅။ (က) ညွှန်ကြားရေးမှူးချုပ်က အောက်ပါအခြေအနေများနှင့် ကိုက်ညီသည်ဟု ကျေနပ်လျှင် ပုဒ်မခွဲ (ခ) သည် အကျိုးသက်ရောက်စေရမည် –

(၁) အစီအစဉ်တစ်ရပ်ကို ပြုလုပ်ခဲ့ခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးသည် ယင်းအစီအစဉ်နှင့် ဆက်စပ်၍ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ကို ရရှိခဲ့ခြင်း၊

(၃) ယင်းအစီအစဉ်တွင်ပါဝင်သည့် သို့မဟုတ် ယင်းအစီအစဉ်ကို ပြုလုပ်ရန် သဘောတူညီခဲ့သည့် သို့မဟုတ် အကောင်အထည်ဖော်ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များအနက် တစ်ဦးသည် ပုဒ်မခွဲငယ်(၂) တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်အား အခွန်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ် ရရှိစေရန် တစ်ခုတည်းသော သို့မဟုတ် သိသာထင်ရှားသော ရည်ရွယ်ချက်ဖြင့် ယင်းသို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအစီအစဉ်၏ ပကတိအခြေအနေမှန် (substance of the scheme) ကို ထည့်သွင်းစဉ်းစားလျက် ကျိုးကြောင်းဆီလျော်စွာ ကောက်ချက်ချနိုင်မည်ဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ အခြေအနေများနှင့် ညီညွတ်လျှင် ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာအကျိုးခံစားခွင့်ကို ရရှိသည့် ပုဂ္ဂိုလ်နှင့် ယင်းအစီအစဉ်နှင့် ဆက်စပ်နေသည့် ကျန်ပုဂ္ဂိုလ်တို့၏ အခွန်ဆိုင်ရာပေးရန်တာဝန်များအား ဆုံးဖြတ်ရာတွင် ယင်းအစီအစဉ်ကို ပြုလုပ်ခဲ့ခြင်း သို့မဟုတ် အကောင်အထည်ဖော်ခဲ့ခြင်း မရှိခဲ့ဘိသကဲ့သို့ ဖြစ်စေ၊ ယင်းအခြေအနေမျိုးတွင် အဆိုပါ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်ကို ဖယ်ရှားရန် သို့မဟုတ် လျှော့ချရန် ညွှန်ကြားရေးမှူးချုပ်က သင့်လျော်သည်ဟု ယူဆသည့် နည်းလမ်းများအတိုင်းဖြစ်စေ ဆုံးဖြတ်နိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရ ဆုံးဖြတ်ချက်တစ်ရပ်ကို ပြုလုပ်လျှင် ယင်းဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်စေရန် ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်မှုအကြောင်းကြားစာတစ်စောင် သို့မဟုတ် အကြောင်းကြားစာများကို ပေးပို့အတည်ပြုရမည်။

(ဃ) ပုဒ်မခွဲ(ဂ) အရ စည်းကြပ်မှုတစ်ခုသည် ပြင်ဆင်စည်းကြပ်မှုတစ်ခုဖြစ်ပါက ယင်းပြင်ဆင်စည်းကြပ်မှုအကြောင်းကြားစာကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၉ တွင် ပြဋ္ဌာန်းထားသည့် ကာလစည်းကမ်းသတ်အတွင်း ပေးပို့အတည်ပြုရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အကယ်ဒမီ မေလွင် (အောဝမ်း) နှင့် ရုပ်ရှင်စကားဝိုင်း

## ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*ဩဂုတ် ၁ ရက်မှအဆက်*

**ကြည်စိုးထွန်း။** ။ ကောင်း တယ် နော်၊ အစ်မ အဲဒီကားလေးလည်း။

**ဒေါ်မေလွင်။** ။ အဲဒီ ကားလေးလည်း လူတော်တော်ကြိုက်ပါတယ်။

**ကြည်စိုးထွန်း။** ။ ကိုကျော်ဆွေကလည်း ရိုက် ချက် က လေး တွေ ကလည်းကောင်း၊ သရုပ်ဆောင်တာလေး တွေ ကျွန်တော် မှတ်မိနေတာပေါ့လေ။ ပြန်ကြည့်ချင်တာ အစ်မရယ်။ မရတော့ပါဘူးနော်။ အဲဒီတုန်းက အတွေ့အကြုံ ပြောပါဦး အစ်မရယ်။

**ဒေါ်မေလွင်။** ။ အဲဒီတုန်းက ဦးကျော်ဆွေက သိပ်စေ့စပ်တာပဲ။ ဒီလို ဖိုက်တင်တို့ မြင်းပြေးတာ၊ ခုန်တာ၊ လွှားတာ၊ ကင်မရာ Angle လေး ယူတာတို့ ဘာတို့ဆို အလွန်ကို တော်ပါတယ်။ အဲဒီတုန်းကဆို ချစ်မင်းလူတို့ဆိုရင် ဦးကျော်ဆွေရဲ့ တပည့်ပဲပေါ့။

**ကြည်စိုးထွန်း။** ။ ဒါပေါ့ ဒါပေါ့။



မေလွင်၊ ကျော်ဆွေ

**ဒေါ်မေလွင်။** ။ သူကအဲဒီမှာတော်တော်လေး ပညာ ရပါတယ်။ သူကလည်း တော်လို့ပေါ့။ ချစ်မင်းလူကလည်း ယူတတ်လို့ပေါ့။

**ကြည်စိုးထွန်း။** ။ သိပ် ပညာလိုချင်တာ ဒီကောင်က။

**ဒေါ်မေလွင်။** ။ အခု ခေတ်ကြီးမှာ ဦးကျော်ဆွေသာ ရှိရင် အတော်ကို တိုးတက်တဲ့ ဗမာ့ကားတွေ ကြည့်ရမှာလို့။

**ကြည်စိုးထွန်း။** ။ ဟာ မှန်တယ်။ မှန်ပါတယ်။

**ဒေါ်မေလွင်။** ။ သူသေသွားတာ သိပ်စောသွားတယ်။

**ကြည်စိုးထွန်း။** ။ နှမြောစရာ သိပ်ကောင်းတာပဲ၊ ဒီ 'ချစ်မေတ္တာ' ကောင်းတယ်။ 'ပုလဲမျက်ရည်' ကောင်းတယ်။ နောက် ကိုသိန်းဇော်ပါတာ 'ပုံပမာ' လား။

**ဒေါ်မေလွင်။** ။ 'ပုံပမာ' ပါ ဟုတ်ကဲ့။ ဦးကျော်ဆွေ ရိုက်တာပဲ။ အလွန်ပဲ ကောင်းပါတယ်။

**ကြည်စိုးထွန်း။** ။ နောက် မြင်ကွင်းကျယ်တွေလည်း အများကြီး ရိုက်တယ်။ 'ဒဏ်'တို့၊ 'မြတ်နိုးသူ'တို့ တကယ့်။

**ဒေါ်မေလွင်။** ။ တကယ့် ပညာရှင်ကြီးပါ။ နှမြောဖို့ သိပ်ကောင်းတာပဲ။

**ကြည်စိုးထွန်း။** ။ အစ်မရေ သူက အကယ်ဒမီနဲ့ လွဲသွားရှာတယ်။ ရသင့်တဲ့ကားတွေကို အများကြီး ပဲ။ သို့သော်လည်း ကံပေါ့လေ။ အကယ်ဒမီဆိုတာလည်း ကံအများကြီး ပါတာကိုး။ ဦးကျော်ဆွေကတော့ အကယ်ဒမီ ရမသွားဘူး။ ဦးကျော်ဆွေတို့၊ ဦးရွှေဘတို့၊ ဦးတင်ညွန့်တို့၊ ဒိုင်ဗင်တင်လှတို့၊ ဦးကျော်ဖေတို့ အကြောင်းကတော့ သတ်သတ်ပြောဖို့ စီစဉ်ထားတယ် အစ်မရဲ့၊ တကယ်လည်း သိပ်တော်တဲ့ လူကြီးတွေပါ။

**ဒေါ်မေလွင်။** ။ ကို ခင် မောင် ညွန့် တို့ ဆိုလည်း အင်မတန် ကြိုးစားပါတယ်။ ရာဇဝင်တွေကို သူတို့က စာတင်ထားတဲ့ သူတွေပါ။

**ကြည်စိုးထွန်း။** ။ ဦး ခင် မောင် ညွန့် ကောင်းတာ တစ်ခုတော့ ကျွန်တော်ကြားဖူးတယ် အစ်မရဲ့။ ဘာကောင်းလဲဆိုတော့ ဟိုတုန်းက အစ်မတို့ခေတ်က ရုပ်ရှင်ရိုက်ရင် ကိုယ့်ထမင်းချိုင့် ကိုယ်ဆွဲသွားရတယ်လို့ ကြားဖူးတယ်။ အဲဒီမှာ ဦးခင်မောင်ညွန့်က အင်မတန် စေ့စပ်တယ်၊ သူက စီးပွားရေးအမြင်ကလည်း မြင်တော့ သူတို့ ထမင်းချိုင့်နဲ့ ယူလာရရင် သွားတာလာတာနဲ့ ထမင်းစားတဲ့အချိန် ဟိုဒင်းဖြစ်မယ်ဆိုပြီးတော့ သူက စချက်ကျွေးတာ။ ရှူတင်မှာ။

**ဒေါ်မေလွင်။** ။ သူက စလိုက်တာပေါ့။

**ကြည်စိုးထွန်း။** ။ အခုထိအောင် ကျွန်တော်တို့က ရှူတင်သွားရင် ထမင်းချိုင့်ယူစရာ မလိုတော့ဘူး။ ဦးခင်မောင်ညွန့် စတာပေါ့လေ။ အဲဒီလိုကြားဖူးတယ်။

**ဒေါ်မေလွင်။** ။ သူနဲ့လည်း တစ်ကား ရိုက်ဖူးတယ်။ မေ့နေလို့။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**ဒေါ်မေလွင်။** ။ ဟိုဟာလေ။ 'အသဲလက်ဆောင်' ဆိုတာ မမကြည်ရယ်၊ ခင်မောင်ညွန့်ရယ်၊ တင်ထွန်းရယ်။

**ကြည်စိုးထွန်း။** ။ အဲဒီထဲမှာ အစ်မက အင်္ကျီအကျားလေးနဲ့လား မသိဘူး. စပို့ရှပ်လို ဟာမျိုးလေးလားမသိဘူး။

**ဒေါ်မေလွင်။** ။ မငွေးက အငယ်၊ မမကြည်က သားအမိ လုပ်တာကိုး။






**ကြည်စိုးထွန်း။** ။ အဲဒီတော့ ဒေါ်ကြည်ကြည်ငွေးနဲ့လည်း အစ်မက တွဲလိုက်ရပြန်ရောနော် ။

**ဒေါ်မေလွင်။** ။ ဦးချင်းစိန် ဒါရိုက်တာက

**ကြည်စိုးထွန်း။** ။ ဩော် ဟုတ်လား အစ်မ နေဦး အစ်မ။ အ အကား ရှိပါတယ် ။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ အ အကားလည်း ရှိတယ်။ ဒါရိုက်တာ ဦးကြည်အေး။

**ကြည်စိုးထွန်း။** ။ ဩော်– အောဝမ်းကြည်အေး အဲဒီတုန်းက သန်းကျော်ငွေး မလုပ်သေးဘူးလား သူက။

**ဒေါ်မေလွင်။** ။ မဟုတ်သေးဘူး။ ဦးကြည်အေး နာမည်နဲ့ပဲ။

**ကြည်စိုးထွန်း။** ။ အောဝမ်းကြည်အေးနဲ့ပဲ ရိုက်တာနော်၊ ဟုတ်ကဲ့ ဟုတ်ကဲ့ အဲဒါက။

**ဒေါ်မေလွင်။** ။ အဲဒါကလည်း အောဝမ်းက ကားပဲ။ ဦးကြည်အေး ရိုက်တာ။ ကိုမြင့်အောင်နဲ့ 'ချစ်စေတနာ' တဲ့၊ ဒေါ်မေနုပါတယ် အဲဒီထဲမှာ၊ မငွေး စကား မပြောတဲ့ကားပေါ့။ အဲဒီကားက ဆန်ခါတင် ရွေးတဲ့ထဲမှာ ပါသွားတယ်။ (၅၆) ကလား မသိဘူး အဲဒီတုန်းက။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အစ်မ။ (၅၆) က အစ်မရတဲ့နှစ် ထင်တယ်နော်။

**ဒေါ်မေလွင်။** ။ ပေးတုန်းကတော့မငွေးကို (၅၅) မှာ ပေးတယ်။ (၅၅) မှာ ပေးပြီးတော့ (၅၆) မှာ သုံးယောက် ဆန်ခါတင်မှာ ဒေါ်မြလေးရယ်၊ မြင့်မြင့်ခင်ရယ်၊ မငွေးရယ် သုံးယောက် ဆန်ခါတင်။ ဟိုတုန်းက အဲဒီလို ဆန်ခါတင်ရှိတယ်လေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ပြီ ဟုတ်ပြီ။ ကြားဖူးတယ် ကြားဖူးတယ်။ အဲဒီမှာ ဒေါ်မြင့်မြင့်ခင်က 'ချစ်ညီမ' နဲ့ ရသွားတယ်။ ဒေါ်မြလေးနဲ့ သုံးယောက်ဆန်ခါတင် ကောင်းလိုက်တာ အစ်မရယ်။ အစ်မ အကယ်ဒမီရတော့ ရုပ်ရှင်အစည်းအရုံးမှာ။

**ဒေါ်မေလွင်** ။ ။ ရုပ်ရှင် အစည်းအရုံးမှာ အဲဒီတုန်းက။

**ကြည်စိုးထွန်း။** ။ ပြဇာတ်နဲ့ ရုပ်ရှင်အစည်းအရုံးပေါ့နော်။ အဲဒီတုန်းက အခု (၁၆) ဝက်ဘာလမ်းပေါ့။ အဆောက်အအုံကြီးက ဟိုအဆောက်အအုံကြီးပဲ ရှိမှာပေါ့။ အခုပြတိုက်။

**ဒေါ်မေလွင်။** ။ နောက် ပြတိုက်တွေ ဘာတွေ မရှိသေးဘူး။ အခု ဆောက်ထားတဲ့နေရာမှာ ဇာတ်စင်တွေ ထိုးပြီးတော့ အဲဒီမှာ ဒေါ်မေနွဲ့တို့ က တယ်။ မင်းသမီးလိုဝတ်ပြီးတော့ ရာမတွေ ဘာတွေ ကကြတယ်။ အဲဒီမှာ။ ပျော်ပွဲရွှင်ပွဲတွေ အဲဒီမှာ လုပ်တယ်။ ဘူးသီးကြော်ဆိုင်တွေ ဘာတွေနဲ့ အဲဒီမှာ၊ အဲဒီတုန်းကတော့ အကျယ်ကြီးလို ဖြစ်နေတာပေါ့။

**ကြည်စိုးထွန်း။** ။ ရုပ်ရှင်သမားတွေချည်းပဲ ပျော်စရာကြီးပေါ့နော်။

**ဒေါ်မေလွင်** ။ ။ ဦးထွန်းဝေတို့၊ ဘာတို့ အဲဒီတုန်းက။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**ဒေါ်မေလွင်။** ။ အဲဒီနှစ်က ဦးထွန်းဝေ ရတယ်နဲ့ တူတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား သူက 'ဗိုလ်မြဒင်' ထင်တယ် အစ်မရဲ့၊ 'ဗိုလ်မြဒင်'နဲ့ ရတာဖြစ်လိမ့်မယ်။ နို့မဟုတ်လည်း 'ကကြီးရေက'။

**ဒေါ်မေလွင်** ။ ။ 'ကကြီးရေက' ရတော့ ရုပ်ရှင်မှာ မဟုတ်တော့ဘူး။ ဘယ်မှာလဲ မသိဘူး။

**ကြည်စိုးထွန်း။** ။ 'ဗိုလ်မြဒင်' ဖြစ်မယ်။ အဲ ဒါ ဆို ရင် တော့။ နောက်တစ်ခုက တစ်ခါ အစ်မက ဦးသာခုတို့ပေါ့နော်။ သဘာဝအုပ်စုပေါ့။ အဲဒီအုပ်စုနဲ့လည်း ရိုက်သေးတယ်နော်။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ ရိုက်ပါတယ်၊ 'ဘယ်ပန်းသာလို့ ယဉ်' ဆိုပြီးတော့ မြတ်မွန်ရယ်၊ မငွေးရယ်၊ ကိုနေဝင်းရယ်။

**ကြည်စိုးထွန်း။** ။ ကောလိပ်ဂျင် နေဝင်းနဲ့ အစ်မက ယောက်ျားလျာလား မသိဘူး။ အဲဒီထဲမှာ၊ အဲဒီလို ရိုက်တာလည်း တွေ့ဖူးတယ်။

**ဒေါ်မေလွင်။** ။ ကိုမျိုးလှိုင်လည်း ပါတယ်။

**ကြည်စိုးထွန်း။** ။ ဩော်– ဟုတ်ပြီ ပဒေသာ ဖလင်းက၊ ဒါရိုက်တာကတော့ ဦးသာခု။

**ဒေါ်မေလွင်။** ။ ရိုက်နေတုန်းပဲ။ ကား တောင် ရုံမတင်ခင် သူ ဆုံးသွားတယ် ကိုမျိုးလှိုင်။

**ကြည်စိုးထွန်း။** ။ အခု စန္ဒရားတင်ဝင်းလှိုင်ရဲ့ အဖေပေါ့၊ 'ဘယ်ပန်းသာလို့ယဉ်' ရိုက်ပြီး ရုံမတင်ရသေးခင်ကို ကိုမျိုးလှိုင် ဆုံးသွားရှာတယ်။ ဒါကြောင့်မို့ တစ်ခါ ဦးသာခုက ကိုတင်ဝင်းလှိုင်ကို ထိန်လင်း ဆိုပြီးတော့ 'တာဝန်' ဆိုတဲ့ကားနဲ့ ဦးသာခုရိုက်တာ။ ဒီလို အဆက်တွေနဲ့ တူပါတယ်နော်။ ကိုတင်ဝင်းလှိုင်ကလည်း မင်းသားဖြစ်ရမယ့်ရုပ်၊ ဘယ့်နှယ့်ကြောင့် ဒီစန္ဒရားမှာ သိပ်ကို တော်သွားတာ၊ စန္ဒရားဆရာ ဖြစ်သွားတယ်။ *စာမျက်နှာ ၂၅ သို့*



တိုးညွန့်



ကိုမြင့်



ဒါရိုက်တာသက်နောင်



ဝင်းညွန့်



ဒိုင်ဗင်တင်လှ



ကျော်ဖေ

*စာမျက်နှာ ၂၄ မှ*

**ဒေါ်မေလွင်။** ။ ကံကပဲ ဟိုဘက်ကိုပါသွားတာ။

**ကြည်စိုးထွန်း။** ။ မှန်တာပေါ့ အစ်မရယ်။ နော်။ နောက်တစ်ခု ကိုသက်နောင်နဲ့ ရိုက်တဲ့ ကားတစ်ကား ရှိသေးတယ်၊ 'ရည်ရွယ်သည်မှာ'။

**ဒေါ်မေလွင်။** ။ ကိုဝင်းညွန့်နဲ့

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် ကိုဝင်းဦးရဲ့ အစ်ကို ကိုအောင်မိုးတို့ အစ်ကို ကိုဝင်းညွန့်ပေါ့နော်။ ဝင်းညွန့်လည်း လူချောပဲ။ သူက ဣန္ဒြေရရ ချောတာနော်။ ဣန္ဒြေလည်းရှိတယ်။ လူကလည်း သန့်သန့်ပြန့်ပြန့်။ ယောကျ်ားပီပီသသ ချောတာ။

**ဒေါ်မေလွင်။** ။ ဥပဓိရုပ် ကောင်းတယ်။

**ကြည်စိုးထွန်း။** ။ နောက် ပြီး တော့ အိုက်တင်လုပ်ရင် သူက Steady ပဲ။ အေးအေးဆေးဆေးလေး လုပ်တယ်။ ကောင်းပါတယ်။ ကိုဝင်းညွန့်လည်း စောစော ဆုံးသွားရှာတယ်နော် အစ်မ။ နောက်တစ်ခုက ဇမ္ဗူအေးနဲ့ အစ်မ တစ်ကားရိုက်သေးတယ်။

**ဒေါ်မေလွင်** ။ ။ မရီတို့၊ မမြင့်တို့နဲ့။

**ကြည်စိုးထွန်း။** ။ 'ကော်ကောင်'။

**ဒေါ်မေလွင်။** ။ ကိုနေဝင်းနဲ့။ 'ကောလိပ်ဂျင်' ပြီးတော့ သူတို့ ညီအစ်မနှစ်ယောက်က ကိုနေဝင်းကို တင်လိုက်တာကိုး။ အဲဒါပြီးတော့ ဒုတိယကားမှာ မဌေးကို ကော်ကောင်ဆိုတာ အဲဒါ။ ကောလိပ်ဂျင်နေဝင်းကို မဌေးနဲ့ စပြီးတော့ ထုတ်တာ။ ဒုတိယကား။

**ကြည်စိုးထွန်း။** ။ အစ်မ အဲဒီတုန်းက တော်တော် ငယ်သေးတာပဲနော်။ ကိုနေဝင်းကြီးနဲ့တွဲတာ။ အဲဒီကား ကောင်းတယ် အစ်မ။ အဲဒီကားလည်း၊ 'ကော်ကောင်' အဲဒါက မောင်မောင်သောင်းလားလို့။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ ဒါရိုက်တာ ဦးမောင်မောင်သောင်းပါ။

**ကြည်စိုးထွန်း။** ။ သူလည်းသုံးဆယ်ကျော်လေးမှာပဲနော်။ ဆုံးသွားရှာပြီနော်။

**ဒေါ်မေလွင်** ။ ။ ငယ်တယ်၊ အသက် သိပ်ငယ်တယ် ဆုံးတာ။

**ကြည်စိုးထွန်း။** ။ သူကဖန်စီကားလေးတွေ ခေါ်မလား၊ လေးလေးနက်နက်ကားလေးတွေပေါ့။ ငြိမ်ငြိမ်လေး တွေပေါ့နော်။ အစ်မ တကယ့် သဘာဝနဲ့ ငြိမ်ငြိမ်ကားမျိုးလေးတွေ မောင်မောင်သောင်းက ရိုက်တယ်။ သူ့ကို ကျွန်တော် အများကြီး သတိထားမိတယ်။ "မုံး"တို့၊ ဘာတို့က သူပဲထင်တယ်နော်။

**ဒေါ်မေလွင်။** ။ ဟုတ်ပါတယ်။ 'မုံး' လည်း သူပဲ။ 'Slow Book'တောင် သူပြန်ရိုက်ဖို့ ကောလိပ်ဂျင်နေဝင်းနဲ့ မဌေးနဲ့ ရိုက်နေရင်းတန်းလန်း ဆုံးသွားတာ။



မေလွင်၊ ကောလိပ်ဂျင်နေဝင်း

**ကြည်စိုးထွန်း။** ။ ကား နာမည် ကျတော့ ရော။

**ဒေါ်မေလွင်။** ။ ကားနာမည်က ရွက်လှဆိုလား မသိဘူး။

**ကြည်စိုးထွန်း။** ။ စိတ်ကူး ကောင်းတယ် အစ်မရဲ့ နော်။ စိတ်ကူးကောင်းတယ်။ စိတ်ကူးကောင်းပြီးတော့ တကယ်တော်တဲ့လူတွေက ငယ်ငယ်နဲ့ ဆုံးဆုံးသွားကြတယ် ထင်ပါရဲ့။ ဟင်းဟင်း... ကျွန်တော်တို့လိုလူတွေပဲ ကျန်နေတယ်၊ ဟုတ်ပါပြီ အစ်မ၊ ကဲ ပြောပါဦး။ နောက်ထပ်ကျတော့ ဘာတွေရှိဦးမလဲ။

**ဒေါ်မေလွင်။** ။ နောက်ထပ်ကတော့ မဌေး နောက်ပိုင်းမှာ ဘာမှမလုပ်တော့ပါဘူး။ ဘုရားတရားအလုပ်ပဲ လုပ်ပါတယ်။

**ကြည်စိုးထွန်း။** ။ အစ်မ ဟိုဒင်းတော့ ရှိသေးတယ်။ မြန်မာ့အသံ ရုပ်မြင်သံကြားပေါ်တော့ အစ်မတို့။

**ဒေါ်မေလွင်။** ။ မြန်မာ့အသံ ရုပ်မြင်သံကြားမှာ မောင်သိန်းထွဋ်၊ မောင်သန်းထွဋ်က ဟိုးအရင်။ 'မောင်နှံ့ခုနှစ်ဖော်'ကို ပြန်ပြီးတော့ ရိုက်တယ် သူတို့။

**ကြည်စိုးထွန်း။** ။ ရိုက်တော့ အရင် အဟောင်း တွေ က အစ်မနဲ့အတူ ဘယ်သူပါနိုင်သေးလဲ။

**ဒေါ်မေလွင်။** ။ အ ဟောင်း တွေ ထဲ က တစ်ယောက်မှ ဘယ်သူမှမပါဘူး။ မဌေးပဲ နဂိုနေရာမှာ ပြန်ပြီးတော့ မောင်ဝင်းလှိုင်နဲ့ ။

**ကြည်စိုးထွန်း။** ။ သြော်– ဝင်းလှိုင် ဟုတ်ပြီ သမန်းကျားက။

**ဒေါ်မေလွင်။** ။ သမန်းကျား အုပ်စုနဲ့ ရိုက်တယ်။ ကျန်တာတွေက အကုန်လုံး သမန်းကျားအုပ်စုတွေ ချည်းပဲ။ မောင်သိန်းထွဋ်၊ မောင်သန်းထွဋ်၊ နောက်ပြီးတော့ တိုးညွန့်ပါတယ်။

**ကြည်စိုးထွန်း။** ။ အေဝမ်း နောက်မျိုး ဆက် သစ် တွေ ပေါ့ နော် အစ်မ။ ကိုမြင့်တို့ရော။

**ဒေါ်မေလွင်။** ။ ကိုမြင့် ပါလားတောင် မသိဘူး။ အားလုံး အဲဒီမှာ ဝဏ္ဏတို့ အကုန်လုံးပါတာပေါ့။ သူတို့ ညီအစ်ကိုတွေ၊ နောက်ပေါ်တဲ့ မင်းသမီးတွေပေါ့။

**ကြည်စိုးထွန်း။** ။ အဲဒီ နောက်ပိုင်းမှာတော့ အစ်မက တရားဘက် ရောက်သွားတာပေါ့နော်။ မဟာစည်တရားစခန်း။

**ဒေါ်မေလွင်။** ။ မဟာစည်ကနေ ချမ်းမြေ့ရိပ်သာ ရောက်ပါတယ်။ အဲဒီ ချမ်းမြေ့မှာပဲ နှစ်တိုင်းနှစ်တိုင်း မှန်မှန် တရားဝင်သွားပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အစ်မရယ်။

**ဒေါ်မေလွင်။** ။ အခု နောက်ပိုင်းတော့ နှလုံးရောဂါ ဖြစ်လာတော့ အဲဒီမှာ ခဏခဏမူးတာတွေ ဖြစ်တော့ သူများကို ဒုက္ခမပေးချင်တာနဲ့ ကိုယ့်ဟာ ကိုယ် အိမ်မှာပဲ ခြံဝင်းထဲမှာပဲ တစ်ပါး ကျောင်းလေး ဆောက်ပြီးတော့ အဲဒီမှာပဲ တရားကျင့်သလို



တစ်နေ့သုံးကြိမ် မှန်မှန်ပဲ အိမ်မှာပဲ တရားထိုင်ပြီး နေနေတယ်။

**ကြည်စိုးထွန်း။** ။ ကောင်းပါတယ် အစ်မရယ်။ ဒါကြောင့်မို့လည်း အသက်ရှည်တာပေါ့နော်။ ရုပ်ရှင်အလုပ်ဆိုတာကလည်း ရုပ်ရောစိတ်ရော ရင်းပြီး လုပ်ရတဲ့အလုပ် အစ်မရဲ့။ တစ်ကားတစ်ကား ရိုက်ပြီးရင်း တစ်ခါတည်းကို မြွေများလိုပေါ့။ မြွေများပေါက်လိုက်လို့ရှိရင်။

**ဒေါ်မေလွင်။** ။ အတော် စိတ်ထည့်ပြီး လုပ်လို့ရှိရင် သိပ်ပင်ပန်းပါတယ်။

**ကြည်စိုးထွန်း။** ။ မှန်ပါတယ် အစ်မ။ ဒါကြောင့်မို့လည်း ကြီးလာတဲ့အခါမှာ နှလုံးရောဂါတွေ ဘာတွေ



ကြည်ကြည် ဌေးနှင့် မေလွင်

ဖြစ်ပြီးတော့ မခံနိုင်ဘူးပေါ့နော်။ အဲဒီလို ဖြစ်ရတာ စိတ်ကို ပင်ပန်းတာကိုး။ အခုတော့ အစ်မ ကောင်းပါတယ်။ ကျွန်တော်လည်း အခု အစ်မ သွားကြိုပြီးတော့ ဒီလာတဲ့အခါကျတော့ အစ်မနေရတဲ့ နေရာလေးကလေ အေးအေးချမ်းချမ်းလေးနဲ့ နောက် ဘုရားလေးနဲ့ ဆိုတော့ သိပ်ကြည်နူးစရာကောင်းတယ်။

**ဒေါ်မေလွင်။** ။ ဘိုးဘိုး ဦးအောင်ချမ်းသာ တည်သွားတဲ့ဘုရားလေး အဲဒီဘုရားလေးမှာပဲ မဌေးဝေယျာဝစ္စ လုပ်ပြီးတော့ နေပါတော့တယ်။

**ကြည်စိုးထွန်း။** ။ ကောင်းပါတယ် အစ်မရယ်။ နေရတဲ့နေရာကလည်း ကိုယ့်ကိုပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှင်ရဲ့ နေရာလေးမှာနော်။ ကိုယ်က ဒီလိုလေးနေပြီးတော့ သူ့အတွက်လည်း မေတ္တာပို့ပေါ့ ဟုတ်လား။

**ဒေါ်မေလွင်။** ။ ကျေးဇူးရှင်တွေ အမြဲတမ်း မေတ္တာပို့ပြီးတော့ သူတို့ဘိုးဘွား လက်ထက်ကတည်းက ဘိုးဘွားပိုင် ဘုရားမှာပဲ သူတို့အတွက် လုပ်ပေးပြီးတော့ နေနေပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အစ်မရယ်။ ဟုတ်ကဲ့ ဟုတ်ကဲ့။ အစ်မက အခုလို တရားနဲ့ မွေ့လျော်ပြီးတော့ ရုပ်ရှင်လောကထဲမှာ ကျင်လည်ခဲ့ရတဲ့ အကြောင်းလေးတွေ ပြော၊ ပြောပြီးတော့ အဲဒီက အေဝမ်းမျိုးဆက် အေဝမ်းမှာ 'မေ' တွေပေါ့လေ၊ ချစ်စရာကောင်းသော မိန်းကလေးတွေပေါ့။ ချစ်စရာကောင်းသော မိန်းကလေးတွေထဲမှာ တရားနဲ့ မွေ့လျော်ပြီး ကျန်ရစ်ခဲ့တာဆိုတော့ ကျွန်တော်တို့က အများကြီး ပီတိဖြစ်ပါတယ်။ အခုလို ပြောသွားတာကိုလည်း ကျွန်တော်တို့က အများကြီး အစ်မအပေါ်မှာ ကျေးဇူးတင်ပါတယ်၊ တရားနဲ့ မွေ့လျော်ပြီးတော့ ကျွန်တော်တို့ ရုပ်ရှင်ရာပြည့်ထိအောင် နေပါဦး။ နောက်ပြီးတော့ သီတင်းကျွတ်တိုင်း သီတင်းကျွတ်တိုင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကနေပြီးတော့ ရုပ်ရှင်သက်ကြီးတွေကိုလည်း ပူဇော်ပါတယ်။ အဲဒီပူဇော်ပွဲမှာလည်း နှစ်တိုင်းနှစ်တိုင်း ဆက်ပြီးတော့ အပူဇော်ခံပါဦး။ ကျွန်တော် ဒီနေရာက ရုပ်ရှင်လောကသားတွေရဲ့ကိုယ်စား မေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့ အစ်မကို ပူဇော်ကန်တော့ရတယ်ဆိုတာ တစ်ချိန်က အေဝမ်းမှာ 'မေ' အဖြစ်၊ 'မေ' တွေကို ကိုယ်စားပြုတဲ့ 'မေ'အနေနဲ့ ကန်တော့ရခြင်း ဖြစ်ပါတယ်။ အစ်မတစ်ယောက်ကို ကန်တော့ရတာ 'မေ' အများကြီး ကန်တော့ရသလို ခံစားရပါတယ်။

**ဒေါ်မေလွင်။** ။ မဌေးလည်း အားလုံးကို မေတ္တာပို့ဆုတောင်းပေးပါတယ်။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ အစ်မအနေနဲ့ကလည်း ရုပ်ရှင်လောကသားတွေနဲ့ အစ်မရဲ့ တစ်ချိန်က။ ပရိသတ်တွေကို ပြောစရာရှိတာလေး ပြောပေးပါ အစ်မရယ်။

**ဒေါ်မေလွင်။** ။ မဌေးကတော့ အားလုံး ပရိသတ်တွေကို မဌေး ပြုသမျှ ကုသိုလ်ကောင်းမှုတွေအားလုံးကို အမျှပေးဝေပါတယ်။ နောက်ပြီးတော့ ရတနာသုံးပါးကို မမေ့ဖို့ဆိုတာ အဲဒါလေး တစ်ခုတော့ မဌေး ပြောချင်ပါတယ်။ ရုပ်ရှင်လောကသားတွေလည်း အားလုံး ချစ်ချစ်ခင်ခင်နဲ့ ညီညီညွတ်ညွတ်နဲ့ တစ်ယောက်နဲ့တစ်ယောက် ကူညီပြီးတော့ ဆက်လက်ပြီးတော့ ရှင်သန်နိုင်ပါစေလို့၊ ဘုရားတရားမမေ့ဘဲ နေနိုင်ကြပါစေလို့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့အစ်မ ဟုတ်ကဲ့။ ကျေးဇူး တင်ပါတယ် အစ်မရယ်။ ကန်တော့ပါတယ် အစ်မ။



ကျော်ဆွေ



ရွှေဘ



တင်ညွန့်



ဒေါ်မြလေး



မြင့်မြင့်ခင်

# သန်လျင်ဒီရေတောရေိယာများအတွင်း သစ်ပင် ၂၅၀၀၀ စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၃

သစ်တောဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မုတ္တမအဖွဲ့နှင့် JFE MERANTI ပူးပေါင်း၍ ဇူလိုင် ၂၈ရက်က သန်လျင်ဒီရေတောရေိယာအတွင်း သစ်ပင်များစိုက်ပျိုးခဲ့ကြကြောင်းသိရှိရသည်။ ကျောက်တန်းမြို့နယ် သံတဲ ကျေးရွာအနီး ဒီရေတောပျိုးပင် ၂၅၀၀၀ ခန့် စိုက်ပျိုးခဲ့ကြသည်။

"ဒီရေတောတွေက ပင်လယ်ကမ်းစပ်မှာနေထိုင်ကြတဲ့ လူမှုပတ်ဝန်းကျင်အတွက် အတော်လေးအရေးပါပါတယ်။ ဒီရေတောပင်တွေက မုန်တိုင်းဒဏ်ကနေ ကာကွယ်ပေးပြီး လူတွေရဲ့ အဓိကအစားအသောက်နဲ့ စီးပွားရေးဖြစ်တဲ့ ရေနေသတ္တဝါတွေကိုလည်း တိုးပွားစေပါတယ်။ ဒါကြောင့် ဒေသခံတွေအနေနဲ့လည်း ဒီလိုသစ်တောကြီးတွေကို ထိန်းသိမ်းစောင့်ရှောက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ နောက်နောင်လည်း အခုလို ပူးပေါင်းဆောင်ရွက်စိုက်ပျိုး ပေးတဲ့ အလှူရှင်တွေ၊ အဖွဲ့အစည်းတွေ ပါဝင်လှုပ်ရှားကူညီပေးကြမယ်လို့ မျှော်လင့်ပါတယ်"ဟု သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးသန်းလွင်က ပြောကြားသည်။

ဒီရေတောများသည် ဂေဟစနစ်ကို အလွန်အကျိုးဖြစ်ထွန်းစေပြီး အဏ္ဏဝါပတ်ဝန်းကျင်နှင့် လူသားများအတွက် မြောက်မြားစွာသော ကောင်းကျိုးများ ပေးစွမ်းနိုင်သည်။ ဒီရေတောများ၏ သိပ်သည်းရှုပ်ထွေးသော အမြစ်ဖွဲ့စည်းပုံများက မြစ်များကိုစီးဆင်းစေကာ ကုန်းမြေတစ်လျှောက် နုန်းများကို အနည်ထိုင်စေပြီး ကမ်းရိုးတန်းမြေကို တည်ငြိမ်အောင် ကူညီပေးခြင်းဖြင့် လှိုင်းလေထန်ခြင်း၊ မုန်တိုင်းများ၊ ရေကြီးမှုများနှင့် တိုက်စားမှုဒဏ်များမှ ကာကွယ်ပေးပါသည်။ အနည်များကို စစ်ထုတ်ခြင်းအားဖြင့် သစ်တောများသည်သန္တာကျောက်တန်းများကို ကာကွယ်ပေးခြင်း၊ မြစ်အနီးချိုင့်ဝှမ်းများမှ ရေမှော်များကို ထိန်းသိမ်းပေးခြင်းနှင့် ရေ၏ အရည်အသွေး ကြည်လင် သန့်ရှင်းမှုတို့ကို ထိန်းသိမ်းပေးနိုင်ပါသည်။ ဒီရေတောများသည် များစွာသော အဏ္ဏဝါမျိုးစိတ်များအတွက် နေထိုင်ရာအိမ်ဖြစ်ပြီး ထောင်ပေါင်းများစွာသော ကမ်းရိုးတန်းဒေသများနှင့် မျိုးသုဉ်းရန် အန္တရာယ်ရှိသောမျိုးစိတ်များအတွက် စားနပ်ရိက္ခာကို ထောက်ပံ့ပေးသည်။ ဒီရေတောများမရှိလျှင် ရေ၌ အနီရောင်ဒီရေရေညှိများ ပေါက်ဖွားလာနိုင်ခြင်းက အဏ္ဏဝါမျိုးစိတ်များစွာကို သေဆုံးစေနိုင်ပြီး ပင်လယ်ရေကြောင်းကိုပျက်စီးစေကာ ကမ်းခြေများကို ပိတ်လိုက်ရသည်အထိ ဖြစ်စေနိုင်သည်။

ဒီရေတောများသည် လူ့အဖွဲ့အစည်းနှင့်ပတ်ဝန်းကျင်ကို များစွာအကျိုးဖြစ်ထွန်းစေမှုကြောင့် JFE MERANTI Myanmar မှ ဒီရေတောရေိယာများအား



ပျိုးပင်များ စနစ်တကျ စိုက်ပျိုးပြသစဉ်။

ထိန်းသိမ်း၍ စိုက်ပျိုးရန် အသိပညာပေးခြင်း လုပ်ငန်းစဉ်များကို အထူးသဖြင့် သန်လျင်ကဲ့သို့သော မြို့ပြရေိယာနှင့်စက်မှုဇုန်နှင့် နီးသောနေရာများတွင် ဆက်လက်၍ ပါဝင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

"JFE MERANTI အနေနဲ့ ကျွန်တော်တို့နေထိုင်လုပ်ကိုင်နေတဲ့ ပတ်ဝန်းကျင်အတွက် အခွင့်အလမ်းရတိုင်း ကူညီပေးဆပ်သွားမှာဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံကို ရောက်ခဲ့တဲ့အချိန်ကနေစတင်ပြီး သဘာဝပတ်ဝန်းကျင်အတွက် အများကြီးလုပ်ဆောင်ခဲ့တာရှိပါတယ်။ စက်ရုံတွေကိုလည်း ခေတ်မီရေစွန့်ပစ်သန့်စင်တဲ့စနစ်နဲ့လည်ပတ်နေပြီး ကာဗွန်ပါဝင်မှုကို လျှော့ချထားပါတယ်။ ဒီနေ့ သစ်ပင်စိုက်ပျိုးတဲ့အခါ စက်ရုံဝန်းကျင်မှာရှိတဲ့ လူမှုအသိုင်းအဝိုင်းနဲ့ ဆက်ဆံရေး ခိုင်မာစေဖို့အတွက်လည်း မျှော်လင့်ထားတယ်"ဟု JFE MERANTI ၏ CEO နှင့် မန်နေဂျင်ဒါရိုက်တာ Dr. Sebastian Langendorf က ပြောသည်။

ထို့နောက် ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝင်းလတ်က ဒေသအတွင်း တိုးတက်ဖွံ့ဖြိုးလာနိုင်သော အလားအလာများကို ထပ်လောင်းပြောကြားပြီး ဒီရေတောပျိုးပင်များကို စိုက်ပျိုးရာတွင် ရေလှိုင်းများနှင့်မျောပါသွားခြင်းမရှိစေရန် စနစ်တကျစိုက်ပျိုးနည်းကို လက်တွေ့ရှင်းလင်းပြသပြီး သစ်ပင်များစိုက်ပျိုးကြသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-သဲစုမွန်အောင်**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ် အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

လောက်ကိုင် ဩဂုတ် ၃

ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်သည် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့သည့် အစီအစဉ် အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်က MCCT အစီအစဉ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က ဆက်လက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော MCCT အစီအစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။ဆက်လက်ပြီး လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်ရွက်မည့် MCCT နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် ပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ UNICEF မှ တာဝန်ရှိသူများ၊ KBZ မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

# နိုင်ငံတော်အစိုးရကထောက်ပံ့သည့် ကိုဗစ်-၁၉ ကာလ အခြေခံလူတန်းစားထောက်ပံ့မှု တီးတိန်၌ပေးအပ်

တီးတိန် ဩဂုတ် ၃

ချင်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုနှင့်သစ်တောရေးရာဝန်ကြီးဦးမန်ဟင်းဒါလ်းသည် တီးတိန်မြို့နယ် လမ်းဇန်ကျေးရွာ၌ ကိုဗစ်-၁၉ ကာလအတွင်းအစိုးရမှ ထောက်ပံ့သော အခြေခံလူတန်းစားများအား ထောက်ပံ့ငွေများကို ဩဂုတ် ၂ရက်က သွားရောက်ပေးအပ်ကြောင်း သိရသည်။ ထောက်ပံ့ပေးအပ်ပွဲအတွင်း ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများအကြောင်း ဆွေးနွေးညှိနှိုင်းမှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ တီးတိန်မြို့နယ်အတွင်း အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၇၀၈၇ စုရှိပြီး လမ်းဇန်ကျေးရွာအုပ်စုအတွင်းရှိ လမ်းဇန်ကျေးရွာ၌ ၅၇ စုနှင့် ဂေါင်မွာလ်ကျေးရွာ၌ ၁၆ စုခန့်ရှိရာ တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သောင်း ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စနစ်ကျလယ်ယာမြေ ဧက ၆၀၀ ဖော်ထုတ်ပြီးစီး

မုံရွာ ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စနစ်ကျ လယ်ယာမြေဧက ၆၀၀ ဖော်ထုတ်ခြင်း လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စနစ်ကျ လယ်ယာမြေဖော်ထုတ်မှု အနေဖြင့် မုံရွာမြို့နယ် အောက်ဆိမ့်တော ကျေးရွာတွင် ဧက ၁၀၀ အားလည်းကောင်း၊ ဘုတလင်မြို့နယ် မြောက်တောကျေးရွာနှင့် အရှေ့စုကျေးရွာတွင် ဧက ၁၀၀ အားလည်းကောင်း၊ ကန့်ဘလူမြို့နယ် ခါးတောက်ရင်းကျေးရွာနှင့် ကံရိုးကျေးရွာတို့တွင် ဧက ၂၀၀ အား လည်းကောင်း၊ ဝက်လက်မြို့နယ် တပ်ရွာကျေးရွာတွင် ဧက ၂၀၀ အားလည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၇ ဒသမ ၆ သန်းဖြင့် ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေးစဉ်။

"စက်မှုလယ်ယာကဏ္ဍမှာ အဓိကကျတဲ့ စနစ်ကျလယ်ယာမြေတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်ညွှန်ကြားမှုနဲ့ တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ ဘဏ္ဍာရေးနှစ်အလိုက် ဖော်ထုတ်ပေးတာ အခုဘဏ္ဍာရေးနှစ်မှာတော့ ဧက ၆၀၀ ကို ဖော်ထုတ်ပေးခဲ့တာဖြစ်တယ်၊ အခုဖော်ထုတ်ရေး လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဇင်က ပြောကြားသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၇ ဒသမ ၆သန်းဖြင့် စနစ်ကျလယ်ယာမြေများကို မြောင်မြို့နယ်တွင် ဧက ၁၀၀အားလည်းကောင်း၊ ချောင်းဦးမြို့နယ်တွင် ၂၀၅ ဒသမ ၅၀ ဧက အားလည်းကောင်း၊ ဘုတလင်မြို့နယ်တွင် ဧက ၁၀၀ အားလည်းကောင်း၊ ဝက်လက်မြို့နယ်တွင် ဧက ၁၀၀ အား လည်းကောင်း ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်

မြန်အောင် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း အသက်၁၈နှစ်ပြည့်သူတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်က မြန်အောင်မြို့နယ်ရှိ အင်ပင်မြို့တွင် နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းထံက သိရသည်။ အင်ပင်မြို့အတွင်းရှိ မဲစာရင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ်များဖြည့်သွင်းခြင်းနှင့် နိုင်ငံသား ၃၂၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မျိုးသန့်ထုတ်မည့်မိုးစပါးကေရှစ်ထောင်ကျော်အတွက် ငွေကြေးထောက်ပံ့မည်

မကွေး ဩဂုတ် ၃

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် CERP( Covid-19 Economic Relief Plan )အရ မကွေးတိုင်းဒေသကြီး၌ မျိုးကောင်းမျိုးသန့်ထုတ်လုပ်မည့် မိုးစပါးစိုက်ဧက ၈၀၅၀ အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲဝန်းကျင် ထောက်ပံ့ခြင်းကို ဩဂုတ် ၈ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ ကိုဗစ်-၁၉ ကြောင့် တောင်သူများ ထိခိုက်နစ်နာမှု မရှိစေရန်၊ စီးပွားရေးပြန်လည် ဖွံ့ဖြိုးလာစေရန်နှင့် အဓိကစားသောက်ကုန် စပါးအထွက်နှုန်းများ တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်က ထောက်ပံ့မြှင့်တင်ခြင်းဖြစ်သည်။

"မှတ်ပုံတင် Register Seed တွေနဲ့ မျိုးစေ့ထုတ်ကြတဲ့အခါ စီးပွားဖြစ်ပြန်ဖြန့်နိုင်မယ့် Commercial Seed တွေ ထွက်လာပါမယ်။ ကိုဗစ်အလွန်မှာ တောင်သူလိုအပ်နေတဲ့ မျိုးကောင်းမျိုးသန့်တွေ တိုင်းဒေသကြီးအတွင်းမှာ ဖူဖူလုံလုံ ရရှိလာမှာပါ။ ဌာနကလည်း မျိုးစေ့ထုတ်လုပ်ငန်းတွေမှာ နည်းပညာပေးတာကို ဆောင်ရွက်နေပါတယ်။ မျိုးစေ့ထုတ်လုပ်ငန်းတွေ ဆောင်ရွက်တာကလည်း မျိုးစေ့ထုတ်သမဝါယမအသင်း၊ မျိုးစေ့ထုတ်တောင်သူအသင်းတွေ အင်အားကောင်းလာဖို့ပါ"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလင်းမြတ်က ရှင်းပြသည်။

မကွေးတိုင်းဒေသကြီးတွင် မြစ်ရေတင်၊ ဆည်၊ မြေအောက်ရေ၊ မိုးကောင်းသောက် စသည့် ရေရရှိရေး နည်းလမ်းများဖြင့် မိုးစပါးစိုက်ဧက ၆သိန်း ၃ သောင်းခန့် လျာထားစိုက်ပျိုးလျက်ရှိပြီး ယခုထောက်ပံ့မှုမှာ မျိုးသန့် စပါးထုတ်လုပ်ရေးအတွက်ကိုသာ ရည်ရွယ်ထောက်ပံ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**



# ပေါင်မြို့နယ်၌ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဝက်မွေးမြူရေးသင်တန်းဖွင့်

ပေါင် ဩဂုတ် ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်းမြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ၏ စီးပွားရေးအပေါ် ထိခိုက်မှုသက်သာရေး စီမံချက်(CERP)အရ တိရစ္ဆာန် မွေးမြူထုတ်လုပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပညာပေးသင်တန်းအဖြစ် ဝက်မွေးမြူရေးသင်တန်းကို ဩဂုတ် ၂ ရက်နံနက်ပိုင်းက သထုံခရိုင် ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ အ.မ.ကလက်ပန်ကျောင်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာနီနီဇော်တို့က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား ၃၀အား ဩဂုတ် ၅ ရက်အထိ ဖွင့်လှစ်ကာ တိရစ္ဆာန်မွေးမြူရေး၊ ထုတ်လုပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တစ်နှစ်အတွင်း ကောင်ရေ ၁၈၀၀ ကျော် ပေါက်ဖွားလာခဲ့သည့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်မှ မျိုးသုဉ်းလုနီး ကြယ်လိပ်များ

**သတင်းဆောင်းပါး- မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

မြန်မာတစ်နိုင်ငံတည်းမှာပင်ရှိသည့် ဌာနေဖွားမျိုးစိတ်ဖြစ်သော ကြယ်လိပ်များသည် နေရင်းဒေသတွင်ပင် မျိုးသုဉ်းရန် အလွန်နီးကပ်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် မြန်မာ့ကြယ်လိပ်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူထားရှိသည်။ မျိုးဆက် မပျက်သုဉ်းရေးအတွက် မွေးမြူ၍ ပေါက်ဖွားလာစေရန်၊ တိုးပွားလာသော သားပေါက်များကို ၎င်းတို့၏ နေရင်းဒေသများသို့ စေလွှတ်ပေးရန်၊ ကြယ်လိပ်ဝါသနာရှင်များ၊ ပညာရှင်များ သုတေသနပြုလုပ်နိုင်ရန် နှင့် အများပြည်သူအနီးကပ်ကြည့်ရှုလေ့လာနိုင်ရန်တို့အတွက် ဒေသမျိုးစိတ်ရှားပါးကြယ်လိပ်များအား လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်တွင် မွေးခြံလှောင်စနစ်ဖြင့်မွေးမြူထားသည်ကို မြင်တွေ့ရပါသည်။

လောကနန္ဒာဘေးမဲ့တော ဥယျာဉ်တွင် ကြယ်လိပ်အထီး ၄၂ ကောင်၊ အမအကောင် ၄၀ စုစုပေါင်း ၈၂ ကောင်ကို ၂၀၀၁ ခုနှစ်တွင် စတင်မွေးမြူခဲ့ခြင်းဖြစ်ပြီး စတင်မွေးမြူစဉ်က ပေါက်ဖွားနှုန်းအတော်နည်းပါးလျက် ရှိသော်လည်း ယခုအခါ နှစ်စဉ်ထောင်နှင့်ချီ ပေါက်ဖွားလျက်ရှိကြောင်းသိရပြီး ယခင်နှစ်များက ပေါက်ဖွားနှုန်းကိုအခြေခံ၍ ယခု ၂၀၂၀ ပြည့်နှစ်တွင်လည်း ၁၅၀၀ ကောင်ဝန်းကျင် ပေါက်ဖွားမည်ဟုလျာထားခဲ့ရာ သားပေါက်များပြီးချိန်တွင် ကြယ်လိပ်သားပေါက် ၁၈၃၀ ကောင်ခန့် ပေါက်ဖွားခဲ့ကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးရွှေငွေအောင်ထံမှ သိရသည်။

ပေါက်ဖွားနှုန်းမှာ ၅၇ ရာခိုင်နှုန်းရှိကာ ကောင်ရေ ၃၃၀ ပိုမိုပေါက်ဖွားခဲ့သဖြင့် လျာထားချက်ထက် ကျော်လွန်ပေါက်ဖွားခြင်းလည်း ဖြစ်သည်။ ယခုကဲ့သို့ တိုးပွားလာနိုင်ခြင်းသည် အတွေ့အကြုံအပေါ် အခြေခံကာ နည်းစနစ်များကိုလည်း ပြောင်းလဲလာနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဦးရွှေငွေအောင်က ရှင်းပြသည်။

ယခုနှစ် အရွယ်ရောက်ကြယ်လိပ်မ ၁၃၇ ကောင်သည် ၂၀၁၉ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၂၀၂၀ပြည့်နှစ် မတ် ၁၇ ရက်အထိ ဥကျင်း ၄၁၁ကျင်း၌ ဥလုံးရေ ၃၂၀၅ ဥထားခဲ့ကြောင်း၊ ဥဥရာတွင် မြေကြီးအတွင်း အနက် ခြောက်လက်မခန့်နှင့် အကျယ် လေးလက်မခန့်ရှိ ကျင်းများထဲတွင် ဥဥခဲ့ခြင်းဖြစ်ကာ အဆိုပါ ဥကျင်းများအနက် လိပ်အမှတ် (၂၆၃)ဥထားသော ဥကျင်းမှဥ ၁၀ လုံးသည် ၂၀၂၀ ပြည့်နှစ် မေ ၆ ရက်တွင် ကြယ်လိပ်ငယ် ခြောက်ကောင် စတင်ပေါက်ဖွားခဲ့ခြင်းဖြစ်သည်။ ကျန်ရှိနေသော ဥကျင်းများမှထပ်မံပေါက်ဖွားလာခဲ့ကြသည်မှာ ယခုနှစ် သားပေါက်ရာသီ ဇွန်လကုန်အထိဖြစ်ကြောင်း သိရသည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်ကြယ်လိပ်ခြံတွင် တိရစ္ဆာန်ဆေးကုဆရာဝန်ဒေါက်တာတင့်လွင်နှင့် ဝန်ထမ်းများ၏ အနီးကပ် ထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ကြယ်လိပ်များမှာ ဥဥနှုန်းမှာလည်း မြင့်တက်နေပြီး လာမည့်နှစ်များတွင် အကောင်ပေါက်ဖွားနှုန်း တိုးပွားစေရန်အတွက် မျှော်လင့်ချက်ရောင်ခြည်များပင်ဖြစ်သည်။ မနှစ်က ကြယ်လိပ်သားပေါက်မှုနှုန်းမှာ ၄၈ ရာခိုင်နှုန်းရှိပြီး ယခုနှစ်တွင်မူ ၆၇ ရာခိုင်နှုန်းအထိ စံချိန်တင် မွေးဖွားလာနိုင်ခြင်းဖြစ်သည်။

လိပ်မများဥထားသော ဥကျင်းများကိုလည်း သားပေါက်ချိန်မတိုင်မီအထိ ဂရုစိုက်စောင့်ရှောက်ခဲ့ရပြီး ပေါက်ဖွားရာသီတွင်လည်းဥကျင်းများကို တူးဖော်ပေး၍ ကျင်းအတွင်းပေါက်နေပြီဖြစ်သောလိပ်ပေါက်များကို စုဆောင်း၍ အသင့်ပြင်ထားသောနေရာတွင်ထားရှိခြင်း၊ မပေါက်သေးသောဥကောင်းများကို မြေထည့်ထားသော သေတ္တာတွင်ပြန်လည်မြှုပ်နှံပေးခြင်း၊ ချက်မကြွေသေးသော ကြယ်လိပ်သားပေါက်များကို ဆေးထည့်ပေးခြင်း၊ လိပ်သားပေါက်ငယ်များကို ဗီတာမင်ပါသော အစားအစာများ ကျွေးပေးခြင်း၊ နေ့စဉ်အစာကျွေးချိန်တွင် ကျန်းမာရေး စစ်ပေးခြင်း၊ ကျန်းမာရေးမကောင်းပါက သီးသန့်ခွဲထား၍ ဆေးထိုးကုသပေးခြင်း၊ သဘာဝဓာတ်စာများကျွေးခြင်း၊ ကြယ်လိပ် သားပေါက်ငယ်များကို နေ့စဉ်ရေစိမ်ရေတိုက်ပေးခြင်းတို့ကို ပြုလုပ်ပေးနိုင်ခြင်း၊ အပူချိန်မြင့်မားသောအခါများတွင်လည်း ရေစိမ်ကန်များ၊ သောက်ရေကန်ငယ်များ ပြုလုပ်ပေး၍ သန့်ရှင်းသောရေရရှိစေရန် အမြဲပြုလုပ်ပေးထားခြင်း၊ ရေစိမ်ရက်များသောလိပ်များအား မှတ်သားထား၍ သီးသန့်ရေဝအောင်ချိုးပေးခြင်းများကြောင့် ပေါက်ဖွားနှုန်းကောင်းပြီး သေနှုန်းနည်းလာကာ အကောင်အရေ အတွက်မှာ တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း ဦးရွှေငွေအောင်က ဆက်လက်ရှင်းပြသည်။

သဘာဝတောများထဲတွင် ထိုကဲ့သို့လူတို့၏ ပြုစုစောင့်ရှောက်မှုကို မခံရနိုင်ဘဲ၊ ဥဥချိန်တွင်လည်း ဥများကို ဖွတ်၊ တောကြောင်၊ မြွေပါ စသည့်အနံ့ခံကောင်းသည့်သတ္တဝါတို့က ဖော်ယူစားနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ် စသည်တို့ကြောင့် အချိန်မတိုင်မီ ဥများပျက်စီးကြရခြင်း၊ သစ်မြစ်များထိုး၍လည်းဥကျင်းများ ပျက်စီးနိုင်ပြီး ၂၀ ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်း အထိသာသားပေါက်ငယ်များရှင်သန်၍ ကျင်းအတွင်းမှမြေပေါ်သို့ ရောက်ရှိလာနိုင်ကြမည်ဟု ခန့်မှန်းရသည်။ မြေပေါ်ရောက်ရှိလာသည့်အခါတွင်လည်း သားရဲတိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ လူ့ပယောဂများနှင့် ဂေဟစနစ်များပျက်စီးလာခြင်းများ အပြင် အခြားပျက်စီးစေနိုင်သော အကြောင်းအမျိုးမျိုးလည်း ရှိနိုင်ခြင်းကြောင့် သဘာဝတောများထဲတွင် မြန်မာ့ကြယ်လိပ်များ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရသည်။

လာမည့်နှစ် ကြယ်လိပ်သားပေါက်ရာသီတွင် အကောင်တစ်သောင်းပြည့်မည်ဟု ခန့်မှန်းထားရာ လောကနန္ဒာဘေးမဲ့တောဥယျာဉ်ကြီး၏ ကြယ်လိပ် သောင်းပြည့်နှစ်အဖြစ် အမှတ်တရအခမ်းအနားကိုလည်း ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်းသိရှိရသည်။ လက်ရှိတွင် စတင်မွေးမြူသည့်အချိန်မှ စတင်ပါက အကောင်ရေ ၇၅၀၀ အထိရှိနေပြီး နေ ရင်းဒေသသို့ပြန်လွှတ်ပေးခဲ့သည့် ကြယ်လိပ် ၁၆၆၀ ခန့်လည်းရှိသေးကြောင်း သိရသည်။ မြန်မာဌာနေဖွားမျိုးစိတ်ဖြစ်သည့် မြန်မာ့ကြယ်လိပ်များသည် မြန်မာ့မြေပေါ်တွင် ထာဝရရှင်သန် နေထိုင်ကြမည်ဖြစ်ပြီး နိုင်ငံဂုဏ်ကိုလည်း ဆောင်နိုင်မည်ဟု ယုံကြည်မိပါသည်။ ။



လောကနန္ဒာဘေးမဲ့တောဥယျာဉ်၌ မွေးမြူထားသည့် ကြယ်လိပ်များ။

**လာမည့်နှစ် ကြယ်လိပ်သားပေါက်ရာသီတွင် အကောင်တစ်သောင်းပြည့်မည်ဟု ခန့်မှန်းထားရာ လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်ကြီး၏ ကြယ်လိပ်သောင်းပြည့်နှစ်အဖြစ် အမှတ်တရ အခမ်းအနားကိုလည်း ကျင်းပနိုင်ရန် ရည်ရွယ်ထား**

## ကျောက်ပန်းတောင်းမြို့အတွက် အရေးပေါ်ရိက္ခာစားသုံးဆီများ စနစ်တကျစိစစ်ကာ ဂိုဒေါင်များအတွင်း သိုလှောင်ထားရှိ

ကျောက်ပန်းတောင်း ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သို့ Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏အစီအစဉ်ဖြင့် ပေးပို့သည့် နိုင်ငံတော်အရန် ရိက္ခာဆီများကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီက ရောက်ရှိလာရာ မြို့နယ်လက်ခံသိုလှောင်ထိန်းသိမ်းရေးအဖွဲ့မှ စိစစ်လက်ခံ၍ စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်များတွင် သိုလှောင်သိမ်းဆည်းထားကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ပြင်းထန်လာပါက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နိုင်ငံသားများအား နိုင်ငံတော်အရန် ရိက္ခာဆီအဖြစ် ဖြန့်ဝေပေးနိုင်ရန်၊ Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏အစီအစဉ်ဖြင့် ပေးပို့သည့် နိုင်ငံတော်အရန် ရိက္ခာဆီများကို မြို့နယ်လက်ခံ သိုလှောင်ထိန်းသိမ်းရေးအဖွဲ့ဝင် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းနှင့် ဝန်ထမ်းများက စိစစ်လက်ခံ၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်များတွင် သိုလှောင်သိမ်းဆည်းထားရှိကြောင်း သိရပြီး မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွက် နိုင်ငံတော်အရန်ရိက္ခာ ဆီရရှိမှုမှာ အချိန် ၁ ပိဿာဝင်ပုံး ၃၁၇၈ ပုံးရရှိနိုင်မည်ဖြစ်ပြီး ယခုအခါ ၁၉၈၅ ပုံးလက်ခံရရှိပြီးဖြစ်သည်။

နေအောင်(ပြန်/ဆက်)

## ချောင်းဦးမြို့နယ် ဆယ်မားအူးလ်အွန်ဒုံကျေးရွာများသို့ ယင်းမာပင်ခရိုင်မှဒေသခံများ လာရောက်လေ့လာ

ချောင်းဦး ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့မှုဖြင့် စတင်အကောင်အထည်ဖော်နေသည့် ကျေးရွာသစ်လှုပ်ရှားမှု (SMU) စီမံကိန်းကျေးရွာဖြစ်သည့် ယင်းမာပင်ခရိုင် ရွာသာယာကျေးရွာမှ ဦးသန်းလှိုင်နှင့် အဖွဲ့ဝင် ၃၀ တို့ ဇူလိုင် ၂၉ ရက်က ချောင်းဦးမြို့နယ်ရှိ (SMU) ဆယ်မားအူးလ်အွန်ဒုံကျေးရွာများသို့ လာရောက်လေ့လာကြသည်။ ချောင်းဦးမြို့နယ်၌ ၂၀၁၆ ခုနှစ်မှ စတင်ကာ ကိုရီးယားနိုင်ငံ၏အထောက်အပံ့ဖြစ်သည့် (SMU) စီမံကိန်းအား ကျေးရွာသစ်လှုပ်ရှားမှုအဖြစ် ငါးရွာခန့်ဆောင်ရွက်ထားရှိသည်။ စီမံကိန်းသုံးနှစ်တာအတွင်း ကျေးရွာပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ဒေသခံများ၏ လူမှုစီးပွားဘဝမြင့်မားလာခဲ့ပြီဖြစ်သည်။

လေ့လာရေးအဖွဲ့များကို ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးနှင့်အဖွဲ့ဝင်များက ကြိုဆိုခဲ့ကြပြီး စီမံကိန်းအကြောင်းအရာများအကြောင်းရှင်းလင်းပြောကြားသည်။ ထို့နောက် ဆူးလေကုန်းကျေးရွာ၊ ဘူတာကျေးရွာနှင့် ရွှေဒါးကျကျေးရွာများသို့ သွားရောက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လေ့လာကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

## တောင်ကျရေများကြောင့် ချောင်းရေလျှံပြီး တာပေါင်ကျိုးပေါက်ကာ မိုးစပါးစိုက်ခင်း ဧက ၆၀ ကျော် ရေလွှမ်းမှုဖြစ်ပွား

**ရေတာရှည် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အနောက်ဘက် နှစ်မိုင်ခန့်အကွာ ပေါက်ချောင်းကျေးရွာနှင့် စိမ့်ရွာအကြားရှိ စမိုးချောင်းသည် ဩဂုတ် ၂ ရက် ညပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယနေ့ နံနက် ၈ နာရီခန့်တွင် တောင်ကျရေများကြောင့် စမိုးချောင်းရေလျှံကာ စမိုးချောင်းနှင့် ဆည်မြောင်းတာပေါင်ဆုံရာအနီးတွင် တာပေါင်အရှည် ပေ ၂၀ ခန့် ကျိုးပေါက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က ပြောသည်။ **(အောက်ပုံ)**

"မနက်က ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာ တာပေါင်က ပေ ၂၀ လောက် ကျိုးပြတ်သွားတာ။ အောက်ဘက်မှာရှိတဲ့ မိုးစပါးစိုက်ခင်း ဧက ၆၀ လောက် ရေနစ်မြုပ်ကုန်တယ်။ ပျက်စီးဆုံးရှုံးမှုကတော့ ရေပြန်ကျသွားမှပဲ သိနိုင်မယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောသည်။

အဆိုပါ ကျိုးပေါက်သွားသောနေရာကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)မှ ဦးစီးအရာရှိ ဦးထွန်းမြတ်လင်းနှင့် ဝန်ထမ်းများက တုတ်ရိုက်ခြင်း၊ သဲအိတ်များချခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်**





## သံဖြူဇရပ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်

**သံဖြူဇရပ် ဩဂုတ် ၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဖောင်စိန်ရပ်ကွက် မော်လမြိုင်-သံဖြူဇရပ် ကားလမ်းမပေါ်တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီမှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး တောင်ကျရေ စီးဆင်းမှုကြောင့် ညနေ ၄ နာရီ ၄၅ မိနစ်က ကားလမ်းမပေါ်၌ ရေအမြင့် တစ်ပေခွဲ မြင့်တက်ကာ ကားလမ်းမ အရှည်ပေ ၇၀ ကျော် ရေကျော်တက်ပြီး ကားလမ်းပိတ်ဆို့မှုဖြစ်ပွားသည်။

**ယာယီရွှေ့ပြောင်းပေး**

ထိုသို့ ကားလမ်းမ ရေကျော်တက်ကာ လမ်းပိတ်မှုဖြစ်ပွားနေမှုကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် လူမှုရေးအဖွဲ့အစည်းများက ယာဉ်များသွားလာမှုကို ရှင်းလင်းဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် ရေများပြန်လည်ကျဆင်းသွားကြောင်းနှင့် ယင်းနေ့ ညပိုင်း ၈ နာရီ ခန့်တွင် ကျောင်းပိုင်းရပ်ကွက် မြေနိမ့်ပိုင်း နေထိုင်သူများအား ရေကြီးမှုဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အိမ်ထောင်စု ငါးစုမှ လူဦးရေ ၂၂ ဦးကို ကျောင်းပိုင်းမူလတန်းလွန်ကျောင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယာယီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**အေးအေးသီ(ပြန်/ဆက်)**

## မင်းကွန်းဒေသတွင် တောင်ကျချောင်းရေလျှံမှုကြောင့် နွားတစ်ကောင်သေဆုံး၊ လူနေအိမ်အချို့ပျက်စီး

**စစ်ကိုင်း ဩဂုတ် ၃**

စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသ ရှားရောင်းကျေးရွာတွင် တောင်ကျချောင်းရေလျှံ၍ နွားတစ်ကောင်သေဆုံးခဲ့ပြီး လူနေအိမ်အချို့ပျက်စီးခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းသင်းက ပြောသည်။

ဩဂုတ် ၃ ရက် နံနက် ၆ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မင်းဝံတောင်တန်းမှ ကျဆင်းလာသော တောင်ကျချောင်းရေလျှံမှုဖြစ်ပွားခဲ့ပြီး လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်ကာ လူနေအိမ်ဝင်းထရံများ ပျက်စီးခဲ့ပြီး နွားတစ်ကောင်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့ မနက် မိုးက တအားများတော့ မင်းဝံတောင်တန်းကနေကျတဲ့ တောင်ကျချောင်းရေလျှံသွားတယ်။ လူတစ်ရပ် ကျော်တယ်။ ပြီးတော့ ဟိုဘက်၊ ဒီဘက် ကူးလို့မရတော့ဘူး။ ရေတွေက လူနေအိမ်ထဲဝင်လာတဲ့အတွက် အိမ်ခြေ ခုနစ်အိမ်ရဲ့ ဝင်းထရံတွေ ပျက်စီးတယ်။ ပြီးတော့ ရေက နွားခြံထဲဝင်လာတော့ နွားတစ်ကောင်ရေမွန်းပြီး သေသွားတယ်။ အချို့အိမ်က အိုး၊ ခွက်တွေ မျောပါသွားတယ်။ ကြက်တွေရော ချောင်းရေထဲပါသွားတယ် "ဟု ရှားရောင်းကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ရှားရောင်းကျေးရွာတွင် ယခင်က မင်းဝံတောင်တန်းမှ ကျဆင်းလာသော တောင်ကျချောင်းရေလျှံမှုဖြစ်ပွားခဲ့ခြင်းမရှိခဲ့ကြောင်း၊ ယခုအခါ ပထမအကြိမ်ဖြစ်ပွားခြင်းဖြစ်ပြီး ဖြစ်ပွားရသည့်အကြောင်းရင်းမှာ မြသိန်းတန်စေတီမြောက်ဘက်လမ်းကို ပြုပြင်လိုက်သည့်အတွက် တောင်ကျချောင်းရေသည် ရှားရောင်းကျေးရွာအတွင်း လမ်းကြောင်းပြောင်း၍ ကျဆင်းခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

**ခိုင်ဇေယျ**

# မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်

မြန်မာနိုင်ငံတွင် မိုးကြိုးဘေးအန္တရာယ်သည် မိုးကြိုကာလနှင့် မိုးနှောင်းကာလများ၌ ပိုမိုဖြစ်ပွားတတ်ပြီး လေ့လာတွေ့ရှိမှုများအရ တစ်နေ့တာအတွင်း မိုးကြိုးပစ်ခြင်း အဖြစ်အများဆုံးအချိန်မှာ မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအတွင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

မိုးကြိုးပစ်မှုကြောင့် ၂၀၁၉ ခုနှစ်တွင် လူ ၁၃၃ ဦးသေဆုံးခဲ့ပြီး ၅၂ ဦး ဒဏ်ရာရရှိခဲ့ကာ ယခု ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၆ ရက်အထိ လူ ၆၂ ဦးသေဆုံးကာ ၂၆ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ မိုးကြိုးပစ်မှုဖြစ်စဉ်များကို ကြည့်ပါက မိုးထစ်ချုန်းရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်း ဖြစ်ပေါ်နေချိန်များတွင် လယ်ကွင်းထဲ၌ အလုပ်လုပ်နေစဉ်၊ အိမ်အပြင်ဘက်၌ လူများတစ်စုတစ်စည်းတည်းရှိနေစဉ်၊ လမ်းပေါ်စက်ဘီးတွန်းလာစဉ်၊ မြစ်ကမ်းဘေးတွင်လမ်းလျှောက်လာစဉ်၊ နေအိမ်ခြံဝင်းအတွင်း သစ်ပင်ဘေး၌ထိုင်နေစဉ်၊ ရေမြောင်းတူးနေစဉ်၊ နေအိမ်တံစက်မြိတ်၌ မိုးရေချိုးနေစဉ်၊ နေအိမ်ထဲ၌ရေဒီယိုနားထောင်နေစဉ်၊ အိမ်ထဲ၌ဖုန်းဖြင့်အင်တာနက်အသုံးပြုနေစဉ်၊ ဖုန်းပြောနေစဉ်၊ သစ်ပင်အောက်တွင်မိုးခိုနေစဉ်၊ တောင်ယာတဲအတွင်းရှိနေစဉ်၊ ချောင်းထဲတွင် ငါးဖမ်းနေစဉ်၊ အုန်းပင်အနီးရှိနေစဉ် စသည်ဖြင့် တွေ့ရှိရပါသည်။

သို့ဖြစ်ရာ မိုးကြိုးပစ်မှုများသည် အဆောက်အအုံများအပြင်ဘက်၊ လယ်ကွင်း၊ ကွင်းပြင်များ၌သာမက အိမ်အတွင်း၌ရှိနေစဉ်တွင်ပင် မိုးကြိုးစက်ကွင်းအန္တရာယ်ရှိနိုင်ပြီး သေဆုံးမှုများ၊ ဒဏ်ရာရမှုများ ဖြစ်ပွားတတ်ကြောင်း သတိပြုနိုင်ပါရန်နှင့် မိုးထစ်ချုန်းရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နေချိန်တွင် အောက်ပါအချက်များကို အထူးသတိပြု လိုက်နာနေထိုင်ကြပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်အပ်ပါသည်-

**(က) အိမ်အပြင်တွင်ရောက်ရှိနေပါက-**

(၁) အိမ်ထဲသို့ ချက်ချင်းပြေးဝင်ပါ။ သံ/သတ္တုပစ္စည်းများကို လက်တွင် ကိုင်မထားပါနှင့်၊ သံ/သတ္တု ပစ္စည်းများသည် လျှပ်စစ် အလွယ်တကူစီးနိုင်သောကြောင့် မိုးကြိုး အလွယ်တကူပစ်နိုင်ပါသည်။

(၂) သစ်ပင်၊ ဓာတ်တိုင်၊ သွပ်ဆူးကြိုးကာထားသည့် ခြံစည်းရိုးနှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊

(၃) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲမှချက်ချင်းတက်ပြီး လုံခြုံသည့်နေရာ အမိုးအကာရှာ၍နေပါ။

(၄) ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံး လူစုခွဲပါ။

(၅) ကွင်းပြင်တွင် ထီးထီးကြီးမနေပါနှင့်။ မလွှဲသာမရှောင်သာဘဲ ကွင်းပြင်နှင့် လွင်တီးခေါင်အလယ်တွင်ရောက်နေပါက လျှပ်စီးလက်၍ မိုးထစ်ချုန်းသံများ ကြားလျှင် ရပ်မနေဘဲ နီးစပ်ရာ နိမ့်သောနေရာများနှင့် ချိုင့်ဝှမ်းများအတွင်း၌ ဝပ်နေပါ။

(၆) စက်ဘီး၊ ဆိုင်ကယ်ပေါ်ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။

(၇) ဆံပင်များထောင်လာသည်ဟု ခံစားရပါက မိုးကြိုးပစ်တော့မည့် လက္ခဏာဖြစ်သည်။ ထိုသို့ဖြစ်ပွားပါက ဒူးထောက်ချလိုက်ပြီး လက်နှစ်ဖက်ကို ဒူးပေါ်သို့ ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွတ်ထားပါ၊ မြေပြင်ပေါ်တွင် ပြားပြားဝပ်မှောက်မနေပါနှင့်။ ထိုသို့မှောက်နေပါက သင့်ခန္ဓာကိုယ်သည် ပိုကြီးမားသော မိုးကြိုးပစ်မှတ် ဖြစ်သွားနိုင်ပါသည်။

(၈) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှ ကမ်းသို့ကပ်ပါ။

**( ခ ) အိမ်အတွင်းတွင်ရှိနေပါက-**

(၁) ဖြစ်နိုင်ပါက အဆောက်အဦ၏ အလယ်တွင်နေပါ။ ပြတင်းပေါက်များနှင့် ဝေးကွာသော နေရာတွင်နေပါ။

(၂) ရေဒီယိုနားထောင်ခြင်း၊ တီဗွီများကြည့်ခြင်းများ မပြုလုပ်သင့်ပါ။

(၃) ဖုန်းပြောခြင်း၊ ဖုန်းဖြင့် အင်တာနက်သုံးခြင်းများ မပြုလုပ်သင့်ပါ။

(၄) လျှပ်စစ်နှင့် ဆိုင်သောပစ္စည်းများကို ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(၅) လျှပ်စီးများလက်နေသည့်အခါ ရေသုံးစွဲခြင်း၊ ရေချိုးခြင်း မပြုလုပ်သင့်ပါ။ အိမ်အတွင်းရှိ သံ/သတ္တုနှင့်ဆက်စပ်သော ပစ္စည်းများတွင် လျှပ်စစ်စီးဝင်နိုင်သည်ကို သတိပြုပါ။ မည်သည့် သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။ လျှပ်စစ် စီးကူးလွယ်သည့် ပစ္စည်းများနှင့် ဝေးရာတွင် နေထိုင်သင့်ပါသည်။

(၆) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ပါ။

**( ဂ ) ကားမောင်းနေပါက-**

(၁) အရှိန်ကိုလျှော့ပါ။ လမ်းဘေးသို့ချရပ်ပါ။ ကားထဲတွင်သာ ဆက်နေပါ။

(၂) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကို ဖွင့်ထားပါ။

(၃) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့် ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ်ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့် ဒဏ်ကြောင့်သော်လည်းကောင်း လဲကျနိုင်၍ဖြစ်သည်။

(၄) ကားထဲတွင်မည်သည့်သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။

(၅) ရေလွှမ်းနေသော လမ်းပေါ်တွင် ကားမမောင်းပါနှင့်။

ပြည်သူလူထုအနေဖြင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများကို လေ့လာမှတ်သားထားကြပါရန်၊ ကိုယ်တိုင်လိုက်နာဆောင်ရွက်ခြင်း၊ မိမိပတ်ဝန်းကျင်တွင်လည်း အသိပညာမျှဝေခြင်းများဖြင့် မိုးကြိုးဘေးအန္တရာယ်ကင်းဝေးရေး ပါဝင်ဆောင်ရွက်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**




## မြို့နယ်ဖွံ့ဖြိုးမှု အထောက်အပံ့ရန်ပုံငွေ အစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်း ကန်ထရိုက်အတွက် တင်ဒါဖိတ်ခေါ်စာ

ရခိုင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UNDP ၏ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်အောက်မှ ရန်ပုံငွေများကို လက်ခံရရှိပြီး ထိုရန်ပုံငွေတစ်စိတ်တစ်ဒေသကို အောက်ဖော်ပြပါမြို့နယ်ရှိ အောက်ပါ စီမံကိန်းအတွက် ခွဲဝေချထားပေးပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် အောက်တွင်ဖော်ပြထားသည့်အချိန်နှင့် နေရာတွင် တင်ဒါစာရွက်စာတမ်းကို အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ပြီး တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူမည်ဆိုပါက အောက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းသူများအားလုံးသည် တင်ဒါစာရွက်စာတမ်းတွင် အသေးစိတ်ဖော်ပြပါရှိသည့် လိုအပ်သောအရည်အချင်းသတ်မှတ်ချက်များ မိမိတို့ပြည့်မီကိုက်ညီသည်ကို မှန်ကန်ကြောင်း အတည်ပြုရန်တာဝန်ရှိပါသည်။

| | |
|---|---|
| ဝယ်ယူသည့်ဌာန | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပုဏ္ဏားကျွန်းမြို့ |
| တာဝန်ခံအရာရှိ | ဦးမြတ်သူ၊ ဦးစီးအရာရှိ(မြို့ပြ) တာဝန်၊ ဖုန်း-၀၉-၄၄၂၇၈၉၆၃၃ |
| တည်ဆောက်မှုလုပ်ငန်းဖော်ပြချက် | ပဒေသာ-အထုတ်သည်-ကြိမ်ကျွန်း-မကျည်းချောင်းကျေးရွာချင်းဆက်လမ်း (၃၂၉၁ ဒသမ ၈၄ မီတာ X ၇ ဒသမ ၃၁ မီတာX ၀ ဒသမ ၆၁ မီတာ)နှင့် (၃၀၄ ဒသမ ၈ မီတာx ၇ ဒသမ ၃၁ မီတာx ၁ ဒသမ ၅၂ မီတာ)အား မြေသားလမ်းဖောက်လုပ်ခြင်း၊ (၅၉၇၄ ဒသမ ၀၈ မီတာ x ၄ ဒသမ ၈၈ မီတာ x ၀ ဒသမ ၁၅ မီတာ) အား ကျောက်ချောလမ်းခင်းခြင်း၊ ၃၀ ဒသမ ၄၈ မီတာ x ၄ ဒသမ ၂၇ မီတာ X ၁၇၅ မီလီမီတာ) လှေဆိပ်အတက်အဆင်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း |
| တည်ဆောက်မည့်နေရာ | ပဒေသာ- အထုတ်သည်-ကြိမ်ကျွန်း-မကျည်းချောင်းကျေးရွာများကြား |
| အရည်အသွေးစံချိန်စံညွှန်းများ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ |
| ဝယ်ယူမှုနည်းလမ်း | အကြီးစားလုပ်ငန်း |
| အရည်အချင်းသတ်မှတ်ချက်များ | * ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>* လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ် ရှိရမည်။<br>* အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများ ရှိရမည်။<br>* အလားတူ ကန်ထရိုက်အနည်းဆုံး (၃)ခုကို ဆောင်ရွက်ဖူးရမည်။<br>* ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>* ၂၀၁၉ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>* တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး ဝယ်ယူနိုင်မည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဏ္ဏားကျွန်းမြို့ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး ဝယ်ယူနိုင်မည့်အချိန် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဏ္ဏားကျွန်းမြို့ (၄-၈-၂၀၂၀)မှ ၃-၉-၂၀၂၀ ရက်ထိ ရုံးဖွင့်ရက် နံနက် ၉:၃၀ နာရီမှ ညနေ (၄:၃၀)နာရီထိ |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | ၁၀၀၀၀ိ/- |
| တင်ဒါတင်သွင်းရမည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဏ္ဏားကျွန်းမြို့ |
| တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသော နောက်ဆုံးအချိန် | ၄-၉-၂၀၂၀ ရက် နံနက် ၁၀:၀၀ နာရီ |

**ဦးမြတ်သူ**
**ဦးစီးအရာရှိ(မြို့ပြ)တာဝန်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ပုဏ္ဏားကျွန်းမြို့**




## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၁၆က/၄၊ ဦးပိုင်အမှတ် ၈၀-၃၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်အား မူလက ဒေါ်ခင်သန့်ဇင်အမည်ဖြင့် အမှုတွဲအမှတ် ၁၀၅/V (၂၀၁၆-၂၀၁၇)အရ (၁၅-၈-၂၀၄၆)ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၇-၁-၂၀၂၀ ရက်စွဲပါ မှတ်ပုံတင်အမှတ် (၃၀/၂၀၂၀) ဖြင့် ဒေါ်စိုးစိုးမိုး (ဒေါ်ခင်သန့်ဇင်၏ SP ရရှိသူ)မှ ဦးသက်ထွန်း (ဦးသက်မြင့်၏ GPရရှိသူ) ထံသို့ ရောင်းချခဲ့ပြီး ယခုအခါ ဦးသက်မြင့်မှ မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Myanmar V-Pile Co.,Ltd မှ ဆောင်ရွက်သော ဗိုလ်မှူးဗထူး တန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်)တွင် ၄ ခန်းတွဲ ၈ ထပ်တိုက် (၂၇)လုံး (၈၆၄ ခန်း) ဆောင်ရွက်လျက်ရှိရာ U-600 အဆောက်အဦ(၈)လုံးမှာ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ တိုက်ခန်းတန်ဖိုး အကျေပေးသွင်းပြီးသည့် အခန်းပိုင်ရှင်များအား ၉-၁-၂၀၂၀ ရက်မှစ၍ အခန်းသော့ စတင်ထုတ်ပေးပြီးဖြစ်ပါသည်။ U-900 အဆောက်အဦ(၁၉)လုံးအနက် BB1 to BB4 (၄)လုံးမှာ 5th Floor အထိ လည်းကောင်း၊ CC1 to CC8 (၈)လုံးမှာ 8th Floor ထိလည်းကောင်း DD1 to DD7 (၇)လုံးမှာ 6th Floor အထိ လည်းကောင်း အသီးသီးဆောင်ရွက်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ၂၉-၇-၂၀၂၀ ရက်ထိ U-600 အဆောက်အဦများနှင့် U-900 အဆောက်အဦများမှ တိုက်ခန်းဖိုး ပေးသွင်းရန် အောက်ပါအတိုင်း ကျန်ရှိပါသည်-

| | | | | | | |
|---|---|---|---|---|---|---|
| AA1 to AA8 | U-600 | ဒုတိယအရစ် | ၅ ခန်း၊ | U-600 | တတိယအရစ် | ၆ ခန်း |
| | U-600 | စတုတ္ထအရစ် | ၆ ခန်း၊ | U-600 | ပဉ္စမအရစ် | ၉ ခန်း |
| | U-600 | နောက်ဆုံးအရစ် | ၅၇ ခန်း | | | |
| BB 1 to BB4 | U-900 | ဒုတိယအရစ် | ၁၂ ခန်း၊ | U-900 | တတိယအရစ် | ၂၇ ခန်း |
| CC1 to CC8 | U-900 | ဒုတိယအရစ် | ၃၁ ခန်း၊ | U-900 | တတိယအရစ် | ၇၁ ခန်း |
| | U-900 | စတုတ္ထအရစ် | ၁၂၂ ခန်း၊ | U-900 | ပဉ္စမအရစ် | ၂၅၁ ခန်း |
| DD1 to DD7 | U-900 | ဒုတိယအရစ် | ၄၀ ခန်း၊ | U-900 | တတိယအရစ် | ၇၇ ခန်း |
| | U-900 | စတုတ္ထအရစ် | ၂၁၅ ခန်း | | | |

၃။ သို့ဖြစ်ပါ၍ အပိုဒ် (၂)ပါ တိုက်ခန်းဖိုးပေးသွင်းရန် ကျန်ရှိသူများမှ တိုက်ခန်းဖိုးကျသင့်ငွေများ အမြန်လာရောက်ပေးသွင်းပါရန် ထပ်မံနှိုးဆော်အကြောင်းကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/5010 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/3707 MAZDA BONGO SKE P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးဇင်လွင်မင်းသိုက်အေး ၉/မခန(နိုင်)၂၃၁၂၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘူတာစု၊ မော်ဟန်တွင် ဦးရဲနိုင်ဝေသည် ရွှေမော်ဟန်အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါအမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမည်တင်သွင်းသွားမည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများ သတင်းစာပါရက်စွဲမှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဆက်သွယ်ရန်-**
**ဦးရဲနိုင်ဝေ ၁/ပမန(နိုင်)၁၅၃၅၅၉**
**ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘူတာစု၊ မော်ဟန်၊ ဖုန်း-၀၉-၄၀၀၀၈၁၀၀၄**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၁၆က/၄၊ ဦးပိုင်အမှတ် ၈၀-ဃ၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်အား မူလက ဒေါ်ခင်သန့်ဇင်အမည်ဖြင့် အမှုတွဲအမှတ် ၂၁၅/V(၂၀၁၆-၂၀၁၇)အရ (၁၅-၈-၂၀၄၆)ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၇-၁-၂၀၂၀ ရက်စွဲပါ မှတ်ပုံတင်အမှတ် (၂၉/၂၀၂၀) ဖြင့် ဒေါ်စိုးစိုးမိုး (ဒေါ်ခင်သန့်ဇင်၏ SP ရရှိသူ)မှ ဦးသက်ထွန်း (ဦးသက်မြင့်၏ GPရရှိသူ) ထံသို့ ရောင်းချခဲ့ပြီး ယခုအခါ ဦးသက်မြင့်မှ မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားသည့်အပေါ် ထုတ်ဆင့်သည့်ကြော်ငြာစာ

**မန္တလေးခရိုင်တရားရုံး**

**၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၆၂**

မြန်မာရွှေစိမ်းကုမ္ပဏီလီမိတက်
(Myanmar Green Gold Company Limited)
(ကုမ္ပဏီကိုယ်စားဒါရိုက်တာ ဦးဟန်တင်) **လျှောက်ထားသူ**

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ပြင်ဦးလွင်လမ်း၊ ကြူဝင်းကျေးရွာတွင် ဖွင့်လှစ်ထားသည့် မြန်မာရွှေစိမ်းကုမ္ပဏီလီမိတက်၊ (Myanmar Green Gold Company Limited) (ကုမ္ပဏီကိုယ်စား ဒါရိုက်တာဦးဟန်တင်)မှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ Myanmar Companies Online (Myco) စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ရမည့်ကာလမှာ သဘောရိုးဖြင့် ကျော်လွန်သွားသည့်အတွက် ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၁ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်) နံနက် ၁၀ နာရီတွင် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျလွှဲအပ်ထားသည့် အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အဆိုပါကင်းလွတ်ခွင့်လျှောက်ထားချက်အား ရသင့်/မသင့်ကို ကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့်/မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူမည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော မြန်မာရွှေစိမ်းကုမ္ပဏီလီမိတက် (Myanmar Green Gold Company Limited) ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာစာထုတ်ဆင့်လိုက်သည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အုန်းချောကျေးရွာ၊ ရပ်ကွက်(၁၅)၊ ပြင်ဦးလွင်-မန္တလေး ကားလမ်းမကြီးဘေးတွင် ဦးကျော်မိုးခိုင်သည် SEVEN POINT အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါအမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမည်တင်သွင်းသွားမည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများ သတင်းစာပါရက်စွဲမှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဆက်သွယ်ရန်-**
**ဦးကျော်မိုးခိုင် ၉/ပဆက(နိုင်)၀၆၆၄၀၄**
**မန္တလေးတိုင်းဒေသကြီး၊ အုန်းချောကျေးရွာ၊ ဖုန်း-၀၉-၇၈၃၅၃၁၀၂၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၆၊ မြေကွက်အမှတ် ၈အီး/၁ဘီ၊ ဧရိယာ ဝ ဒသမ ၂၄၅ ဧကရှိ မြေပိုင်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် ၆/ဘီဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်နု WKA-၀၁၇၆၆၄၊ ၁၂/ဒဂန(နိုင်)၀၀၇၇၃၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးလိမ္မော် (LL.B) | ဦးဝေယံဦး (LL.B) | ဦးမျိုးသူရအောင်(LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၃၁၄) | (စဉ်-၁၄၁၃၆) | (စဉ်-၄၂၂၁၀) |

အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ရဲနိုင်၊ ဒေါ်ခင်မျိုးချစ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၂)လမ်းအထက်၊ အိမ်အမှတ်(၄၅၁)၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ မြေကွက်အမှတ်(၄၅၁)၊ လူနေရပ်ကွက် အမှတ်(၈)၊ အကျယ်ပေ(၄၀ x ၆၀)ရှိသည့်အနက်မှ ခြေရင်းဘက်ခြမ်းမြေ၏ ပေ(၁၀ x ၆၀)ရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်သူ ဒေါ်သီတာမော် ၁၂/သကတ(နိုင်)၁၂၉၃၉၉ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဝယ်ယူသူများထံသို့ဖြစ်စေ ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ရဲနိုင်နှင့် ဒေါ်ခင်မျိုးချစ် တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မေသဉ္ဇာသိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၉၈)

| ဒေါ်ဟန်နီအောင်မျိုး(LL.B) | ဒေါ်နှင်းဝတ်ရည်ထွန်း(LL.B) |
|---|---|
| အထက်တန်းရှေ့နေ(စဉ်-၄၂၄၉၃) | အထက်တန်းရှေ့နေ(စဉ်-၅၁၀၉၇) |

အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/7481 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ပျောက်ဆုံးကြောင်း

ဦးသိန်းစိုး အမည်ဖြင့် သွင်းကုန်လိုင်စင်မူရင်း ISP IDVY8 15-16 6214 30/915 နှင့် သွင်းကုန်ကြေညာလွှာမူရင်း 755414 13/10/15, S.C ကားခုတ်ပုံစာရွက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း- ၀၉-၇၉၉၉၉၁၅၂၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 60W/31452 Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးအေးကျော် ၉/သစန(နိုင်)၁၂၅၅၇၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ (ဆရာစံမြောက်/အနောက်) ရပ်ကွက်၊ အနောက်ဈေးဟောင်းလမ်း၊ တိုက်အမှတ်(၅၀/၅၂)၊ (၂)ခန်းတွဲ(၇)ထပ် တိုက်၏အမှတ် (၅၀) ဘက်ခြမ်းရှိ ဒုတိယထပ်(၃-လွှာ) (ခေါင်းရင်းခန်း)၊ အလျား(၄၀)ပေ x အနံ (၂၀)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်းတွင် တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် ၎င်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြူကြူအောင် ၁၂/ဗဟန(နိုင်)၀၁၈၂၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အထက်ပါ တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ရီရီသန့်[ "အလင်္ကာ" Law Firm]
LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ ၄ လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉- ၇၉၆၆၀၀၂၁၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/1249 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/3470 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖခင်အမည်မှန်

မင်းဘူး(စကု) မြို့နယ်၊ မဲချောင်ကျေးရွာ အထက နဝမတန်းမှ မောင်ထက်လင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးကျော်သူ ၈/မဘန(နိုင်)၀၉၅၀၃၈ ဖြစ်ပါကြောင်း။

**ဦးမျိုးကျော်သူ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ တိုက်အမှတ် (၅၂/B2)၊ အခန်းအမှတ်(၅၀)နှင့် လှိုင်မြို့နယ်၊ တိုက်(၃၁)၊ အခန်းအမှတ်(၂၂)၊ သုနန္ဒာလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာရှိ အခန်းအား ကျွန်တော်၏ဇနီး ဒေါ်လှမေ ၁၂/လမန(နိုင်)၀၈၆၁၅၃ အမည်ဖြင့် ဝယ်ယူခဲ့ပါသည်။ (၁၇-၈-၂၀၁၉)ရက်တွင် ဒေါ်လှမေ ကွယ်လွန်သွားပါ၍ ၎င်းပိုင်ဆိုင်သော အခန်း(၂)ခန်းအား ကျွန်တော် ဦးမြလှိုင်(ကွယ်လွန်သူ၏ ခင်ပွန်း)မှ ရောင်းချနိုင်ရန် စီစဉ်လျက်ရှိပါသည်။

ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော မူရင်းစာရွက်စာတမ်းနှင့်တကွ ကျွန် တော့်ထံသို့ ကန့်ကွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**ဦးမြလှိုင် ၁၂/လမန(နိုင်) ၀၈၆၁၅၂**
**တိုက်(၂၅)၊ အခန်း(၄)၊ သုဇာတာလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်**

## အမည်မှန်

ဦးအားချီ၏သမီး၊ ကျိုင်းတုံမြို့၊ အထက (ယန်းလူး) Grade- 10 မှ မရီတန်၏ အမည်မှန်မှာ မရီထန် ၁၃/ကတန(နိုင်) ၂၀၇၄၈၈ ဖြစ်ပါကြောင်း။

**မရီထန်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၅၆လမ်း(လမ်းတို)၊ အမှတ်(၈၅)၊ အကျယ်အဝန်း ပေ(၃၀ x ၆၀)ရှိ ပထမထပ်တိုက်ခန်းကို ဒေါ်ကေစရိုဂျီနီ ၁၂/ ပဇတ(နိုင်)၀၀၆၂၄၇ နှင့် ဒေါ်ဂျာရာလက်ချမီး ၁၂/သဃက(နိုင်) ၁၃၆၅၆၃ တို့က တရားဝင်ပိုင်ရှင်များအဖြစ် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၃)**
**တိုက်အမှတ်(၉/၁၁၊ ၃/ခ၊ မြေညီ)၊ ၃၆-လမ်းတို(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၁၇၁၈၂၂၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၄၀၆၈၀, Kenbo 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းမင်း ၁၄/ပသန(နိုင်)၀၀၀၀၀၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၈၂)နေ R.OASIS LTD. အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးမြင့် ၁၂/မဂတ(နိုင်)၀၄၅၅၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။




ထိုင်းနိုင်ငံ Fancy World Co.,Ltd မှ ထုတ်လုပ်သော Royal-D အမှတ်တံဆိပ်ပါ သီးစုံဓာတ်ဆားကို (၁၉၉၇)ခုနှစ်မှစ၍ မြန်မာပြည်အတွင်း R.OASIS LTDက တစ်ဦးတည်းဖြန့်ဖြူးရေးကိုယ်စားလှယ်ရရှိ၍ Royal-D အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၂၉၇၅/၁၉၉၇)ဖြင့် မှတ်ပုံတင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ စစ်ဆေးထောက်ခံ ခွင့်ပြုချက်အရ R.OASIS LTD မြန်မာပြည်တစ်ဝန်းလုံးသို့ ၁၉၉၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဖြန့်ဖြူးရောင်းချလျက်ရှိသည်မှာ ၂၃နှစ်ကျော်ကြာခဲ့ပြီဖြစ်ပါသည်။

Royal-D အထုပ်သေးနှင့် (၅၀)ပါ အထုပ်ကြီးတို့တွင် Sole Distributor. R.OASIS LTD. Yangon, Myanmar ဟု ဖော်ပြထားပါသည်။ အထုပ်သေးတွင် ရွိုင်ရယ်ဒီ ဟူသော မြန်မာစကားရပ် ပါရှိပါသည်။

အတုပြုလုပ်ထားသော Royal-D အထုပ်ကြီးနှင့် အထုပ်သေး နှစ်မျိုးလုံးသည် မူရင်း Royal-D အစစ်များနှင့် အရောင်ကွဲပြားခြင်း၊ ထိုင်းဘာသာစာလုံးများဖြင့် ရေးသားခြင်း၊ Sole Distributor: R.OASIS LTD. Yangon, Myanmar ဟူသော စာလုံးများ မပါရှိခြင်းတို့အပြင် အတုပြုလုပ်ထားသော အထုပ်သေးတွင် ရွိုင်ရယ်ဒီ ဟူသော မြန်မာစကားရပ် မပါရှိခြင်းတို့ကြောင့် အတုဖြစ်ကြောင်း မြင်သာထင်ရှားပါသည်။

ယခုအချိန်တွင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားမြို့နယ်များရှိ အရောင်းဆိုင်များတွင် Royal-D အထုပ်ကြီး၊ အထုပ်ငယ်များကို အတုပြုလုပ်၍ လက်ဝယ်ထားရှိ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ကုန်ရောင်းပြေစာသက်သေခံ အထောက်အထား အခိုင်အမာ ရယူထားပြီးဖြစ်ပါသည်။

R.OASIS LTD ၏ တစ်ဦးတည်းမူပိုင် Royal-D အမှတ်တံဆိပ်ပါ သီးစုံဓာတ်ဆားမှုန့်များကို တံဆိပ်အတုများဖြင့် ဖြန့်ဖြူးရောင်းချသည့်အတွက် R.OASIS LTD. ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေ၍ မည်သူမျှ တံဆိပ်တုပစ္စည်းများကို လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ လိုက်နာခြင်းမပြုဘဲ ဆက်လက်ကျူးလွန်ပါက အတုအပပစ္စည်းများအား သိမ်းယူပြီး အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဦးအေးမြင့် | ဦးလှကို စဉ်-၂၃၁၃ | ဦးသန်းဌေးကို စဉ်-၁၄၅၂၄ |
| ၁၂/မဂတ(နိုင်)၀၄၅၅၀၀ | B.A., R.L.Dip in Business Law | LL.B., DBL |
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

MANDALAY LAW FIRM
အမှတ်(၂၈)၊ ၂၉ လမ်း၊ ၇၁x၇၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၉၇၁၇၂၉၅၅၁၊ ၀၉-၉၅၃၃၀၆၀၈၀

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/7940 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/6982 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/7772 Hilife HM/DC ယာဉ်လက်ဝယ်ရှိသူ ဦးမောင်သောင်း ၉/မထလ(နိုင်)၁၀၆၄၈၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7230 Daihatsu Hijet, Plu (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ဇော်ဦး ၁၃/လရန(နိုင်)၁၃၆၆၂၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုးမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် HSE-476 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/9901 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/ 7525 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာ ၁၂/မရက(နိုင်)၁၂၀၃၅၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4W/57797 Xin Ambo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပေါက်စ ၁၃/မရတ(နိုင်)၀၁၈၈၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုးမြို့)**

## ကိုရန်နိုင်စိုး ၉/မထလ(နိုင်)၂၀၁၈၄၈ နှင့် အများသိစေရန်

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ပြည်ခိုင်ဖြိုးလမ်း၊ အိမ်အမှတ်(က/၆၇/၁)နေ ဦးမြင့်စိုး(ဘ) ဦးဟာရှင် ၉/မထလ(နိုင်) ၀၅၄၇၇၃ နှင့် ဒေါ်ခင်မျိုးလှိုင် (ဘ) ဦးလှမြင့် ၉/မထလ(နိုင်) ၀၅၄၇၉၃ ဇနီးမောင်နှံတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကိုရန်နိုင်စိုး ၉/မထလ(နိုင်)၂၀၁၈၄၈ နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်။

၁။ ဦးမြင့်စိုးနှင့် ဒေါ်ခင်မျိုးလှိုင် တို့၏သားကြီးဖြစ်သော ကိုရန်နိုင်စိုး၉/မထလ(နိုင်)၂၀၁၈၄၈၊ အသက်(၄၀)သည် မိဘများနှင့် မိသားစုနှင့်အတူ နေထိုင်လျက်ရှိရင်းဖြင့် လွန်ခဲ့သော (၁၆-၆-၂၀၁၈)ရက်က မိသားစုပိုင်စီးပွားရေးလုပ်ငန်းသုံးပစ္စည်းများအား ယူဆောင်သွားပြီးနောက် မိဘများနှင့် မိသားစုအား စွန့်ပစ်ထားကာ ယနေ့အထိအဆက်အသွယ်ပြုလုပ်ခြင်းလည်း မရှိတော့ပါ။

၂။ ထိုသို့ ကိုရန်နိုင်စိုး၏ အပြုအမူ၊ လုပ်ရပ်နှင့် မိဘ၊ မိသားစုတို့အား စွန့်ပစ်ထားမှုကြောင့် မိဘများမှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခဲ့ကြရသည့်အပြင် ၎င်းနှင့် ဆက်နွှယ်ပတ်သက်၍လည်း မိဘများနှင့် မိသားစုတို့မှာ ဂုဏ်သိက္ခာထိခိုက်ကြရပါသဖြင့် ကိုရန်နိုင်စိုးအပေါ် ၎င်း၏မိဘနှစ်ပါးတို့မှ ၎င်းတို့၏ အမွေစားအမွေခံသားတစ်ဦးအဖြစ် ဆက်လက်တည်မြဲတည်ရှိလိုသော ဆန္ဒမရှိကြတော့ပါ။

၃။ သို့ဖြစ်၍ ကိုရန်နိုင်စိုး၏ မိဘများဖြစ်သော ဦးမြင့်စိုး နှင့် ဒေါ်ခင်မျိုးလှိုင်တို့က မိမိတို့၏သားကြီးဖြစ်သူ ကိုရန်နိုင်စိုး(ဘ)ဦးမြင့်စိုး ၉/မထလ(နိုင်) ၂၀၁၈၄၈အား ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့သည်လည်း မိဘများဖြစ်သည့် ဦးမြင့်စိုး-ဒေါ်ခင်မျိုးလှိုင်တို့နှင့် သက်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး မိဘများအား စုံစမ်းမေးမြန်းခြင်း၊ ပြောဆိုခြင်းများလည်း လုံးဝ(လုံးဝ)မပြုလုပ်ကြစေရန်အတွက် ကိုရန်နိုင်စိုးနှင့်အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမိုးဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၈၁/၂၀၁၅)**
**မြဝတီမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/26222 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ Ever ok Co.,Ltdက(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ အောင်ဇေယျရပ်နေ ကျွန်မ ဒေါ်ကြည်ဝင်း ၅/မမတ(နိုင်)၀၇၀၁၄၈ ၏သား မောင်သန်းနိုင်ဦး ၅/မမတ(နိုင်)၀၅၇၂၀၂ သည် မိဘနှင့် မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ဝင်း**

# ဩစတြေးလျနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသဘော်သားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့




နေပြည်တော် ဩဂုတ် ၃

ဩစတြေးလျနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသဘော်သားများ စုစုပေါင်း ၁၄၁ ဦးအား မြန်မာသံရုံး၊ ကင်ဘာရာမြို့နှင့် ပူးပေါင်းညှိနှိုင်းလျက် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ဓာတ်ပုံ)

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် *စာမျက်နှာ ၇ ကော်လံ ၅* ❖

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မင်းတပ်မြို့နယ်တွင် မဲစာရင်းလာရောက်ကြည့်ရှုသူ ၁၅၀၀၀ ကျော်ရှိပြီး ပုံစံ(၃)ဖြင့် အမည်စာရင်းလျှောက်ထားသူ ၂၀၀ ကျော်ရှိ

မင်းတပ် ဩဂုတ် ၃

မင်းတပ်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဇူလိုင် ၂၅ ရက်မှစ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ သုံးသောင်းကျော်၏ အမည်စာရင်းများ ကပ်ထားကြေညာလျက်ရှိရာ ယနေ့အထိ လာရောက်ကြည့်ရှုသူပေါင်း ၁၅၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း မင်းတပ်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးမျိုးမြင့်အောင်ထံက သိရသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးမြင့်အောင်က "မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာတဲ့ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးကို *စာမျက်နှာ ၁၅ ကော်လံ ၁* ■



အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်ရေးအတွက် မဲစာရင်းလာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။

## ရောဝတီနှင့် ငဝန် မြစ်ရေကြီးမှုအခြေအနေ

### ဆိပ်သာ၊ ဟင်္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန် အသိပေး

နေပြည်တော် ဩဂုတ် ၃

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် နှစ်လက်မခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ *စာမျက်နှာ ၇ ကော်လံ ၅* ✪

## ၂၀၂၁ ခုနှစ်တွင် ကိုဗစ် - ၁၉ ကာကွယ်ဆေး သန်းနှင့်ချီ၍ ထုတ်လုပ်နိုင်ရေး ရှုရှားရည်ရွယ်ထား

စာ ➤ ၁၂

## တရုတ်နိုင်ငံက ဟာဂူပစ်မုန်တိုင်း အန္တရာယ် သတိပေးချက်ကို အဝါရောင်အဆင့် သတ်မှတ်

စာ ➤ ၁၃

## ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရမည့်အသင်းက ဘရန့်ဖို့ဒ်လား၊ ဖူလ်ဟမ်လား




ချန်ပီယံရှစ်မှ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်အတွက် Play-off ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ဘရန့်ဖို့ဒ်နှင့် ဖူလ်ဟမ်အသင်းတို့ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြသည်။ ဘရန့်ဖို့ဒ်နှင့် ဖူလ်ဟမ်အသင်းတို့ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၅ ရက် (မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်)တွင် လန်ဒန်ရှိ ဝင်ဘလေ အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် အနိုင်ရရှိသည့်အသင်းသည် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိမည်ဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းသည် Play-off ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ဆွမ်ဆီးအသင်းနှင့် ဇူလိုင် ၂၇ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ သို့သော်လည်း ဇူလိုင် ၃၀ ရက်တွင် ယှဉ်ပြိုင်ကစားသည့် ဒုတိယအကျော့တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

၎င်း၏ ပြိုင်ဘက် ဖူလ်ဟမ်အသင်းကလည်း Play-off ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ဇူလိုင် ၂၈ ရက်က ကာဒစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။အဆိုပါ ပွဲစဉ်၏ ဒုတိယအကျော့ပွဲစဉ်ကို ဇူလိုင် ၃၁ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဖူလ်ဟမ်အသင်းအနေဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိဘရန့်ဖို့ဒ်အသင်းကို တာဝန်ယူကိုင်တွယ်နေသည့် နည်းပြမှာ အသက် ၄၆ နှစ်အရွယ်ရှိ ဒိန်းမတ်လူမျိုး သောမတ်စ် ဖရန့်ခ်ဖြစ်သည်။ ၎င်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ဘရန့်ဖို့ဒ်အသင်း၏ နည်းပြဖြစ်လာခဲ့ပြီး ယခုနှစ်ရာသီတွင် ဘရန့်ဖို့ဒ်အသင်းကို ချန်ပီယံရှစ်ရာသီပိတ်သိမ်းချိန်တွင် ရမှတ် ၈၁ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၃) နေရာတွင် *စာမျက်နှာ ၁၁ ကော်လံ ၅* ❍